
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ဝင်း (မြ-၀၃၅၀) (ရှုမဝစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၅၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

ရှင်မြတ်နိုး

ရင်ထဲကမေ/ရှင်မြတ်နိုး။ ရန်ကုန်။

ရှုမဝစာပေ၊ ၂၀၁၄။

(၂၇၂)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ရင်ထဲကမေ


# ရင်ထဲကမေ

## ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

မေချစ်သူရဲ့ ခြေလှမ်းတွေက ... သွက်သွက်လေးနှင့် ပတ်ဝန်းကျင်ကိုပင် လုံးဝဂရုမစိုက်နိုင်ဘဲ ဒီနေ့ အလုပ်ဝင်ရမည့်နေ့လည်း ဖြစ်၍ ... နောက်မကျစေရန် လှမ်းသွားရသည်။ ချစ်ရဲ့ အကျင့်က အိပ်ရာထနောက်ကျခြင်းပင် ... အလုပ်ကို လက်ကျောတင်းအောင် မလုပ်ချင်။ သူမ အလုပ်ရတာတောင် ကံကောင်းပဲ။

"ချစ်ရယ် ... ညီမလေးအတွက် မမ စိတ်ပူတယ်၊ တကယ်ပါပဲ ... ညည်းလေး ယောကျ်ားရရင်တော့ ခက်မယ်"

"အမယ်လေး ... မမ ဘာမှမပူနဲ့ ... ချစ်က ဘယ်တော့မှ ယောကျ်ားမယူဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ အစေအပါး ကျေးကျွန် မလုပ်ဘူး"

စကားကလည်း ကြီးကြီးကျယ်ကျယ် ပြောသေးတယ်။ ချစ်က အိပ်မယ်။ စားမယ်။ အပျင်းကြီးမယ်။ ပေါ့ပျက်ပျက် နေတတ်တဲ့ အကျင့်က မကောင်းတာ ... ကိုယ့်ကိုယ်လည်း သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြီး မေနန္ဒက မိဘမဲ့လေးဆိုပြီး အလိုလိုက်ထားတာကိုး ... မိဘအမွေအနှစ် နည်းနည်းကျန်ရစ်ခဲ့တော့ ... မမကြီးနန္ဒကပဲ ထိန်းသိမ်းစောင့်ရှောက်ရင်း အေးဆေးတော့နေနိုင်သည်။ အိမ်မှုကိစ္စတွေလည်း မမကြီးပဲ ဒိုင်ခံလုပ်၏။ ဒါတောင် ချစ်က ဉာဏ်မကောင်းဘူး။ တက္ကသိုလ်ဝင်တန်းအောင်တာတောင် အမှတ်က အောင်မှတ်တွေကပ်လျက် ...

"မမကြီးရဲ့ အရောင်းအဝယ်လုပ်ငန်းမှာ ဝင်ပါပါလား ချစ်လေးရယ်"

"မလုပ်ချင်ပါဘူး၊ ပျင်းပါတယ်ဆိုမှ ... ကုမ္ပဏီမှာပဲ လုပ်မယ်၊ ချစ်က အဝတ်အစားလှလှပပဝတ်ပြီး သွားချင်တာ"

"ချစ်လေးရယ်"

မမကြီး မနိုင်ဘူး။ နေလရောင်ကုမ္ပဏီရဲ့ ယူနီဖောင်းကို ကြိုက်သည်။ စကာဒ်တိုတို နောက်ကွဲလေး ... အင်္ကျီပုံစံကလည်း စမတ်ကျနေ၏။ ဝင်းဝင်းလေးနှင့် လိုက်ဖက်လွန်းနေသည်။

"ချစ်လေးကြောင့် ခက်တယ်၊ အနာဂတ်မရှိ ရည်မှန်းချက်တွေလည်း မရှိနဲ့"

"အနာဂတ်ရှိပါတယ်"

"ဘာလဲ ... "

"ဖရောင်းချက်"

"ချစ်လေးနော်"

သူမ ထွက်လာခဲ့သည်။ မမကြီးက တပျစ်တောက်တောက်





ချစ် နောက်ပြောင်ပြောဆိုပြီး ထွက်လာတာပါ။ မမကြီးက အလုပ်ဝင်မယ့်ချစ်ကို ဆုံးမလို့ မဆုံးတော့ ... ဟိုလိုနေ ဒီလိုနေနှင့် စကားတွေက မဆုံးပေ ... ချစ်က နေလရောင်ကုမ္ပဏီမှာ အလုပ်လုပ်ရတာ သက်သာတယ်။ မပင်ပန်းဘူးဆိုလို့ပါ။

"ညည်းလေးကို ဘယ်သူကများ အလုပ်ခန့်လိုက်တာလဲဟယ် ... မမကြီး စိတ်ပူတယ်"

"မန်နေဂျာမမကလေ"

"ဟုတ်လား"

"မမကြီး စိတ်မပူစမ်းပါနဲ့ ... နေလရောင်ကုမ္ပဏီက ကြော်ငြာကုမ္ပဏီလေ ... ချစ်နဲ့လိုက်တယ်"

"အမယ်လေး ... ရည်ရွယ်ချက်ကလည်းကြီးပါ့ အလုပ်သက်သာလို့တဲ့ ... ညည်းလေးကို ခန့်လို့ကတော့ ဖွတ်ဖွတ်တက်ပဲ"

"မမကြီးကလည်း ချစ်က ချောတယ်လေ ... ဥမ္မာဒန္တီတို့ ပပဝတီတို့ ထိုင်ငိုသွားမယ်"

"သေစမ်း"

"ကြော်ငြာကုမ္ပဏီဆိုတာ အလှအပလိုအပ်တယ်၊ အရည်အချင်း မလိုဘူး"

မမကြီး ... ခေါင်းတရမ်းရမ်းနှင့် ကျန်ရစ်ခဲ့သည်။ မမကြီးရဲ့ သွန်သင်ဆုံးမစကားတွေ နားထောင်နေရတာနှင့် ချစ် ရုံးတော့င် နောက်ကျတော့မယ်။ ညကလည်း ဗီဒီယိုကြည့်နေ၍ အိပ်ရေးကဝ ... မမကြီး အတင်းအိပ်ခိုင်းလို့သာ ...

www.burmeseclassic.com

www.burmeseclassic.com



"စတက်တဲ့နေ့မှာ အလုပ်နောက်ကျလို့ မဖြစ်ဘူး၊ အိပ်ပုတ်ကြီးတဲ့အကျင့်နဲ့ နောက်ကျမှ အိပ်တတ်တဲ့အကျင့်ဆိုးတွေကို ပြင်ရမယ်"

ချစ်ကိုယ်ချစ်လည်း သိသည်။ အကျင့်ဆိုးတွေက အများကြီးပဲ ... အလုပ်စလျှောက်တာတောင် မန်နေဂျာမမ မေးတာတွေ အလွဲလွဲအမှားမှား ဖြေနေတာကို အလုပ်ခန့်သည်။

"မမကြီးကြောင့် ... ဆုံးမစကားတွေ နားထောင်ရတာ ခေါင်းကိုမူးတယ်"

အပြေးအလွှားသွားနေရင်း စိတ်တွေလည်းပူပြီး နာရီက ကုမ္ပဏီအလုပ်ဝင်ချိန် ကပ်လာနေသည်။

"အွန့်"

"ဟင်"

"အမေ့"

"ဂျလွမ်း ... လွမ်း"

တစ်ယောက်ယောက်နှင့် ဝင်တိုက်မိပြီး ... ချစ်လက်ထဲမှာ ကိုင်ထားတဲ့ ထမင်းချိုင့်လေး ပြုတ်ကျသွားကာ ... တစ်စစီဖြစ်သွားသည်။ ပတ်ဝန်းကျင်မှာလည်း ဆူညံပွက်လောရိုက်သွားပြီး ချစ်တစ်စစီလိမ့်သွားတဲ့ ချိုင့်တွေကိုလိုက်ကောက်ရင်း သူမ ဝင်တိုက်မိတဲ့သူကို မကြည့်မိ ... မိန်းကလေးတစ်ယောက်က ကူညီ၍ လိုက်ကောက်ပေးနေသည်။

"ကျွန်မ ကောက်ပေးမယ်နော်"





"ဟုတ်"

သူမ ဝင်တိုက်မိတဲ့လူက လှည့်ထွက်သွားသည်။ သူမ တောင်းပန်ဖို့လည်း မေ့သွားတယ်။ မျက်လုံးတွေပြာသွားပြီး ရှက်လည်းရှက်၍ မကြည့်ရဲ ...

"ကလေးမတို့ သွားကြပါ၊ ဦးလေးတို့ သန့်ရှင်းရေးလုပ်ပေးပါ့မယ်"

"ဟုတ် ... ကျေးဇူးပါပဲ"

သန့်ရှင်းရေးသမားကြီးက ဝင်ကူ၍ ချစ်တို့ ထွက်လာကြသည်။

"ရှင်က လူသစ်လား"

"အင်း"

"ကျွန်မက တစ်ပတ်ရှိနေပြီ၊ ကျွန်မနာမည် ခင်ပါ"

"ကျွန်မနာမည်က မေချစ်သူပါ၊ ချစ်လို့ခေါ်တယ်၊ ကျေးဇူးပဲနော် ခင် ... ဒီနေ့ပဲ အလုပ်စဝင်တယ်၊ ပြဿနာကစပြီ၊ ကုမ္ပဏီမှာ ဟိုးလေးတစ်ကျော်ကျော် ဖြစ်တော့မှာပဲ ... ရှက်လိုက်တာ"

"ရှင် ဝင်တိုက်လိုက်တဲ့သူက ဘယ်သူလဲသိလား"

"ဘယ်သူလဲဟင်"

"နေလရောင်ကုမ္ပဏီရဲ့ MD ဦးလမင်းထိန်လေ"

"ဟင် ... ဘာ"

ဘုရားရေ ...

ကုမ္ပဏီပိုင်ရှင်တဲ့ ... သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သေလိုက်တော့ ...

သားသားနားနားနှင့် သေသေသပ်သပ် ဝတ်ထားတဲ့လူ။

ချစ် ပြာပြာလုပ်နေတာ ... MD က တွေ့သွားပြီထင်တယ်။

"ချစ်က အလုပ်နောက်ကျပြီထင်ပြီး အပြေးအလွှားသွားနေမိတာပါ"

"ရုံးတက်ရမယ့်အချိန်က နာရီဝက်တောင် လိုပါသေးတယ် ချစ်ရယ် ... နာရီကြည့်ပါဦး"

"ဟယ် ဟုတ်သားပဲ ... ချစ် နာရီအကြည့်မှားတာပဲ ... သေချင်လိုက်တာနော်"

"ကျွန်မ နောက်ကျပြီထင်လို့ သုတ်သုတ်လျှောက်လာတာလေ၊ သူက ရှေ့ကသွားနေတာပါ။ ချစ်က ဝင်တိုက်တာ ... သေချင်တယ်၊ သေချင်တယ်၊ ကံဆိုးလိုက်တာ"

ချစ် အားနာလိုက်တာ ... MD က ချစ်ကို အထင်သေးသွားပြီ။ မန်နေဂျာမမက ချစ်ကို ဘာကိုသဘောကျလို့ အလုပ်ခန့်လိုက်သည် မသိဘူး။ နာမည်တော့ ပျက်ပါပြီ။

"ကျွန်မကိုအလုပ်ခန့်တဲ့ မန်နေဂျာမမတော့ မျက်နှာပျက်ရတော့မယ်ထင်တယ်"

"ဦးလမင်းထိန်ရဲ့ လက်ထောက်လေ ... ရှယ်ယာဝင်တွေထင်တယ်"

ချစ် ဘယ်လောက် ရှုပ်ပလာလုပ်လဲ။ MD ကိုမှ ဝင်တိုက်မိတယ်လို့ မျက်နှာပူလိုက်တာ ...





"ကဲပါ ချစ်ရယ် ... ဖြစ်ပြီးပြီပဲ ... မန်နေဂျာမမနာမည်က ခင်သော်ကတဲ့"

"မမကို အားနာတယ်၊ မမက ချစ်ကို အလုပ်ခန့်ပေးတာလေ"

"ထားလိုက်ပါတော့ အလုပ်မှာတော့ မမှားယွင်းစေနဲ့ပေါ့ ချစ် ... အားမငယ်ပါနဲ့ ... ခင်ရှိပါတယ်"

"ကျေးဇူးပါနော် ခင်"

"အင်း ... "

"ကျေးဇူးပဲ"

"မင်း မန်နေဂျာသော်ကကို သွားတွေ့လေ"

"ဟုတ်သားပဲ"

မမသော်ကကိုသွားတွေ့ပေမယ့် ... ချစ်သွားတော့ အပြင်ထွက်နေသည်တဲ့ ...

"မရှိဘူး၊ မန်နေဂျာမမက လိုအပ်ရင်ခေါ်မယ်တဲ့ ... အခု အပြင်သွားနေတာတဲ့ ... တော်ပါသေးတယ် ခင်ရယ် ... ချစ် တွေ့ရမှာ ကြောက်နေတာလေ"

"ချစ် ... "

"ဟင် ... "

"မျက်နှာထားကို တည်တည်နေ ... ဘာမှကျွတ်မနေတဲ့ပုံစံမျိုး"

"ဟုတ်တယ် ... လူသစ်က ကျွတ်နေရင် ... ဗိုလ်ချင်ကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ် မျက်နှာထားကို တင်းထားသည်။ "ဖေဖေနှင့် မေမေတို့ကိစ္စတာ နှာခေါင်းရှုံ့ချင်နေကြမှာ အသေအချာပဲ ... မတတ်နိုင်တော့ဘူးလေ၊ ဖြစ်သွားပြီပဲ"

"မင်းအတွက် ... နေရာပဲ ချစ်"

"ခင်ရှိနေပေလို့ပဲ တစ်ယောက်ထဲဆို ထူပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် သိမှာမဟုတ်ဘူး၊ ကျေးဇူးပဲ ခင်ရယ်"

ချစ် နေရာလေးမှာဝင်ထိုင်ပြီး ... ပတ်ဝန်းကျင်ကိုလည်း မကြည့်ရဲတော့ ... ရှက်သည်။ ချစ် မကြောက်တတ်ပါဘူး။ ဘယ်နေရာကိုမဆို ခပ်ရဲရဲလေး ဝင်ထွက်သွားလာနေခဲ့သူပါ။

"ညည်း ရှုပ်ပလာ ရှုပ်ပလာမလုပ်နဲ့ ... သတိထားနေ ... မျက်နှာကအစ တည်တည်နေ ... လူသစ်ဆိုတော့ နာမည်ပျက်စေမယ့်အလုပ်တွေ မလုပ်မိစေနဲ့နော် ချစ်လေး"

မမကြီးနန္ဒ တတွတ်တွတ်မှာလိုက်တဲ့ကြားက ချစ်က ဖြစ်ရသည်။ ခင်ရှိနေပေလို့ နည်းနည်း နေသာထိုင်သာရှိတာပါ။ ခင်က သူမကို အလုပ်တွေသင်ပေးသည်။ အားလည်းပေးသည်။ တခြားဝန်ထမ်းတွေကလည်း ချစ်ကို ကွက်ကြည့်ကွက်ကြည့်နှင့် ကဲ့ရဲ့နေကြတာလား။ ချစ် လုံးဝဂရုမစိုက်ဘူး။ ဘာဖြစ်လို့ ကျွတ်ရမှာလဲ။

"ကိုထိန်က သဘောကောင်းပါတယ် ချစ်ရ... ဝန်ထမ်းတွေကိစ္စ ကိုယ်တိုင် ဘယ်တော့မှဝင်မစွက်ဘူး"

"ကိုထိန်"





"အင်းလေ ... သူ့ကွယ်ရာမှာ ကိုထိန်ပဲခေါ်ကြတာ ... သူ့ရှေ့မှာတော့ ဦးလမင်းထိန်လို့ တရိုတသေ ခေါ်ကြတယ်"

"ကိုထိန် ... ကိုထိန် ... ဒီအပြစ်အတွက် ကျွန်မကို ခွင့်လွှတ်ပါစေ၊ အလုပ်က မထုတ်ပါစေနဲ့"

"ရှင်ကတော့လေ"

"ချစ်က ကြော်ငြာကုမ္ပဏီမှာ အလုပ်ဝင်ချင်တာပါ"

"တကယ်ပါ ရှင့်ကို မြှောက်ပြောတာမဟုတ်ဘူးနော်၊ ရှင်က အရမ်းလှတယ်"

"အိုး ... ခင်ရယ် ... အမှန်အတိုင်းပြောတာပဲ ... ဒါ မြှောက်တဲ့စကားမှ မဟုတ်တာ ... ကျွန်မ ချောတဲ့လှတဲ့အကြောင်းတွေတော့ ကျွန်မကိုမြင်လိုက်တဲ့သူတိုင်းက ပြောကြတာလေ"

"အမယ်လေး ... ပြောမိတာတော့ မှားပါပြီ"

"ကျွန်မကို မြင်လိုက်တဲ့လူတိုင်းက နှစ်ခါပြန်မကြည့်တဲ့လူမရှိဘူး သိလား"

"ပေါကြောင်ကြောင်နဲ့"

"အဟိ"

နှစ်ယောက်သား တဖြည်းဖြည်းနှင့် ရင်းနှီးခင်မင်သွားကြသည်။ ချစ်တို့နှစ်ယောက် စားပွဲချင်းကကပ်လျက် ... စကားတွေတတွတ်တွတ် ပြောမဆုံး ... ချစ်လည်း ဟန်ဆောင်နေရတာကြိုက် ... စိတ်ကျဉ်းကြပ်သည်။ ခင်ကလည်း ပွင့်ပွင့်လင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



သမား ...

"ဟဲ့ ချစ်"

"ဟင် ..."

"ရှင်နဲ့မန်းနေးဂျင်းနဲ့က ဒီလိုပုံစံမျိုး စပြီးတွေ့ဆုံကြရတယ် ဆိုတော့ ဝတ္ထုတွေထဲကလို အချစ်ဇာတ်လမ်းလေး စတင်တော့ မယ်ထင်တယ်"

"ဘာ"

"ဖူးစာဖက်တွေလေ"

"တော်ပါပြီဟာ ... ဖူးစာဖက်ကတော့ လုံးဝ မဖြစ်နိုင်တော့ ဘူး၊ ကိုထိန်က စည်းကမ်းကြီးတယ်ဆို"

"စည်းကမ်းကြီးတယ်၊ မျက်နှာထားတင်းတယ်၊ ဘယ်သူနဲ့မှ အရောတဝင် မနေဘူး၊ နိုင်ငံခြားမှာလည်း ကုမ္ပဏီခွဲတွေရှိတော့ ခရီးထွက်နေတာက များတယ်လေ ... ဒီမှာအုပ်ချုပ်တာက မမ သော်ကပဲ ချစ်"

ချစ်ကို အလွယ်တကူအလုပ်ခန့်လိုက်တဲ့ မန်နေဂျာမမ ... သဘောကောင်းလားဟု ချစ်ကမေးတော့ ... မမသော်က အရမ်း ဘဝင်မြင့်တာတဲ့ ... ကိုထိန်နဲ့ ဘာညာလို့တောင် ပြောနေကြတာ။ မာနကြီးကြီးပဲတဲ့ ...

"အရမ်းစေ့စပ်တယ်၊ ဇီဇာလည်းကြောင်တယ် ချစ် ... ရှင့် ကိုရွေးတာ လုလို့နေမှာ"





"ဟုတ်လိုက်တာ ... ဒီနေ့ ခင်တစ်ယောက် အမှန်တွေချည်း ပဲ ပြောနေတယ်"

"အဟင်း ... ဟင်း ..."

နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တဟီဟီရယ်မောကြ သည်။

"ရှင်လည်း ကြည့်လုပ်နော် ချစ် ... မန်နေဂျင်းကြီး ကိုထိန် ကိုမှ ဝင်တိုက်ရတယ်လို့"

"ဟိ ... ဟိ"

"ဟား ... ဟား ... ဟား"

ချစ်က ရယ်လျှင် ... တဟားဟား အော်ရယ်တတ်တဲ့ အကျင့် ရှိလေရာ ... စိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှ နမော် နမဲ့နှင့် တဟားဟားအော်ရယ်ပစ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"ဟော့ ... မိန်းကလေးနှစ်ယောက် ... ဘာဖြစ်လို့ အော်ဟစ် ရယ်နေရတာလဲ ... ညည်းတို့နှစ်ယောက်ထဲနေတယ်လို့ ထင်နေ လား"

"ဟင်"

"ဟာ"

မမဒါရိုက်တာ ခင်သော်ကပဲ ... မျက်နှာထားက တည်တင်း ပြီး ... မာနတွေက ထင်းနေသည်။ ချစ်နှင့်ခင် မျက်နှာငယ်ငယ် လေးများဖြင့် ငြိမ်သက်သွားကြ၏။ သေလိုက်တော့ ... တစ်နေ့လုံး ချစ် ဘာမှအဆင်မချောခဲ့ ... ပြဿနာတစ်ခုပြီးတစ်ခု ထပ်၍ ထပ်၍ လုပ်မိနေပြန်သည်။ မမသောက်က စတိုင်လ်ကအပြည့် ... ငွေကြေး အရလည်း အရမ်းချမ်းသာပြီး ပညာတတ် ... နိုင်ငံခြားမှာ ငယ်ငယ် လေးထဲက ပညာသင်လာတာတဲ့ ...

"မေချစ်သူ"





"ရှင် ..."

"ညည်း ... ထမင်းချိုင့်မှောက်သွားတယ်ဆို"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"ညည်း ဘာစားမှာလဲ"

"ရှင်"

"မမသော်ကဆီက တစ်ဝက်လာယူလိုက်"

"ဟို ... ရပါတယ် မမ ... ချစ် မစားတော့ပါဘူး၊ ဝယ်စား လိုက်ပါ့မယ်"

"လာယူပါ ချစ် ... မမလည်း မကုန်ပါဘူး၊ အခန်းထဲလာခဲ့"

"ဟုတ်"

ဒါရိုက်တာ ခင်သော်က ပြန်လှည့်ထွက်သွားသည်။ သဘော ကောင်းသားပဲ ... ချစ်ကို တရင်းတနှီးနဲ့ ... နာမည်ကိုတောင် ချစ်တဲ့ ... အခုမှရောက်လာတဲ့ ဝန်ထမ်းအသစ်လေးအား အရေး တယူ ... တရင်းတနှီးဆက်ဆံနေ၍ ဝန်ထမ်းတွေ အံ့ဩတကြီး ကြည့်နေကြသည်။

"ဟဲ့ ချစ် ... အံ့ဖွယ်ကမ္ဘာပဲနော် ... ဘယ်သူ့ကိုမှ ဒီလို ဆက်ဆံဘူး၊ ရှင့်ကျမှ"

"ရုပ်ချောလို့ထင်တယ်"

"အရေးထဲ ကြော်ငြာကဝင်နေပြန်ပြီ"

"သွားရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ"

"တစ်ယောက်ထဲ"

"သွားလေ ... ဒါရိုက်တာမမက အရေးတယူဆက်ဆံတာ ဂုဏ်ယူစရာပဲ ... သတ္တိရှိစမ်းပါ"

သူမတို့နှစ်ယောက် အော်ဟစ်ရယ်မောမိတာပင် အပြစ်မယူဘဲ ... ရယ်ရယ်မောမောနှင့် ထမင်းစားဖို့ ပြောနေသေးသည်။ ဘာတွေလဲ ... ချစ်တောင် လန့်လာတယ်။ ပတ်ဝန်းကျင်ကလူတွေကတော့ အတင်းပြောကြတော့မှာပဲ ... ခင်က ဘာမှဂရုမစိုက်ဘဲ ဝင်သွားတဲ့ ...

"သွားလေ ... ဒါရိုက်တာ မင်းကိုသဘောကျရင် ... သူ့အနား ခေါ်ထားချင်ခေါ်ထားမှာ"

"သွားမယ်ဟာ ... ဆူချင်ဆူ ပြောချင်ပြော ... အပြစ်ကနှစ်ခုတောင် ... လူရှေ့သူရှေ့မှာ မဆူတာဘဲ ကျေးဇူးတင်တယ်ဟယ်"

"သွားပါ"

ချစ် ခပ်တည်တည်ပဲ ထပြီးထွက်လာခဲ့သည်။ သတ္တိတွေမွေးလာတာတောင် ကျောထဲက စိမ့်ချင်သည်။

"ထိုင်"

"ဟုတ်"

ဒါရိုက်တာမမကို ချစ် စေ့စေ့မကြည့်ရဲ ... မျက်နှာလေးငုံ၍ထိုင်နေသည်။





"မေချစ်သူ"

"ရှင်"

"မမ ပြောစရာရှိလို့"

"ရှင် ... ပြောပါ မမ"

"ချစ်က အရမ်းပဲချစ်စရာကောင်းတဲ့ ကောင်မလေးလို့ မမသတ်မှတ်မိတယ်"

"အပျော့်"

"မရယ်နဲ့ ... မမက မြှောက်ပြောတာ မဟုတ်ဘူးနော်"

"အခုတောင် ခမထမင်းချိုင့်ထဲက နှိုက်စားမှာနော်၊ ချစ်မှာဘာမှ ကျွေးစရာမရှိဘူး"

"မမက တွေ့တွေ့ချင်း ရုပ်ရည်လေးချောလို့ စွဲမက်စရာကောင်းလို့ အလုပ်ခန့်လိုက်တာ"

"အရည်အချင်းကြောင့် မဟုတ်ဘူးထင်တယ်၊ ချစ်က ခပ်ညံ့ညံ့ကောင်မလေးပါ"

မင်း ညံ့ဖျင်းလို့ ... ကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာကိုဝင်တိုက်တာလေ။ အသုံးမကျတဲ့ ကောင်မလေး ...

"မင်းမှာ ထူးခြားတဲ့အစွမ်းအစတွေ ရှိနေတယ်လို့ မမစိတ်ထဲသိနေတယ် မေချစ်သူ"

"အထင်တွေမှားနေပြီလားမမရယ် ... တကယ်အသုံးမကျတာနော် ချစ် ဝန်ခံပါတယ်"

"မင်းကို မမသင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမရယ် သင်ပေးပါ … ချစ် အရမ်းကျေးဇူးတင်ပါတယ်၊ လိုအပ်ရင်လည်း ဆုံးမပေးပါနော်"

မမသော်ကက … အနားမှာရှိနေတဲ့ သူမလက်ထောက်ကို ထမင်းဟင်းတွေ ထည့်ပေးလိုက်ဖို့ လှမ်းညွှန်ကြားသည်။ ချစ် ဟန်ကျသွား၏။ ဗိုက်ဆံကုန်ကျ သက်သာသွားသည်။

"မနက်ဖြန်ကစပြီး မင်း သင်တန်းတက်ရမယ် ချစ် … မင်းကို ကုမ္ပဏီပိုင်ရှင် ကိုလမင်းထိန်ရဲ့ အတွင်းရေးမှူးနေရာ ခန့်မယ်"

"ရှင်"

ချစ် မျက်ဝန်းတွေ လမင်းကြီးလောက်ပြူးကျယ် ဝိုင်းစက်သွားပြီဟုပင် ထင်မိသည်။ မဖြစ်နိုင်တာဘဲ … နားပင် မလည်နိုင်တော့ … ခပ်ညံ့ညံ့မိန်းကလေး ဘယ်နေရာမှ အသုံးမကျဘူး။

"မမ"

"ပြော"

"မဖြစ်ဘူးထင်ပါတယ်၊ ချစ်က ရုပ်ပြာပြာလေ၊ ကိုလမင်းထိန်က သဘောကျမှာ မဟုတ်ပါဘူး၊ ဒီနေ့ အလုပ်စဝင်တဲ့နေ့မှာတောင် အမှားက နှစ်ခု … ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့အမှားတွေလေ"

ကျောင်းစာမှာလည်း ညံ့ … အိမ်မှုကိစ္စလည်း မသိ … အပျင်းထူ၏။ ဒီလောက်ကြီးတော့ ချစ် မမှန်းချင်။ အလုပ်ထုတ်ပစ်ခံရမှာ ရှက်သည်။ မမသော်က ဘုမသိဘမသိ အထင်ကြီးနေတာပဲ ဖြစ်နိုင်၏။ ရုပ်ချောတာနဲ့ပဲ ကိုလမင်းထိန်က လက်ခံမည်မထင်။ သူနှင့်





မျက်နှာချင်းဆိုင်ရမှာပင် ကြောက်နေမိသည်။

"မင်း စိတ်ပူစရာမလိုဘူး ချစ် … မမ တာဝန်ယူတယ်၊ မမရွေးချယ်ပေးရင် သူ လက်ခံတယ်လေ"

ကိုလမင်းထိန်က မမကြီးနှင့် ရွယ်တူလောက်ဖြစ်မည်။ ရုပ်ရည် ချောမောခန့်ထည်သူပါ။ ချစ်နှင့် ဝင်တိုက်မိတာ အရေးအရာပင် မလုပ် … ထွက်သွားသည်။

"ကျွန်မက ဘာမှသိတာမဟုတ်ဘူး၊ ဉာဏ်လည်း ထိုင်းတယ်၊ ချောတာလေးပဲ ရှိတာနော်"

ကိုယ့်ကိုယ်ကိုယ် ချောကြောင်း ထည့်ပြောရသေးသည်။

"မင်းကို လေ့ကျင့်ပေးမှာပါ၊ ဘာမှမသိတဲ့ အဖြူရောင်သက်သက်က ပိုပြီး သင်ကြားပြသ လေ့ကျင့်လို့လွယ်တယ်"

"ဖြစ်ပါ့မလား မမရယ်"

"ဖြစ်တယ်၊ မမ ရှိပါတယ်၊ ချစ်လေးကို ဒုက္ခရောက်အောင် လုပ်ပါ့မလား၊ လက်ခံပါ"

"ဟုတ်"

မမသော်ကက အတင်းပဲတောင်းဆိုနေ၍ ချစ် လက်ခံလိုက်သည်။ မမကြီးနန္ဒကတော့ စိတ်ပူဦးမယ်။ ချစ် ကံထလာတာများလား။ နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

"ချစ်ရယ် … စိတ်ပူနေတာဟာ … ရှင် အဆင်ပြေရဲ့လား"

"အင်း ပြေတယ်"

"မမ ဘာတွေပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ..."

လောလောဆယ် သူမ ရလာတဲ့ရာထူးကိုပြောလျှင် တစ်ခန်းလုံး ဝက်ဝက်ကွဲအံ့ဩသွားမှာပဲ ဖြစ်သည်။ ခင့်ကိုတော့ ကြိတ်ပြီး ပြောပြရမလား။

"ထမင်းဟင်းတွေ အများကြီးပဲဟာ ... ဝိုင်းစားကြပါဦး၊ ချစ်တစ်ယောက်တည်း မကုန်ဘူး"

"စားမယ်၊ မမသော်ကတို့အိမ်က ဟင်းချက်ကောင်းတယ်၊ အဆင့်မြင့်တယ်ဟ ... အကောင်းဆုံး စားဖိုမှူးတွေ ငှားထားတာ"

နှစ်ယောက်သား ... မမသော်ကပေးလိုက်တဲ့ ဟင်းတွေ ထမင်းတွေကို အားပါးတရ စားကြသည်။

"ချစ်"

"ဟင်"

"ပြောပြလေ"

"ဘာကိုလဲ"

"မမက ရှင့်ကို ဘာပြောလဲလို့"

"အမယ်လေး ... ဟတ်ချိုး ... ဟတ်ချိုး ... ထမင်းတွေ တောင် သီးကုန်ပြီ၊ ဟတ်ချိုး"

ချစ် အသဲအသန်ချေနေ၍ တစ်ခန်းလုံး ပြုံးပြုံးကြည့်ကြသည်။ ချစ်ကဖြစ်လိုက်ရင် အဲဒီလိုပဲ ... ဖြစ်လိုက်ရင် စားကောင်းနေတုန်း ခင်က ထမေးလိုက်သောကြောင့် ဖြစ်သည်။

"ပြောပြပါ့မယ် ခင်ရယ် ... မင်းကို ပြောပြချင်နေတာပါ"





"ပြောဟာ ... စိတ်ဝင်စားတယ် ... ထမင်းကို ဒီလောက် အလောတကြီးစားနေရလား"

"ခင်"

"ပြော"

"အရမ်းလန့်မသွားနဲ့နော် ... "

"ပြောမှာသာ ပြောစမ်းပါ"

"ငါ့ကို မကိုလေ မမက ဦးလမင်းထိန်ရဲ့ အတွင်းရေးမှူးမ လေးအဖြစ် လေ့ကျင့်သင်ကြားပေးမယ်တဲ့"

"ဘာ ... "

ခင်တစ်ယောက် ... အံ့ဩပြီး ဘာဆိုတဲ့အသံကြီးက ကျယ် လောင်စွာ ထွက်ပေါ်လာသည်။

"ဘာဖြစ်တာလဲ"

"အံ့ဩလွန်းလို့ ... ကိုထိန်က အရမ်းဗီဇကြောင်တဲ့ လူပျိုကြီး ... စည်းစနစ်လည်း ကြီးတယ်၊ ရှင် ဖြစ်ပါ့မလား၊ ခင်က ရှင့်ကို အလုပ်ထုတ်ပစ်လိုက်တာမျိုး မဖြစ်စေချင်ဘူး"

"မသိဘူးလေဟာ ... မမဒါရိုက်တာက အတင်းကြီးပဲ ... ချစ်မှာ မမြင်နိုင်တဲ့အရည်အချင်းတွေ ရှိတယ်လို့ ပြောတာပဲ"

"မမဒါရိုက်တာကတော့ အရမ်းတော်ပါတယ်၊ ရှင့်ကို လူလို့ ဖြစ်လိမ့်မယ်၊ ကိုထိန် အစည်းအဝေးတွေ ဘာတွေတက်ရင် လူတွေ စိတ်ဝင်စားစေချင်လို့ ထင်တယ်"

"ချစ်က အဲဒီလောက်အထိ လှတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"စား"

"သူများဟင်းတွေနဲ့များ"

"ညနေ ဝယ်ကျွေးပါ့မယ် ... ချစ် လှတဲ့ချောတဲ့အကြောင်း ပြောရင် ကြိုက်သလောက်သာပြော"

"အရှူးမဲ့"

"ငကြောင်မပါ ထည့်ပြောဦး"

နှစ်ယောက်သား ရယ်မောမိကြသည်။ ခင်နဲ့ချစ်က တစ်ခဏလေးအတွင်းမှာပင် ငယ်သူငယ်ချင်းတွေလို ဖြစ်သွားကြသည်။ ပြောမနာ ဆိုမနာ ... ခင်က ပွင့်လင်းသည်။ ရိုးသားသူဟု ချစ် မြင်ထားသည်။

"ချစ်"

"ဟင်"

"ဆက်စားလေ ... စောစောကတော့ အသည်းအသန်စား နေပြီးတော့"

"ဟင့်အင်း ... မစားနိုင်တော့ဘူး"

"ဝမ်းသာလုံးဆို့သွားလို့လား"

"မဟုတ်ပါဘူး၊ တကယ် တာဝန်လေးပြီး စိတ်ညစ်တယ်"

"ရှင် ကြိုးစားပေါ့"

"ချစ်က စိတ်ထဲမှာ မလုံမလဲနဲ့ ... အရမ်းကိုကြိုးစားရမှာလေ၊ မမကတော့ သူရှိပါတယ်တဲ့ ... စိတ်တောင် ပူလာပြီ၊ သူ



သဘောကျပုံမလား။ ငြင်းပစ်လိုက်ရင် ရှက်စရာကြီး"

တကယ်တမ်းတွေးကြည့်တော့လည်း ချစ် စိတ်ညစ်သည်။ တာဝန်ကြီးကြီးတွေကို ချစ် ထမ်းဆောင်နိုင်မှာ မဟုတ်ပေ။ မမက ဘာသဘောနဲ့ ခန့်ထားလိုက်တာလဲ။ ချစ် ထမင်း ဆက်မစားနိုင်တော့ ...

"ချစ်ရယ် ... တွေးပြီး ကြောက်မနေစမ်းပါနဲ့၊ မမ ဒါရိုက်တာက အရည်အချင်းရှိပါတယ်၊ မန်နေးဂျင်းကို ပိုင်လို့ဖြစ်မှာပါ။ ရှင်က ရုပ်ရှင်မင်းသမီးတွေထက်တောင် ချောသေးတယ်"

"စားစား ... သူများဟာတွေ"

ချစ်ကတော့ မလွယ်ဘူးဟုဘဲ ထင်ထားသည်။ ကိုလမင်းထိန်ကို ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိတော့ ... သတ္တိရှိပါတယ်ဆိုတဲ့ ချစ်တစ်ယောက် ဒူးတုန်ချင်သည်။

"ချစ်ကလေ ကိုယ့်ကိုယ်ကိုယ် အသုံးမကျဘူးလို့သတ်မှတ်ထားတာ ... အလုပ်လျှောက်တာတောင် အင်တာဗျူးမေးမှာ ကြောက်နေတာ၊ မဖြစ်ပါဘူး ကြိုးစားရမယ် ... ကိုလမင်းထိန် လုံးဝ လက်ခံသွားစေရမယ်၊ စောင့်ကြည့်နေ"

"အောင်မြင်ရမယ်၊ မေချစ်သူ လုံးဝအောင်မြင်ပါစေ"

သူမ ရယ်မောပစ်လိုက်ပေမယ့် ... စိတ်က ပေါ့ပါးမသွားပါလား။ ရင်ကလေးလေး ... ချစ် ပျော်နေမိသလိုလိုတော့ရှိသည်။ မမကြီးသိသွားရင်လည်း အရမ်းဝမ်းသာမိနေမှာပဲ ... ညီမလေး ကောင်းစားမှာကို အလိုလားဆုံး မမကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



“ညည်းလေးရှေ့ရေးအတွက် ရင်လေးတယ်၊ ဒါပေမဲ့လေ မမကြီး စေဒင်တွက်ထားတယ်သိလား … ညီမလေးချစ်က အသက်အရွယ်ရလာတာနှင့်အမျှ ကြီးပွားချမ်းသာမှာတဲ့”

မမကြီးပြောတဲ့စကားတွေကို ကြားယောင်မိလာသည်။ ဖြစ်နိုင်တာပဲ … စေဒင်မှန်နိုင်တယ်။ ချစ် ဘယ်လိုမှမျှော်လင့်မထားတဲ့ အလုပ်တာဝန်တစ်ခုပါပဲ။ မမကြီးကိုတော့ ဝမ်းသာအားရ ပြောပြချင်သည်။

■ ■ ■

## အခန်း ( ၃ )

ညနေရုံးဆင်းတော့ ချစ်တစ်ယောက် အိမ်ကို ဒုံးစိုင်း၍ ပြေးလာခဲ့သည်။ အိမ်ပေါ်ပြေးတက်ပြီး မမကြီးကို ပြေးဖက်ထားလိုက်၏။ မမကြီးမျက်ဝန်းတွေက စိုးရိမ်ပူပန်နေပြီး ချစ်ကို တမျှော်မျှော်နှင့် စောင့်နေမှာသေချာသည်။ ချစ်သိတာပေါ့ …

“ဟဲ့ … ဟဲ့ … ဘာဖြစ်လာတာလဲချစ်ရယ် … ရင်ထိတ်လိုက်တာ”

“မမကြီးကို ပြောစရာရှိတယ်”

“ပြောလေ”

“ချစ် ရာထူးတက်သွားပြီ”

“ဟင် … အလုပ်တောင် ဒီနေ့မှစဝင်တာ … ရာထူးကတက်သွားပြီလား”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာရာထူးတက်တာလဲ၊ ညည်းလေးစကားကို နားထောင်ရတာ လန့်လွန်းလို့ပါ၊ ပြဿနာကို မီးခွက်ထွန်းပြီး ရှာနေတတ်လွန်းပါ"

"အင်း ပြဿနာတော့ဖြစ်သေးတယ်"

"ဘာပြောတယ် ချစ်"

မနက်က ကုမ္ပဏီမှာဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြလိုက်သဖြင့် မမ ရင်ဘတ်ကို လက်နှင့်ဖိသည်။

"ဖြစ်မှဖြစ်ရလေ ချစ်ရယ် ... ဒီလောက်ပြာရလား၊ ဒုက္ခပါပဲ"

"ချစ် နာရီ မှားကြည့်မိလို့လေ၊ ဒါရိုက်တာမမကလည်း မဆူဘူး"

"ဟင် ... "

"သဘောအရမ်းကောင်းပြီး ဂရုတစိုက်ဆက်ဆံတယ်၊ ညီမလေးက အရည်အချင်းရှိတယ်တဲ့"

"ဘုရားရေ"

လူကဲခတ်တော်တော်ညံ့ဖျင်းတဲ့ ဒါရိုက်တာပဲ ... ချစ်အကြောင်း နန္ဒာအသိဆုံးပဲ ... အလုပ်လုပ်ရင် ဘယ်တုန်းကမှ အချိုးမကျ ... အမှားမှားအယွင်းယွင်း ...

"ချစ် ရာထူးတက်တယ်ဆို"

"အဲဒါကတော့ မမကြီးကြားသွားရင် အရမ်းအံ့ဩတုန်လှုပ်သွားမှာ စိုးတယ်"

"ပြောစမ်းပါဟယ်"

"မမဒါရိုက်တာကလေ အရမ်းသဘောကျပြီး ချစ်ကို ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ကိုလမင်းထိန်ရဲ့ အတွင်းရေးမှူးမလေးအဖြစ် အလုပ်ခန့်မယ်တဲ့"

"အမယ်လေး ဘာရာထူးတက်တာလဲ ချစ်ရယ် ... မမကြီး အခုမှပူပြီ"

"မမဒါရိုက်တာကတော့ သူ တာဝန်ယူတယ်တဲ့ ... ချစ်ကို လေ့ကျင့်ပေးမှာတဲ့"

"ဟို ... မန်းနေးဂျင်းဒါရိုက်တာက လက်ခံပြီလား ချစ်ရယ်"

"မသိသေးဘူး"

"ဒုက္ခပါပဲ ... ဟိုလူက ငြင်းပစ်လိုက်ရင် ရှက်စရာကြီးထင်တယ်"

"မသိဘူး၊ ရေချိုးတော့မယ် ... ထမင်းပွဲပြင်ထားပေး"

"အေးပါ၊ ရေသောက်ဦးနော်"

မမကို ဖက်နမ်းပြီး ... သူမအိမ်ခန်းလေးထဲ ဝင်လာခဲ့သည်။ မမဒါရိုက်တာက တာဝန်ပေးပေမယ့် ... ဟိုလူက လက်မခံရင်ရော။ ရင်တွေပူလာပြီ။ လက်မခံရင်လည်းနေလေ ... ဘာဖြစ်လဲ ... မချစ်သူက ဆင်းရဲငတ်ပြတ်လို့ အလုပ်ဝင်တာမှ မဟုတ်တာ ...





www.burmeseclassic.com

www.burmeseclassic.com



ဒီလို အချောအလှလေးကို ...

"မေချစ်သူ ... ဘယ်လောက်လှလဲ၊ မြင်သူငေးသွားစေရမယ်"

မှန်ရှေ့မှာ ရပ်သည်။ ခန္ဓာကိုယ်လေးတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှု၏။ ပြီးတော့ နှုတ်ခမ်းလေး တွန့်မဲ့ပစ်သည်။

"ချစ်လေးရေ ... ဘာတွေလုပ်နေလဲ၊ ရေချိုးလေ"

"အင်းပါ"

ဒီကောင်မလေးက ဒီလိုပဲ ... နောက်ကနေ အမြဲတမ်းလိုက်ပြီး သတိပေးနေရတာပါ။ ဘယ်လိုလုပ်မလဲ။ အင်းလေ သူတို့က လုပ်ငန်းကြီးတွေ လုပ်နေတာပဲဟာ ... အဆင်ပြေမှာပါ။ ညီမလေးက ချောမောသည်။

"မိချစ်ကိုတော့ ပစ်ထားလို့မဖြစ်ဘူး၊ ကုမ္ပဏီကို လေ့လာရမယ်၊ ရင်ပူလိုက်တာ"

"ဟိတ် ... "

"အမေ့ ... "

နောက်ကနေ ညီမလေးက သိုင်းဖက်လိုက်၍ ရေစိုကြီးနှင့် အေးကနဲစိမ့်သွားသဖြင့် နန္ဒာ လန့်သွားရသည်။

"မိချစ်ရယ် ... အလန့်တကြားနဲ့"

"အပျိုကြီး ဘာတွေစဉ်းစားနေတာလဲ ... မဟုတ်မှလွဲရော





လှပျိုကြီးတွေအကြောင်းလား"

"ကောင်မလေးနော် ... မဟုတ်တာတွေပြောမနေနဲ့ ... မကြီးတွေးနေရတာက ညည်းလေးအကြောင်းတွေပဲ"

"ဘာတွေလဲ ... ဘာစိတ်ပူတာလဲ၊ မမကြီးပဲ ဗေဒင်တွက်ားတယ်ဆို"

"ချစ်လေးရယ် ... ညည်းလေးက အမြဲတမ်းပေါ့တီပေါ့ပျက်နဲ့ ... အဲဒီအကျင့်စရိုက်တွေကို ပြင်ပါတော့ ... အလုပ်တာဝန်ကကြီးမားတယ်လေ၊ ချစ်လေးကိုယုံလို့ ခန့်လိုက်တာပဲနော်"

"တော်ပြီ ... ချစ်လေး အဝတ်အစားတွေလဲမယ်၊ ဗိုက်ကဆာနေပြီ"

"ဟင်း"

မမကြီး ဆုံးမစကားတွေ တသီတသန်းကြီးပြောတော့မယ်ဆိုတာ သိ၍ ပြေးထွက်လာခဲ့သည်။

"မမကြီးရာ အရမ်းပူနေတယ်၊ မေချစ်သူရဲ့အစွမ်းအစကိုကြည့်စမ်းပါ"

မမကြီးကိုသာ ပြောလိုက်ရတာ ... ချစ်လည်း နည်းနည်းတော့ စိတ်လေးတယ် ... အိပ်တာတောင် အိပ်ပုတ်ကြီးတဲ့ချစ်က်ဖြန် ကုမ္ပဏီသွားဖို့လန့်ပြီး အိပ်မရ ... မျက်လုံးတွေက ကြောင်ည်။ မနက်မိုးလင်းတော့ ... အစောကြီးနိုးနေ၍ မမကြီးပင်



www.burmeseclassic.com

www.burmeseclassic.com



တအံ့တဩဖြစ်ရသည်။

"ချစ်လေး ... အစောကြီးနိုးနေပါလား၊ မမကြီးက လာနှိုးမလို့လေ၊ နေ့စဉ်လုပ်နေကျအလုပ်တောင် ပျက်ရပြီပဲ"

"အဟက် ... အလှလေးဘာလေး ပြင်မလားလို့"

"ပြင်ပြင် ... မြင်မကောင်းအောင်လည်း မပြင်နဲ့ဦး ... မမကြီး ညီမလေးက ချောပြီးသားပါကွယ်"

ချစ် အစွမ်းကုန် အလှတွေပြင်နေမိသည်။ ကိုလမင်းထိန်နဲ့ တွေ့ရမယ်။ မမကြီးက သတိပေးပြီး ပြန်ထွက်သွား၏။ ချစ် တစ်ယောက်တည်းပြင်ဆင်တဲ့ မျက်နှာကို မှန်ထဲမှာပြန်ကြည့်၍ မကြိုက်တာနှင့် မျက်နှာကို ပြန်သစ်သည်။

"ချစ် ... ဘာတွေလုပ်နေတာလဲ"

"မကြိုက်လို့"

"ဒုက္ခပါပဲဟယ်"

"အရမ်းများသွားလို့လေ၊ မမကြီးပဲ မိတ်ကပ်တွေ အများကြီးမလိမ်းနဲ့ဆို"

"မြန်မြန်ပြင်ပါအေ"

"အင်းပါ"

ချစ် ... အိပ်ခန်းထဲပြန်ဝင်ပြီး မျက်နှာကို ပြန်ချယ်သသည်။ ဟုတ်တယ် ... ချစ်က အသားဖြူပြီးသားပဲ ... မိတ်ကပ်ပါးပါးလေး





ပဲ လိမ်းသင့်တယ်။ ပြီးတော့ နှုတ်ခမ်းနီဆိုးသည်။ အရောင်က မကြိုက် ... ဖျက်လိုက်ဆိုးလိုက်နှင့် ... ချစ် အကြာကြီးလုပ်နေ၍ မမကြီး ဝင်လာပြန်သည်။

"ချစ် ... မပြီးသေးဘူးလား၊ နာရီကြည့်ဦးလေ၊ ကြည့်စမ်း မျက်နှာသုတ်ပဝါ အဖြူရောင်တစ်ခုလုံး နှုတ်ခမ်းနီအရောင်တွေ ပေကျံနေတာပါလား"

"အရောင်တွေ မကြိုက်လို့ သုတ်ပစ်တာပါ၊ အခုရော ချောလား"

"ချောပါတယ်အေ ... သူများတွေ မျက်စိနောက်အောင် လုပ်နဲ့နော် ... အနေအထိုင်ကအစ သတိရှိ ... ချစ်လေးအလုပ်က တာဝန်ကြီးတယ်၊ အလုပ်ရှင်က အထင်မသေးစေနဲ့"

"သွားပြီ"

"ဟဲ့ ... ဟဲ့"

မမကြီး ... တဟဲ့ဟဲ့နှင့် အော်ဟစ်ပြီးကျန်ရစ်ခဲ့သည်။ ဆုံးမစကားတွေက နားထောင်ရလွန်းလို့ လျှံထွက်ကုန်ပြီ။ ချစ် ဘတ်စ်ကားဂိတ် ရောက်လာ၏။ လူတွေကလည်း ကြည့်လိုက်တာ ... ချစ်က အလှအပတွေ ပြင်ဆင်လာတာကိုး ... ကုမ္ပဏီကြိုပို့ကားက ချစ်တို့ဘက် မရောက်ပေ ... ဝန်ထမ်းမှ မရှိတာ။ ဘတ်စ်ကားဂိတ် ရောက်တော့ မျက်နှာထားကို တင်းထားလိုက်သည်။

www.burmeseclassic.com



"ချစ်"

"ဟင် ... မမ"

"မျက်နှာကြီးက စူတင်းနေလိုက်တာကွယ် ... မမ ဒီဘက်လာရင်း ချစ်ကိုတွေ့လိုက်လို့ ကားရပ်လိုက်တာ"

မမသော်က ကားလေးရပ်တာကိုပင် ချစ် မမြင်မိ ... အတွေးတွေနှင့် စိတ်တွေ ပူလောင်နေလို့ပါ။

"အဟဲ့ ... မမကို မတွေ့ဘူး၊ ချစ် စိတ်တွေ အရမ်းလှုပ်ရှားနေတယ်လေ"

"ချစ်လေးက လှလိုက်တာ ... အဲဒါက အရည်အချင်းတစ်ခုပဲလေ"

"ချစ် ... အရမ်း အလှတွေပြင်ထားမိလားဟင်"

"အတော်ပါပဲ"

ကိုလမင်းထိန် ... ရှင်က သိပ်ပြီးကြီးကျယ်ခမ်းနားနေတာပဲ။ မိန်းမတွေကို စိတ်မဝင်စားဘူး။ ဟုတ်လား ... သော်ကကိုတောင် ငြင်းပယ်ရက်တယ်။ ရင်ထဲမှာ နာကျင်စွာရှုနေသည်။

"ကိုယ့်မှာ အချစ်ဆိုတာမရှိဘူး သော် ... ကိုယ် ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်ထပ်ချင်တဲ့ဆန္ဒ မရှိဘူး"

ကြီးကျယ်စွာ ပြောထားခဲ့သည်။ ရှင်က တမင်သက်သက် ကိန်းကြီးတာပဲ ... အဓိက သော့်ကိုငြင်းပစ်လိုက်တာပဲ ... သော်





ကိုယ်တိုင်က ... သူမကိုယ်သူမ တန်ဖိုးကြီးစွာထားတတ်ပြီး ယောကျ်ားတွေနှင့်လည်း အရောတဝင် မရှိခဲ့ ... မာနက မိုးထိအောင် နေလာခဲ့သည်။ သော်နှင့်ထိန်က လူကြီးချင်းတွေ ရင်းနှီးခင်မင်ကြပြီး သားသမီးတွေ လက်ထပ်ပေးဖို့အထိ ရည်ရွယ်ထားကြ၍ စီစဥ်ဖို့ကို သူကငြင်းတာ ...

"ရှင်က သော့်ကို အထင်မကြီးဘူးဆိုတဲ့သဘောပဲလေ၊ သော့်ကိုများ ရှင်က ငြင်းပယ်ရတယ်လို့"

ခံပြင်းလွန်း၍ သူမနှုတ်ခမ်းတွေက တင်းတင်းစေ့ကပ်နေသည်။ ရင်ထဲမှာ ပေါက်ကွဲနေရသည်။ သော် ဟန်ဆောင် သဘောကောင်းချင်ယောင်ဆောင်နေရတာလေ ...

"သားက မိန်းကလေးတွေကို လက်ထပ်ဖို့ဆန္ဒမရှိဘူးတဲ့ သူက လူပျိုကြီးပဲ လုပ်ချင်တာတဲ့လေ ... သော်လေးနဲ့ ရင်းနှီးအွမ်းဝင်သွားရင် စိတ်တွေပြောင်းလဲသွားမှာပါ"

သားကိုချစ်တဲ့ ထိန့်မိဘတွေက သားဆန္ဒထက်ကျော်လွန်ပြီး ရှေ့ဆက်မတိုးခဲ့ ... မာမီက မာနရှိသည်။

"သူတို့သားက ဘာမို့လို့လဲ ... မာမီ့သမီးကို ငြင်းရတယ်လို့ ခပ်တည်တည်နဲ့ ကင်းကင်းနေနော် သော် ... ဒင်းထက်သာတဲ့ အဆင့်တစ်ရာသာတဲ့ယောကျ်ားကိုပဲ ရှာပြီးလက်ထပ်စေရမယ်"

သော်ကလည်း တမင်မသိချင်ယောင်ဆောင်၍ ထိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အခင်မင်မပျက် လုပ်ငန်းတွေပင် စပ်တူလုပ်သည်။ ထိန့်မိဘတွေ ဘက်က ထိန်နှင့်ရင်းနှီးစေရန်တဲ့ ... လုပ်ငန်းအတူတွဲလုပ်တာ နှစ်ကြာနေတာတောင် ထိန့်ဘက်က ငြင်းဆန်နေဆဲဖြစ်သည်။

"ချစ်"

"ရှင်"

"ကြောက်နေလား"

"ဟုတ်ကဲ့"

"ကြောက်စရာ မရှိပါဘူးကွယ် ... ညီမလေးက အရမ်း ချစ်စရာကောင်းတယ်၊ အဲဒါက အစွမ်းအစပဲလေ"

"ရှင်"

"မမ လေ့ကျင့်ပေးမှာပါ၊ မပူနဲ့နော် ... သင်တန်းတွေလည်း တက်ရမယ်၊ ကိုထိန်က ကြောက်စရာမရှိပါဘူး၊ သဘောကောင်းပါ တယ်"

"ဟိုလေ ... ချစ်က ခပ်ညံ့ညံ့ကောင်မလေးပါ၊ သူ ... သူက ငြင်းလိုက်မလားဘဲ"

"မငြင်းပါဘူး၊ မမ ပြောထားပြီးပါပြီ ... မမက အုပ်ချုပ်မှု အပိုင်းကို တာဝန်ယူထားရတယ်လေ၊ သူ လက်ခံရမှာပဲ"

"ဟို ... မမ"

"ချစ်လေး ဘာမှတွေးပူမနေစမ်းပါနဲ့ ... အရမ်းလှပတဲ့





ကောင်မလေးက ကြော်ငြာကုမ္ပဏီတစ်ခုအတွက် အရမ်းလိုအပ်တဲ့ ဝန်ထမ်းပါ"

ချစ် မပြောတော့ ... မမကိုလည်း အရမ်းပဲအားကိုး တွယ်တာမိပြီး ကျေးဇူးတွေတင်မိသည်။

"မမကိုယ်တိုင် သူ့အခန်းထဲ လိုက်ပို့ပေးမှာပါ၊ စိတ်အေးအေး ထားနော်"

"ဟုတ် ... "

သော့နှုတ်ခမ်းလေးက မသိမသာလေး တွန့်မဲ့သွားသည်။ မေချစ်သူက ညှံ့ဖျင်းလွန်းတဲ့မိန်းကလေး ... ဘာအရည်အချင်းမှ ရှိဘူး။ ရုပ်လေးချောတာပဲရှိတာ ... အဲဒီလိုမိန်းကလေးမျိုးကို သော် ရှာနေတာကြာပြီ။ သော်က ချမ်းသာကြွယ်ဝပြီး အဖက်ဖက် ကနေ ပြည့်စုံနေသူ ... ပညာရေးရော ... အသိုင်းအဝန်းရောပဲ ...

"ပေါ့ပျက်တဲ့ ကောင်မလေးတစ်ယောက်နဲ့ အနီးကပ်နေပြီး ရင် တန်ဖိုးကြီးမားတဲ့မိန်းမတစ်ယောက်ရဲ့ အစွမ်းအစနဲ့ အရည် အချင်းကို ရှင်သိလာမှာပါ"

မိန်းမနှစ်ယောက်ရဲ့တန်ဖိုးကို ... ရှင် သိလာစေရမယ်လေ။ ပြီးတော့ ... ရှင်ကတောင် ရှင့်အဆင့်ကို ပြတာပဲ ... မေချစ်သူ အရမ်းချောတယ်။ ရှင့်လို ကုမ္ပဏီပိုင်ရှင်သူဌေးကို မမြူဆွယ်ဘဲ နေမလား။ ရှင် တောင့်ခံကြည့်လေ ... ကိုလမင်းထိန် ... အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ခံပြင်းနာကျည်းရတဲ့ သူမဝဏ်သိက္ခာတွေကို မှဲ့စေတဲ့ ယောကျ်ားတစ်ယောက်ကို ... စုတ်ပြတ်သတ်သွားစေရန် အကောင်းဆုံး လက်စားချေချင်နေမိသည်။ ရှင့်ကို သော် အကောင်းဆုံး ... ရှင်နဲ့အလိုက်ဆုံး လက်ဆောင်တစ်ခု လာပို့ပေးမှာပါ။

## အခန်း ( ၄ )

အရာဝတ္ထုတစ်ခုခုကို ဝင်တိုက်လိုက်သည့်အသံ ... လဲပြိုသံ အမယ်လေးဟု အော်ဟစ်သံကြောင့် ထိန် မော့ကြည့်လိုက်တော့ အမှိုက်ပုံးကြီး ပြိုလဲသွားပြီး အမှိုက်တွေ ပြန့်ကျဲနေသည်။

"အမယ်လေး"

"အို"

ရှေ့မှဝင်လာသူက ဒါရိုက်တာခင်သော်က ... နောက်မှ ကောင်မလေးတစ်ယောက် ... အမှိုက်ပုံးကိုတောင် မမြင်ဘဲ ... ဝရန်းဝုန်းကားနှင့် ရုပ်ပလာမလေး ... မနေ့က သူ့ကိုဝင်တိုက်ပြီး ထမင်းချိုင့်တောင် ပြုတ်ကျတဲ့ ကောင်မလေး ... ထိန်က အသန့် ကြိုက်တယ်။ အမှိုက်တွေ ထွက်ကျသွားသဖြင့် နှာခေါင်းရှုံ့မိသွားသည်။

"ကိုထိန်"



www.burmeseclassic.com

www.burmeseclassic.com



"သော်က … ထိုင်"

သူကတော့ မိန်းကလေးတွေရှေ့မှာ မျက်နှာထားက တည်တည်တင်းတင်းဖြစ်နေတတ်တာ သူ့မာမီကြောင့်ပါ။ မိန်းမတွေကို အထင်မကြီးတော့ … အထူးသဖြင့် ငွေကြေးချမ်းသာပြည့်စုံပြီး မာန်မာနကြီးတဲ့မိန်းမမျိုး … မာမီက ငွေကြေးချမ်းသည်။ ဒက်ဒီက ရိုးသားပြီး စိတ်သဘောထားပြည့်ဝကာ မိသားစုအပေါ် တာဝန်ကျေတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ သူ အရွယ်ရောက်မှ မိသားစုကိုထားခဲ့ပြီးနောက် အိမ်ထောင်ပြုသွားတဲ့ မာမီ့ကြောင့် သူ့အနေနှင့် ခင်သော်ကလိုမိန်းမမျိုးနှင့် လက်ထပ်ဖို့ ကြောက်ရွံ့ခဲ့ရသည်။ အခုတော့ … မာမီကွယ်လွန်သွားပါပြီ။ ထိန်ကတော့ မိန်းမတွေနှင့် ကင်းကင်းရှင်းရှင်းနေတတ်လာ၏။ လက်ထပ်ဖို့ ဆိုတာ ဘယ်လိုမှ စိတ်ကူး၍ပင် မရတော့ … မာန်မာနကြီးလွန်းတဲ့ သူဌေးသမီး ခင်သော်က … မင်း ဘယ်လိုအရည်အချင်းတွေပဲရှိရှိ … ကိုယ်ကြောက်တယ်။ မင်းရဲ့အစွမ်းအစတွေကို ကိုယ် ကြောက်တာပဲ။

"ကိုထိန်"

"ဟင်"

"သော်ပြောတဲ့ … ကိုထိန့်အတွက် အတွင်းရေးမှူးမလေး တစ်ယောက် ရွေးချယ်ထားတယ်ဆိုတာလေ"

"သူလား … "





ဒီကောင်မလေးကို သူ့အနားလာပို့တော့ … ခင်သော်က မရိုးသားဘဲ … သူ့အပေါ် ပညာပေးဖို့ဆိုတာ ထိန် သိနေသည်။ လမင်းထိန့်က မင်းထင်သလောက် မအဘူး သော်က …

"ကိုထိန့်အတွက် အရိုင်းလေးဆိုတော့ ပိုပြီးလေ့ကျင့်ပေးလို့ ကောင်းမယ်ထင်လို့ပါ၊ ကြော်ငြာကုမ္ပဏီဆိုတော့လေ"

သူ ဘာပြောလို့ရတော့မှာလဲ။ ခင်သော်ကကို အုပ်ချုပ်ရေးပိုင်း တာဝန်ပေးအပ်ထားသည်။ ဒက်ဒီကိုယ်တိုင်က … သူနှင့် ခင်သော်ကတို့အား လက်ထပ်ပေးချင်နေ၏။ သူက မနှစ်သက် … လူပျိုကြီးဘဝကိုပဲ သဘောကျမိသည်။ ပြီးတော့ ခင်သော်တလို မာန်မာနကြီးတဲ့ … ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့မိန်းမမျိုးကို မကြိုက် … ဒက်ဒီ့လို သူ့ဇနီးက မိသားစုကိုပစ်ထားခဲ့ပြီး ဖောက်ပြန်မှာ … သူ အစိုးရိမ်ဆုံးပါ။

"သင်တန်းတွေလည်း တက်စေရမယ်လေ၊ သော်ကိုယ်တိုင် ကြီးကြပ်လေ့ကျင့်ပေးမှာပါ၊ ဒီလောက်လှပချောမောတဲ့ ကောင်မလေးမျိုး ကံကောင်းလို့တွေ့တာ"

ထိန် မနှစ်သက်မိ … သူ့စည်းကမ်းကို ဘယ်လိုလုပ်လိုက်နာနိုင်မှာလဲ။ သူက အတွင်းရေးမှူးကို ယောကျ်ားလေးခန့်ထားချင်တာ … မိန်းကလေးအချောအလှ မလိုပါဘူး။ ဒါပေမဲ့ ငြင်း၍မရ၊ သော်ကဆန္ဒအတိုင်းပဲ ဖြစ်စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေချစ်သူတဲ့ ... တစ်နေ့ကျရင် သော့်ရွေးချယ်မှု မှန်ကန်ကြောင်း ထိန်သိလာမှာပါနော်"

"အင်း ... ထားခဲ့လေ"

ထိန့်မှာ ထိုစကားကလွဲပြီး တခြားမှပြောစရာ မရှိတော့တာဘဲ ... ဒက်ဒီက သော့်ကိုအားကိုးသည်။ နိုင်ငံခြားမှာ ပညာသင်လာ၍ အထင်ကြီးနေ၏။ သူကတော့ သော့်ကို အထင်မသေးပေမယ့် ချစ်၍တော့ မရဘဲဖြစ်နေသည်။

"လုပ်ငန်းအကြောင်းတော့ ကိုထိန်ရော ... သော်ရော သင်ပေးရမှာပဲလေ ... အဖြူသက်သက်လေးက ကိုယ့် အကြိုက်အရောင်ဆိုးပေးနိုင်တယ်လေ"

သော်က ပြန်ထွက်သွားသည်။ ကောင်မလေး ကျန်ခဲ့၏။ စိတ်ပျက်လိုက်တာ ... ဒီလိုမိန်းကလေးမျိုးကို ထိန် မနှစ်သက်တတ်တာ သော် အသိဆုံးပဲ ... ဒါတောင် မင်းရွေးချယ်ပေးတာ ... မင်းဘက်က ကိုယ့်ကို စတင်နှိပ်ကွပ်ဖို့ ကြံစည်တာပဲ ... ကိုယ့်ကို မင်းလျှော့တွက်လိုက်တာပဲ ခင်သော်က ...

"မင်းနာမည် မေချစ်သူလား"

"ဟုတ်"

"မင်းထိုင်ရမှာက ဟိုစားပွဲပဲ"

"ဟုတ်ကဲ့"





"ပြောင်းထိုင်"

"ဟုတ်"

"အား"

အရေးထဲ ပခုံးမှာလွယ်ထားတဲ့အိတ်က ပြုတ်ကျသေးသည်။

"မေချစ်သူ"

"ရှင်"

"မင်း ဒီလောက်အထိ ပြာယာခတ်နေဖို့မလိုဘူးနော် ... ဘာမဆို အေးအေးဆေးဆေး လုပ်ကိုင်ဆောင်ရွက်တတ်တာပဲ ကိုယ်ကြိုက်တယ်"

"ဟုတ်ကဲ့"

"ဒီလိုသာ အမှားမှားအယွင်းယွင်းနဲ့ တွေ့မြင်ရာကို သတိလက်လွတ်ဝင်တိုက်နေတာမျိုး ကိုယ် လက်မခံဘူး၊ ကြိုက်လည်း မကြိုက်ဘူး မေချစ်သူ"

"နောက် မဖြစ်စေရပါဘူး ... ကိုထိန်ပြောတဲ့အတိုင်း နေပါ့မယ်"

"ဘာ ... ကိုထိန်ဟုတ်လား ... မင်းအဆင့်နဲ့များ"

"အဲ ... ဟာ ... တောင်းပန်ပါတယ်၊ ယောင်ပြီး ခေါ်မိသွားတာပါ။ MD အဲ ... ဆရာ ... အဲ ... သူဌေး"

"တော်တော့ ... မင်း ... ဘယ်လိုကောင်မလေးမျိုးလဲ



www.burmeseclassic.com

www.burmeseclassic.com



မချစ်သူ”

“ရှင်”

“မင်း ဘာတွေဖြစ်နေတာလဲ၊ မင်းတာဝန်က ဘာလဲဆိုတာ သိရဲ့လား”

“ဟို ... ဒီက ... အဲ ... ဦးလမင်းထိန်ရဲ့ အတွင်းရေးမှူးပါ၊ သွက်လက်ရမယ်၊ ဖျက်လတ်ရမယ်၊ ရိုးသားရမယ်၊ ကြိုးစားရမယ်၊ ချက်ကနဲဆို နားကွက်မီးတောက်”

“ဟော့ ... ဘာတွေပြောနေတာလဲ ... တိတ်စမ်း ... မင်းကို ကြည့်ရတာ ရွာသားကြီးကလွတ်လာတဲ့ အရူးပုံစံပဲ”

ထိုစကားအတွက်တော့ မချစ်သူရဲ့ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်သည်ဟု ထင်သည်။ နှိမ်ချချင်တာပဲ ...

“ကျွန်မက ဘယ်လိုခေါ်ရမှန်း မသိလို့ပါ ... MD လား ဆရာလား ... သူဌေးလား၊ ဒါမှမဟုတ် ဦးလမင်းထိန်လို့ပဲ ခေါ်ရ မလား ... မဟုတ်ပါဘူးနော် ... ချစ် ယောင်သွားလို့ပါနော် တောင်းပန်ပါတယ် MD”

“မင်း ဘယ်လိုကောင်မလေးမျိုးလဲ၊ မင်း မလေးမစားမလုပ်နဲ့နော် ... မင်းနဲ့သော် ဘယ်လိုပတ်သက်နေလဲ၊ မင်းတို့ ဘာအကြ အစည်တွေရှိလဲဆိုတာ မသိဘူး”

“ရှင် ... ကျွန်မနဲ့မဒါရိုက်တာ ဘာမှမပတ်သက်ပါဘူး





ဘာအကြံအစည်မှလည်း မရှိပါဘူး MD ... အဲ ... ဦးလမင်းထိန် မကျေနပ်ရင် ကျွန်မ အလုပ်ထွက်ပါ့မယ်”

“ဘာပြောတယ်၊ ဟေ့ နေဦး ... မင်းကို လက်ခံတယ်၊ တော်ပြီကွာ ... မင်းမှာ အလုပ်မရှိသေးဘူး ... ဖုန်တွေဘာတွေရှင်း မင်းအဆင့်က ပြာတာပဲ”

“ပြာတာ ... ဘာလဲ ... ဘယ်လိုအလုပ်မျိုးလဲဟင်”

“မဗီး. ပြာတာတောင်မသိဘူးလား မချစ်သူ”

“ဟင့်အင်း”

ချစ် မျက်ဝန်းလေးကလည်ကလည်နှင့် ကြည့်နေမိသည်။ အင်္ဂလိပ်စာညံ့ပါတယ်ဆိုမှ ဒုက္ခပါပဲ ... ဦးလမင်းထိန်ရှေ့မှာ ဘယ်လို နေထိုင်ရမှန်းပင် မသိတော့ ... သူ့မျက်နှာကြီးက တင်းတင်းကြီး ဘယ်လိုလူကြီးလဲ ... အခြောက်တိုက် ဘဝင်မြင့်နေပုံရသည်။ သူမအား ညံ့ဖျင်းလွန်းတဲ့ကောင်မလေးအဖြစ် ကြည့်နေ၏။ သူ့ရှေ့မှာ နေရတာ သေးသိမ်လာသည်။

“ဟွန်း ... ရှင့်အလုပ်လုပ်မှ မချစ်သူက ထမင်းစားရမှာ မဟုတ်ဘူးနော် ... အပျင်းပြေလာလုပ်တာ ... အထင်တော့ မသေးနဲ့”

စိတ်ထဲကနေပြောရင်း နှုတ်ခမ်းလေးက စူထော်ချင်သည်။ သူက ဘာမှမပြောတော့ ... ပြာတာဆိုတဲ့အဓိပ္ပာယ်ကိုလည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးသိချင်လာသည်။ နားစွင့်နေတာ မပြော ... ဒေါသဖြစ်စရာ ကောင်းလိုက်တာ ... ချစ် ငြိမ်နေရသည်။

"ကရင် ... ရင်"

ဖုန်းသံက မြည်လာသည်။ သူမက ဖုန်းကို ကောက်ကိုင်ပြီး နားထောင်လိုက်၏။ သူက တာဝန်ပေးထားသည်။

"ဟဲလို"

"ကိုလမင်းထိန်နဲ့ စကားပြောချင်လို့ပါ"

"ကျွန်မက ကိုလမင်းထိန်ရဲ့ပြောတာပါ။ ပြောစရာရှိတာ ပြောခဲ့ပါရှင် ... MD မအားလို့ပါ"

"ဟော့ ... မင်းက သူ့ပြောတာ"

"ဟုတ် ... "

"ဘာတွေလဲကွာ ... ပြောတာပဲ မိန်းကလေးထားရတာယ်လို့ ထိန့်ကို ပြောပေးပါ။ ကိုယ်က သူ့မိတ်ဆွေပါ။ ဗလတဲ့ ... ကိုယ့်မွေးနေ့ ရှိလို့ ညစာစားပွဲကို ဆက်ဆက်တက်ပေးပါလို့"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်"

သူမ ဖုန်းကိုချပစ်လိုက်မှ ... တစ်ဘက်မှ ဟော့နေဦးလေဟု အသံပဲကြားလိုက်ရသည်။ သူမ လုပ်တာ တစ်ခုခုတော့ မှားယွင်းသွားပြီဟု စိတ်က ထင်မိလာသည်။ မတတ်နိုင်တော့ဘူး။ ခပ်တည်တည်နှင့် MD ကို ကြည့်လိုက်သည်။





"ကိုဗလဆိုတဲ့လူက ဖုန်းဆက်ပါတယ်၊ သူ့မွေးနေ့ညစာစားပွဲရှိပါတယ်တဲ့ ... ဆက်ဆက်ကြွပေးပါတဲ့ ... ဖိတ်ပါတယ်"

ဗလက သူ့ကျောင်းနေဖက် ငယ်သူငယ်ချင်းပဲ ... ဟုတ်တယ်။ ဒီကောင့်မွေးနေ့ ရောက်ပြီပဲ ... သွားရမယ်။ ဗလနဲ့ မတွေ့ဖြစ်တာတောင် ကြာပြီ။

"ဘယ်မှာလုပ်မှာတဲ့လဲ၊ အချိန်ကရော"

"ဟင်"

"ဘာဖြစ်တာလဲကွ"

"မမေးမိဘူး ... ထင်တော့ထင်သားပဲ ... သူ့ဘက်က ဟော့နေဦးလို့ပြောနေသေးတယ်၊ ချစ်က အလောတကြီး ဖုန်းချပစ်မိတယ်"

"မင်းကတော့ကွာ"

ခဏကြာတော့ ကိုလမင်းထိန်လက်ကိုင်ဖုန်း အသံမြည်လာသည်။

"တီ ... တီ"

"တီ ... တီ"

ဘာတွေဖြစ်မလဲဆိုတာ ချစ် ဆက်မတွေးရဲတော့ ... ရင်တွေ ထိတ်နေသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ထိန်လား"

"ဟုတ်တယ် ... ပေ့ာကောင်ဗလ ပြော"

"ဆောစောတုန်းကကောင်မလေးက မင်းဝန်ထမ်းလား၊ ပြောတော့ ပြာတာတဲ့ ... ဘာတွေခန့်ထားတာလဲ ထိန်ရာ ... ပြီးတော့ ကိုယ်ပြောတာကိုလည်း ဆုံးအောင်နားမထောင်ဘူး ... လေသံက လည်း မာလိုက်တာ"

"ဆောရီးပဲကွာ ... တောင်းပန်ပါတယ်၊ သော့်ဝန်ထမ်းပါ အသုံးမကျဘူး၊ ညံ့လို့ ကိုယ်က ပြာတာနေရာပဲပေးထားတာ"

"ကိုယ့်မွေးနေ့နော် ... မနက်ဖန်ည ခြောက်နာရီ ဆီဒိုးနား မှာ"

"အိုကေ"

"ထိန် ... ဆက်ဆက်လာနော်"

"လာမှာပေ့ါ၊ စိတ်ချ ... "

ကိုဗလဆိုတာနှင့် ချစ် နည်းနည်းလေးတော့ လန့်သည်။ ပြာတာဆိုတာ ညံ့ဖျင်းလွန်းတဲ့ဝန်ထမ်းတဲ့ ... မုန်းလိုက်တာ ... အလုပ်တောင် ထွက်ချင်လာပြီ။

"မေချစ်သူ"

"ရှင်"

"မင်း ဖုန်းလေးတောင်မပြောတတ်ဘူးလား"





"ရှင်"

"ဘာရှင်လဲ"

"ရှင်"

"ဟာကွာ"

ဒီလောက်ညံ့ဖျင်းလွန်းတဲ့ ကောင်မလေးတစ်ယောက်ကို ...အနားပို့လိုက်တာ ခင်သော်ကရဲ့ အကွက်ချစီစဉ်မှုဖြစ်သည်။ မင်း ...ကြိုက ဒီရှုလာက်လေးပဲလား ခင်သော်က ... လူကြီးလူကောင်း ...သလိုက်တာကွာ ... လမင်းထိန်လိုကောင်က ဘယ်လိုမိန်းမမျိုး ...မှ အထင်မကြီးဘူးကွ ... မေချစ်သူကတော့ အပြစ်မရှိပါဘူး။ ...န်ဆာခံမလေး ... မျက်ဝန်းဝိုင်းဝိုင်းလေးတွေထဲမှာ မာနတော့ ...သည်။

"မေချစ်သူ"

"ဟုတ်"

"မနက်ဖြန်ညနေ ခြောက်နာရီတဲ့ ... ဆီဒိုးနားဟိုတယ်၊ မင်း ...တ်ထားပါ၊ စာရေးမှတ်နော် ... ကိုယ့်ကို သတိပေး"

"ဟုတ်"

"စောစောသတိပေးပါ ... ကိုယ်က အလုပ်တွေအရမ်းများ ...တယ် ... မင်းအလုပ်က ကိုယ့်ကိစ္စတွေအားလုံး ကြိုတင်လေ့လာ ...တ်သားထားပြီး သတိပေးဖို့ပဲ ... အသေးစိတ်တွေက အပေါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ကိုယ်က အဝတ်အစားတွေလဲရဦးမယ်"

"ဟုတ်"

"ခဏကြာရင် ကြော်ငြာကိစ္စအတွက် မင်းနဲ့ကိုယ် အပြင်ကို ထွက်ရမယ်"

"ဟုတ်"

"မင်း ယူလာရမယ့်ပစ္စည်းတွေကို ကိုယ်ပြထားမယ်၊ ဖိုင်တွဲတွေကအစပဲ"

"ဟုတ်"

"အလုပ်တွေကို မင်း စနစ်တကျလုပ်တတ်အောင် လေ့ကျင့်ထားပါ မေချစ်သူ"

"ဟုတ်"

"မင်းက လူသစ်ဆိုတော့ ... ကိုယ် ခွင့်လွှတ်တယ်၊ ကြိုးစားပါ"

"ဟုတ်"

"မင်း စကားပြောရင် လေသံနည်းနည်းမာတယ်၊ သတိထားပါ၊ လေသံကို အမိကထားလေ့ကျင့်ပါ"

"ဟုတ်"

"ကိုယ့်ကို ဆရာလို့ခေါ်ပါ"





"ဆရာ"

"ဟုတ်ပြီ"

သူ ဘာမှမပြောချင်တော့ ... ပြောသမျှ ဟုတ် ... ဟုတ်နှင့် ခင်တဲ့ကောင်မလေးပါ။ မင်းကို ကိုယ်ခွင့်လွှတ်လိုက်တယ် ချစ်သူ ... ဘာဖြစ်လို့လဲဆိုတော့ ခင်သော်ကရဲ့အသုံးချခံ ရိုးသား ဖြစ်နေလို့လေ။ မင်းကို ခပ်ညံ့ညံ့ကောင်မလေးမို့ ကိုယ့်အနား လိုက်တာ ...။ မျက်ဝန်း နက်နက်စိုစို ကျယ်ကျယ်လေးက သူ့ကို ဆွယ်ဖြားယောင်းခြင်းတွေ ကင်းနေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

မမကြီးရော ... ချစ်တော့မလွယ်ဘူး။ အမှားအယွင်းတွေ မရှိအောင် သူ့ရှေ့မှာ တာဝန်ထမ်းဆောင်ပြချင်ပါတယ်။ သူကတော့ ချစ်ကို ခပ်နှိမ်နှိမ် ... အထင်သေးသလိုလို ဆက်ဆံနေတာ ... မမကြီးသိရင် ဒီအလုပ်ကနေ ချက်ချင်းထွက်ခိုင်းပစ်မှာပဲ ... ချစ် တောင် မနည်းသည်းခံနေရတာပါ။ ယောက်ျားတစ်ယောက်ရဲ့ အထင်သေးမှုတွေကို ပထမဆုံးအကြိမ် တွေ့ကြုံရ၍ ချစ် အောင် သက်သက်တော့ ဖြစ်ရသည်။

"ချစ်ဘက်ကနေ အမှားကြီးမှားနေလို့နော် ဟွန်း"

သူမကိုယ်တိုင်က အလွဲလွဲအချော်ချော် ... ခဏကြာရင် ကြော်ငြာကိစ္စနဲ့ အပြင်ထွက်ရမယ်တဲ့ ... ချစ် ယူလာရမည့်ဖိုင် တွေကိုလည်း သူက အသေအချာပြထားသည်။

"သေချင်တာပဲ ... မှတ်ဉာဏ်နည်းပါတယ်ဆိုမှ မှတ်ခိုင်





ထားတာတွေက အများကြီးပဲ ... မနက်ဖြန်အတွက်တောင် ကြို မှတ်ခိုင်းနေသေးတယ်"

သူမ စာရင်းစာအုပ်အရှည်ကြီးတစ်အုပ်ကိုယူပြီး အသေ အချာ မျဉ်းကြောင်းတွေဆွဲလိုက်သည်။ ယောက်ျားတစ်ယောက် အထင်သေးတာတော့ မခံနိုင်ဘူး။ ပြာတာဆိုတာ အသုံးမကျတဲ့ အောက်ခြေသိမ်းလုပ်ရတဲ့ ဝန်ထမ်းတဲ့ ... သူက သူ့သူငယ်ချင်းကို ပြောနေတာလေ။

"ချစ် သေသေချာချာလုပ်ရမယ်၊ ကိုယ့်ရဲ့ ညံ့ဖျင်းတဲ့အကျင့် တွေကို ပြင်ပစ်မယ်၊ ဒီနေ့ကစပြီး မေချစ်သူ ... ပေါ့ပျက်ပျက်မနေ တော့ဘူး၊ အကျင့်ဆိုးတွေကို လုံးဝပြောင်းပစ်မယ်"

စိတ်ထဲကနေ တစ်ယောက်တည်း ကြိမ်းဝါးနေမိပြီး မှတ် ရမှာတွေကို သေသေချာချာမှတ်နေသည်။ အသုံးမကျလို့ အလုပ်ကထွက်ရရင် ရှက်စရာကြီး ... လူပဲ ... ညည်း မညံ့နဲ့ ... ချက်ဆို နားထင်ကမီးတောက်နေစေရမယ်။ မမကြီး ပြောပြော နေတာလေ။

"မေချစ်သူ"

"ရှင်"

"သွားမယ်"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာလို့ခေါ်တဲ့ ... တော်တော် ဆရာလုပ်ချင်တဲ့လူ ... ကုမ္ပဏီပိုင်ရှင် သူဌေးဖြစ်နေလို့နော် ... ချစ်ကျတော့ မင်း စကား မပြောတတ်ဘူးလားတဲ့ ... လေသံကမာတယ်တဲ့ ... သူကျတော ရော ... လူကို အဖက်မတန်သလိုလို ... မျက်နှာကြီးက တစ်ကာ လုံး သူ့လုပ်စာထိုင်စားနေရသလိုကြီး ရှုတင်းနေသည်။ သူက ရှေ ထွက်သွား၍ သူမလည်း နောက်မှလိုက်လာခဲ့၏။ ကားပေါ် တ ထိုင်၍ ကားလေးက မောင်းထွက်လာလေသည်။

"ကိုခ"

"ဗျာ ... MD"

"မင်း ... ကိုယ်တို့ကိုချပေးပြီးသွားရင် ကုမ္ပဏီကိုပြန်ပေ ကိုယ် ဖုန်းဆက်မယ်၊ မင်း ပြန်ကြိုရမယ့်အချိန်လေ"

"ဟုတ်ကဲ့ပါ MD"

ဟွန်း တခြားသူတွေကျတော့ MD တဲ့ ... ချစ်ကျမှ ဆရာ ခေါ်ခိုင်းတယ်။ တကယ်ပါပဲ ... မုန်းစရာကောင်းလိုက်တာ ရှင့်ဟာရှင် ဘယ်လောက်ကြီးပဲချောချော ... ဘယ်လောက်ကြ ဂုဏ်သရေတွေရှိနေပါစေ ... မေချစ်သူတို့က အထင်ကြီးမယ်မ နဲ့နော် ... ကျွန်မက မာနတော့ ရှင့်ထက်ချမ်းသာတယ်။ စိတ်ထဲ နေ မကျေမနပ်နှင့် ဒေါသတွေပေါက်ကွဲနေရသည်။

"ဘယ်လိုကြီးလဲ၊ နေရာတကာ အမိန့်တွေပေးနေတ



အလကားပဲမျှားနေတာ ... အထင်မကြီးပါဘူး"

ကားက ရပ်သွားတော့မှ ... ချစ် အတွေးတွေပြတ်သွားပြီး ကားပေါ်မှဆင်းလိုက်သည်။ သူကတော့ ဒရိုင်ဘာကဆင်းပြီး တံခါး ဖွင့်ပေးမှ ဆင်း၏။ ကြီးကျယ်ခန်းနားလွန်းသည်။

"မင်းလာခဲ့ မေချစ်သူ"

"ဟုတ်"

ချစ် ... စမတ်ကျကျနှင့် ဒေါက်မြင့်ဖိနပ် တဒေါက်ဒေါက်နှင့် သူ့နောက်ကနေ ကျော့ကျော့မော့မော့လေး လိုက်လာခဲ့သည်။ အလုပ်ကိစ္စအပ်ရမည့် ရုံးခန်းကြီးထဲဝင်လာခဲ့၏။ ဦးလမင်းထိန်ကို တရိုတသေ တလေးတစားဆီးကြိုနေကြသည်။

"ကြွပါ၊ သူဌေးထိုင်ပါ"

ဆိုဖာဆက်တီကြီးပေါ်မှာ စတိုင်လ်အပြည့် ဝင်ထိုင်သည်။

"မေချစ်သူ"

"ရှင်"

"မင်းကို ယူလာခိုင်းတဲ့ ကြော်ငြာဒီဇိုင်းရော ... ပေး"

"ဟုတ်"

ဖိုင်တွဲတွေကို လှန်လှောရှာမိသည်။ ဘုရားရေ ... ချစ် ဖိုင်တွဲ မှားပြီးယူလာတာပဲဖြစ်သည်။ သေပြီဆရာ ... တစ်ဖက်လှည့်နိုင်ရှင် တွေရှေ့မှာ ဦးလမင်းထိန်က မျက်လုံးတွေစူးစူးရှရှ ပင်းတင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။ သူမ ခေါင်းလျှော်တွေပင် ဖွဲ့လာသည်။

"မေချစ်သူပေးလေ ... မင်းကို သေသေချာချာယူခဲ့ပါလို့ ပြောထားတာလေ"

"သေပြီဆရာ"

"ဘာ"

"ဟို ... ဟိုလေ"

သူမ ဘယ်လိုပြောရမလဲ။ သေပစ်ချင်လာသည်။ ဒီလောက် သတိထားပြီး အကျင့်ဆိုးတွေကို ပြင်ဖို့လုပ်နေကာမှ မထူးတော့၍ သူနှင့်ရင်ဆိုင်ပစ်လိုက်သည်။

"ဟိုလေ ... ဆရာ ... ဗိုင်က မှားပါလာတယ်၊ သေသေချာချာလုပ်ရင်းက ရောသွားတယ်၊ မပါတော့ဘူး ... ဆရာ"

"မင်းကွာ"

ဘယ်လောက် ဒေါသဖြစ်စရာကောင်းလွန်းတဲ့ ကောင်မ လေးတစ်ယောက်လဲ ... အရေးကြီးပါတယ်။ သေသေချာချာယူခဲ့ပါ လို့ ပြောထားရက်နဲ့ ... ညံ့ဖျင်းလွန်းတယ်။ မင်းက ပြာတာအဆင့် လောက်ပဲတန်တယ် မေချစ်သူ ...

"ရပါတယ် MD ... နောက်နေ့မှယူလာပေးပါ၊ ဒီနေ့တော့ အလုပ်အပ်တဲ့ကိစ္စပဲ ပြောကြတာပေါ့"

"ဘယ်ဟုတ်မလဲ ကိုပေါက်ရာ ... ကျွန်တော်က အလုပ်





လုပ်ရင် တိကျမှုကြိုက်တယ်၊ ခဏလေး ... ခဏ"

ဦးလမင်းထိန် မျက်နှာရဲရဲပျက်ပျက်နှင့် အပြင်ထွက်လာ၍ ချစ်လည်း ကမန်းကတန်းလိုက်လာခဲ့ရသည်။

"မေချစ်သူ"

"ရှင်"

"မင်းပြန်ယူ ... မင်း တော်တော်အသုံးမကျတာဘဲ ... ကိုယ် ဘယ်လောက်အထိ မျက်နှာပျက်ရလဲ၊ ဒါ အလုပ်ကွ ... ကလေး ကစားနေတာမဟုတ်ဘူး၊ မင်း တာဝန်မသိတတ်တဲ့ ကောင်မလေး ပဲ"

"ချစ် ပြန်ယူပါ့မယ် ဆရာ ... ဒါမှမဟုတ် ... ကုမ္ပဏီကို ဖုန်းဆက်လိုက်ရင်ရော"

"မင်းကိုယ်တိုင်ပြန်ယူ ... ကားငှားသွား ... နာရီဝက်အတွင်း ပြန်လာခဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

မတတ်နိုင်တော့ဘူး ချစ်အမှားပဲ ... ပြောဆိုလိုက်တာ လူကို နစ်ပြားတောင်မတန်တော့ဘူး။ အော်ဟစ် ငိုပစ်ချင်လာ သည်။ ဟိုဘက်က နောက်နေ့မှပေးပါဆိုတာ ... ချစ်ကို အပြစ်ဒဏ် ပေးလိုက်တာပဲ ... ကားငှားပြီး ကုမ္ပဏီကို ပြန်လာရသည်။

ချစ်ရဲ့ ဒေါက်မြင့်ဖိနပ်သံက ... ကုမ္ပဏီတစ်ခုလုံး ဆူညံ



www.burmeseclassic.com

www.burmeseclassic.com



ပွက်လောရိုက်သွားသည်။

"ချစ် ... ဘာဖြစ်လာတာလဲ"

"ခဏလေး"

ချစ် ရှင်းပြမနေနိုင်သေးဘဲ မမသော်ကကိုလက်ပြပြီး ရုံးခန်း ထဲဝင်လာခဲ့တော့ ... သူမယူရမည့်ဖိုင်တွဲက စားပွဲပေါ်မှာရှိနေ တော်ပါသေးရဲ့ ...

"ဟူး ... "

သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်ပြီး ... ကမန်းကတန်း ပြန်၍ပြေးထွက်လာရသည်။

"ဒေါက် ... ဒေါက်"

"ဒေါက်"

တစ်ရုံးလုံး အကြည့်တွေက သူမဖိနပ်သံကြောင့် စုပြုံရောက် ရှိလာကြလည်း မတတ်နိုင်တော့ဘူး။ ချစ်က အပြေးအလွှားပဲ ...

"ချစ် ... ဘာတွေဖြစ်နေတာလဲ၊ ဒီကောင်မလေး"

"နောက်မှ ... "

မဖြစ်ဘူး။ ဘယ်သူနှင့်မှ စကားမပြောနိုင်သေးပေ ... နာ ဝက်အတွင်းတဲ့ ... သူမကို ဒဏ်ပေးတာပါ။ ကုမ္ပဏီကို လှမ်း ဖုန်းဆက်ရင်လည်း ရပါလျက်နှင့် ... သူမ အပြေးအလွှား ကားပြ ဌားပြီး လာခဲ့သည်။



"ဟူး ... ပိုက်ဆံမရှိရတဲ့အထဲ ကားငှားခ သုံးထောင်က ထွက်သေးတယ်"

ချစ်ကိုယ်တိုင်လည်း ပေါ့ပါတယ်။ မမေ့အောင် ကြိုးစားလုပ် ကာမှ သူကတော့ ဒေါသတွေထွက်နေမှာ သေချာသည်။ ကြော်ငြာ ကိစ္စစီစဉ်တဲ့ ကုမ္ပဏီရောက်မှ ချစ် သက်ပြင်းမောကြီးကို ပစ်ချနိုင် ၏။ သူကတော့ ဒေါသတွေထွက်နေသည်။

"ကိုယ် ဘယ်လောက်အထိမျက်နှာပျက်ရလဲ မေချစ်သူ အသုံးမကျတာဘဲ ... မင်း တာဝန်မယူနိုင်ဘဲ ဘာဖြစ်လို့လက်ခံရ တာလဲကွ"

တစ်လမ်းလုံး ဆူ၍မဆုံးတော့ ... ချစ်လည်း ကိုယ်ကအမှား လုပ်ထားမိသဖြင့် ခေါင်းလေးငုံ့ပြီး ခံနေရသည်။

"မင်းမှာ ဦးနှောက်မရှိဘူးလား မေချစ်သူ ... ပြောစမ်း"

"အား"

သူမ ခေါင်းကို လက်သီးနှင့်ရွယ်လိုက်၍ အော်မိသွားသည်။

"မင်း အသုံးမကျဘူး ... မင်းကို ဘယ်နေရာမှာသုံးရမလဲ၊ ပြာတာပဲကောင်းတယ်"

မိန်းကလေးတစ်ယောက်ရဲ့ ပေါ့ပျက်မှုကို တွေ့လိုက်ရ သည်။ နဂိုထဲက အထင်မကြီးပါဘူးဆိုမှ ...

"ဒါ လုံးဝမမေ့လျော့သင့်တဲ့ကိစ္စကွ ... တစ်ယောက်နဲ့ဘာ

www.burmeseclassic.com

www.burmeseclassic.com



ယောက် အထင်ကြီးလေးစားမှုကို တည်ဆောက်ကြရတာ ... ကိုယ် ဒီနေ့လောက် စိတ်ပျက်တာမရှိတော့ဘူး”

ချစ် လက်ခံလိုက်မိတာ မှားသွားပြီထင်တယ်။ မမသော်က ပြောတော့ သင်တန်းတက်ရမယ်ဆိုပြီး သူ့အနားကို ရုတ်တရက်ကြီး ပို့ပစ်ခဲ့သည်။ ချစ် ငိုပစ်ချင်လာ၏။ အကြောမာလွန်းတဲ့ချစ်ပင် မျက်ရည်တွေက သူမမျက်ဝန်းတွေထဲ ဘယ်ကနေဘယ်လို စုပြုံ ရောက်ရှိလာမှန်း မသိဘူး။ ခေါင်းမဖော်ရဲတော့ ... မျက်ရည်တွေက သူမမျက်ဝန်းတွေထဲက ပြုတ်ကျလာပြီး တစ်ပေါက်ပေါက် ...

“မင်း ... မင်း ငိုနေတာလား မေချစ်သူ ... ဟေ့”

သူမ မျက်ရည်တွေက သူမရဲ့ နက်ပြာရောင်စကာဒ်လေးပေါ် တစ်ပေါက်ပေါက် လိမ့်ဆင်းကျလာတာကို မြင်လိုက်ရ၍ ထိန် နည်းနည်းတော့ ထိတ်ထိတ်ပြာပြာဖြစ်သွားသဖြင့် ကားကို လမ်းဘေးမှာ ထိုးရပ်ပစ်လိုက်သည်။ တော်သေးတာက ဒရိုင်ဘာကိုခ မပါလို့ ...

“အဟင့် ... ဟင့် ... အီး ... အီး”

“ဟေ့ ... မေချစ်သူ ... မင်း ... မင်း”

မေချစ်သူက ဝမ်းနည်းကြေကွဲစွာဖြင့် အသံလေးထွက်အောင်ပင် ငိုရှိုက်လိုက်သဖြင့် လမင်းထိန် ဘယ်လိုပြန်ချော့ရမှန်း မသိတော့ ... သူ တစ်ကြိမ်တစ်ခါမှ မိန်းကလေးတစ်ယောက်နှင့် တရင်းတနှီးနေထိုင်ခြင်း မရှိခဲ့ဖူးပေ ...





“ဟော့ကောင်မလေး ... ဒါက ငိုစရာလားကွ ... မင်း အမှားလုပ်တာလေ၊ ကိုယ် ဒေါသမထွက်ရဘူးလား၊ အထက်လူကြီးက မင်းကို ဆူနေတာ ... မင်း လက်ခံရမယ်”

“အီး ... အဟင့်”

“ဒုက္ခပါပဲကွာ ... မင်း ကိုယ့်ကိုအရှက်ခွဲဖို့ ကြံစည်မှာလေ၊ ဟေ့ ... မင်းကို ဘာလုပ်လို့လဲကွ ... မင်း ... မင်းနဲ့ ခင်သော်ကတို့ ဘာတွေကြံစည်ထားကြလဲ၊ ကိုယ့်ဂုဏ်သိက္ခာမဲ့အောင် လုပ်ဖို့လား”

သူမ မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး ... ဆရာ့ကို ဆတ်ခနဲ မော့ကြည့်ပစ်လိုက်မိလေသည်။

“ချစ်က ဘာကြံစည်ရမှာလဲ၊ ဆရာ ဒီလောက်အထိ အထင်သေးစရာ မလိုပါဘူးနော် ... မမဒါရိုက်တာက အတင်းခန့်တာလေ၊ ချစ် မလုပ်ပါဘူး၊ ဘာအရည်အချင်းမှ မရှိပါဘူးလို့ ပြောထားတာပဲ ဆရာ့အနား လိမ်ညာပြီးရောက်လာတာလည်း မဟုတ်ဘူး၊ ချစ် ဒီအလုပ်လာလုပ်တာ ငတ်လို့မဟုတ်ဘူးနော် ... စားနိုင်သောက်နိုင်တယ်၊ ပျင်းလို့လာလုပ်တာ”

“ဘာ ... ဟာကွာ”

မေချစ်သူစကားကြောင့် သူ ရယ်ချင်သွားသည်။ အလုပ်လာလုပ်တာ ပျင်းလို့တဲ့ ... ရည်ရွယ်ချက်က တော်တော်လေးကြီးမားနေတာပဲ ... အလုပ်လုပ်တာ အပျင်းပြေဖို့လား။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မအစ်မက သူ့ဈေးဆိုင်မှာ ဝင်ရောင်းခိုင်းမှာ ကြောက်လို့ပါ၊ ကျွန်မ အလုပ်မလုပ်လည်း စားနိုင်သောက်နိုင်ပါတယ်ရှင့် လူတို့ အထင်သေးပြီး နှိမ်ချဆက်ဆံနေတာတော့ မုန်းတယ်"

ပြောချင်တာတွေကို ပွင့်ပွင့်လင်းလင်းကြီး ပြောနေတဲ့ မေချစ်သူဆိုတဲ့ ကောင်မလေးကို ... သူ ငေးကြည့်မိသွားသည်။ မျက်ဝန်းတွေထဲမှာလည်း မျက်ရည်တွေက ပြည့်ပြည့်လာလိုက် သုတ်ပစ်လိုက်နှင့် နှပ်ချေးတွေလည်း အပြင်ကို ထွက်နေသေး၏။ သူ ကားကို ဆက်မမောင်းရဲဘဲ ရပ်ထားသည်။

"တော်ပါပြီ ဆရာ ... ဒီလောက်အထင်သေးနေရင်လည်း ချစ် မနက်ဖြန်ကစပြီး အလုပ်ကိုမလာတော့ပါဘူး၊ ထွက်မယ် ... တစ်ကမ္ဘာလုံးမှာ ဆရာ့ကုမ္ပဏီတစ်ခုမှာပဲ ကျွန်မအတွက် လုပ်စရာ အလုပ်ရှိမယ်ဆိုရင်တောင် လာမလုပ်ဘူး၊ အငတ်ခံမယ်၊ သေချင်လည်း သေပါစေ"

"ဟေ့"

"ပြန်တော့မယ်"

သူမက ကားပေါ်နေ ဆင်းမယ်ပြင်လိုက်၍ ... သူ အထိတ်တလန့်နှင့် ကားတံခါးတွေကို လော့ခ်ချပစ်သည်။

"မင်း ... မင်း ... ခဏနေဦး ... ဒီလိုကြီးပြန်လို့ မဖြစ်သေးဘူးနော် မေချစ်သူ"

"ဘာဖြစ်လို့လဲ ... ဆရာ့ဂုဏ်သိက္ခာကြီးတွေ ပွန်းပဲ့သွားမှာ





နိမ်လို့လား၊ စိတ်ချပါဆရာ ... ချစ် ဒါဒီလောက် စိတ်ဓာတ် ...ာက်တန်းမကျပါဘူးနော် ... ချစ်ဟာချစ် အသုံးမကျလို့ တာဝန် ...ွေ ထမ်းဆောင်နိုင်လောက်တဲ့ အရည်အချင်း မရှိလို့ဆိုတဲ့ ...ကြောင်းပြချက်တွေ ပေးမှာပါ"

မေချစ်သူရယ် ... မင်းကတော့ တကယ်ပါပဲကွာ ... သူ ...ိန်တောင်းပန်ရသည်။ ဘယ်လောက်အောက်လဲ ... အပြစ်ကင်းမဲ့ ...ဲ့ ကောင်မလေးလည်းဖြစ်၍ သနားမိသလိုလို ... ခင်သော်ကရဲ့ ...သုံးချမှုကို ဖြူစင်စွာခံနေရသူလေးပါ။ သူ အောက်ကျရမှန်းလည်း သိတော့ ... မေချစ်သူကို အထပ်ထပ်တောင်းပန်နေမိသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

ချစ်လည်း အလုပ်မထွက်ချင်။ ချစ် အမှားလုပ်မိနေတာပဲ။ ချစ်အပြစ် ... ထို့ကြောင့်ပင် ချစ် အလုပ်ကနေမထွက်ဖို့ ဆုံးဖြတ်မိသည်။ ကိုယ့်အပြစ်ကနေ သူ့အပြစ်ဖြစ်သွားပြီပဲ ... ချစ် မျက်ရည်ကျပြလိုက်တာ မှန်သွား၏။ ဆရာက အနူးအညွတ်တောင်းပန်နေ၍ ချစ် ရယ်ချင်သွားသည်။

"မေချစ်သူ ... မင်းမှာ မျက်နှာကိုရိုက်စရာ ကရင်းတာတ်တွေဘာတွေ မပါဘူးလား"

"ဟင့်အင်း"

"ကဲပါကွာ ... ကိုယ် ဆင်းဝယ်လိုက်မယ်"

"ရပါတယ် ဆရာ ... မလိုပါဘူး၊ ကျွန်မ အိမ်ကိုပြန်တော့မှာပဲ"

ရုံးဆင်းချိန်လည်း ရောက်နေပြီဖြစ်၍ သူမ ပြန်တော့မည်။





သူကတော့ ပြာယာခတ်နေဆဲ ...

"ကျွန်မ ဘတ်စ်ကားနဲ့ပဲပြန်ပါ့မယ်၊ ဒီနေ့က ကျွန်မအမှားပါ။ နောက် မမှားစေရတော့ပါဘူး"

"မေချစ်သူ"

"ရှင်"

"မနက်ဖြန်ညနေ ညှော်ခံပွဲရှိတယ် ... မင်းအိမ်ကို ပြောခဲ့ပါ။ အဝတ်အစားလည်း အပိုယူခဲ့ ... ဪ ... မင်းမှာ ပွဲတက်အဝတ်အစားရှိလား"

"ရှိပါတယ် ဆရာ ... ကျွန်မက ဝတ်နိုင်စားနိုင်ပါတယ်၊ အထင်မသေးပါနဲ့"

"ဟာ ... ဒီကောင်မလေးတော့"

သူ့လက်ကိုရွယ်လိုက်ပြီးမှ ထပ်ဒိုမှာစိုး၍ ပြန်ရုတ်ပစ်လိုက်သည်။ မင်းခေါင်းကို ခပ်နာနာလေးထုပစ်ချင်သည်။ မင်း အငှားကားနဲ့သွားဆိုတော့ ပိုက်ဆံမရှိတော့ဘူးတဲ့ ... ဆရာနှိပ်စက်လို့လေတဲ့ ...

"ရော့ ... ကားခ ... မင်းကို ပြာတာအဆင့်ကနေ တိုးပေးပါ့မယ်၊ အချိုးပြေပြေလေးလုပ်ပါ မေချစ်သူ"

"ဟုတ်"

ပြောလိုက်လျှင် တဟုတ်ဟုတ်နှင့်လုပ်ပြီး တလွဲစီပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မချစ်သူအား ကားငှားပေးရင်း ... စိတ်ပူပြီး အငှားကားနံပါတ်ကို လည်း မှတ်ရသေးသည်။

"သွားတော့ ... မနက်ဖြန်ညနေ မင်းအိမ်ကိုပြောခဲ့နော်၊ မေ့မနေနဲ့ဦး မေချစ်သူ"

"ဟုတ်"

မေချစ်သူ ပြန်သွားသည်။ သူ ငေးမောကြည့်မိနေသည်။ မေချစ်သူက ဖြူစင်တဲ့ အဖြူရောင်သက်သက်လေးပါ။ သော်ရဲ့ ထိန် စိတ်ရှုပ်မိပေမယ့် ... ကောင်မလေးရဲ့ အပြုအမူအတွက် ခွင့် လွှတ်နိုင်ခဲ့သည်။

"သော် ... မင်းက ဘာဖြစ်ချင်တာလဲ၊ မင်းက ကိုယ့်ကို ဒီလိုဟာမလေးမျိုးနဲ့ပဲတန်တယ်လို့ ပို့ပေးခဲ့တာလား၊ ကိုယ်က ရိုးသားမှုကို နှစ်သက်တယ်၊ တန်ဖိုးထားတယ်"

မေချစ်သူရဲ့ကားလေး ပျောက်သွားသည်အထိ သူ့ကားကို ရပ်ထားဆဲပင် ... သူ အိမ်ပြန်ရောက်လာတော့ ... ခင်သော်က ရောက်နေသည်။

"ထိန် ... ဘယ်တွေသွားနေတာလဲ၊ ကောင်မလေးနဲ့ အဆင် ပြေရဲ့လားလို့ သိချင်လို့လေ"

"မေချစ်သူလား၊ အင်း ... ရိုးသားပါတယ်၊ ဖြူစင်တယ်၊ ကလေးဆန်တယ်"





"အမယ်လေး တော်ဝါတော့ ထိန် ... ချီးမွမ်းခန်းတွေက အမ်းများလွန်းနေပြီ"

"ကျေးဇူးတင်တယ် သော် ... နည်းနည်းတော့ပြဿနာရှိ တယ်၊ ပေါ့ပျက်ပျက်လေးပဲ ... ချစ်စရာကောင်းပါတယ်"

သူ တမင်ပြောတာပါ။ သော့်အကြံကို ထိန် သိနေ၍ဖြစ် သည်။

"ကောင်မလေးကို သော် လေ့ကျင့်ပေးပါ့မယ်၊ သော်တို့ ခေတ်က ကြော်ငြာကုမ္ပဏီလေ ... ဒီလိုကောင်မလေးမျိုးတွေ နဲ့ မလွှတ်တမ်းဆွဲထားလိုက်တာလေ"

"အင်း ... ကိုယ် သုံးကြည့်နေတာပါ၊ အစွမ်းအစတော့ သိပ် ရှိဘူး"

"သော် တာဝန်ယူပါ့မယ် ... ထိန့်အတွက် လုံးဝအသုံးမဝင် တော့ဘူးဆိုရင်တော့ အားမနာပါနဲ့ ပြောပါ"

မေချစ်သူနှင့် အကြာကြီးတွဲပြီး သူ နေနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ထိန့်စိတ်ထဲမှာ လေးလေးလံလံကြီး တော့ ဖြစ်ရ၏။ ပေါက်ကွဲစေတတ်တဲ့ အင်အားပြင်းဗုံးတစ်လုံးကို ကိုင်ထားရသလိုဖြစ်နေသည်။

"လောလောဆယ်တော့ ပြဿနာက သိပ်မကြီးထွားသေး ပါဘူး သော် ... စောင့်ကြည့်ကြတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုထိန် ...

ရှင် ... သော့်ကို မေချစ်သူနဲ့ နှိုင်းယှဉ်မကြည့်နိုင်ဘူးလား။

"ကိုယ် အဝတ်အစားလဲတော့မယ် ... ပင်ပန်းတယ်ကွာ မေချစ်သူကြောင့် ကိုယ့်ဦးနှောက် တော်တော်လေးစားသွားတယ်"

ထိန် တမင် အကြောင်းပြပြီး ထွက်သွားတာပဲ ... အမြဲတမ်း သော့်ကို ရှောင်တယ်။ သော် မကျေနပ်တာအဲဒါပဲပေါ့။ မေချစ်သူလို ညှို့ဖျင်းပေါ့ပျက်တဲ့ မိန်းမတစ်ယောက်အနားမှာ ရှိနေတာတောင် ရှင်က သော့်တန်ဖိုးကို မသိသေးဘူးပေါ့လေ။ သော် မကျေနပ်မိ။

"ထိန်"

"ဟင်"

"သော်တို့ အပြင်ထွက်ပြီး ညစာစားကြမယ်"

"Sorry ကွာ ... ကိုယ် ပင်ပန်းလာလို့ပါ။ အနားယူချင်တယ်"

"မရဘူး၊ ရှင်မလိုက်ရင် အန်ကယ့်ကိုတိုင်မှာနော်"

"သော် ... မင်း ကလေးမဆန်စမ်းပါနဲ့ ... ကိုယ်တို့နှစ်ယောက် တွဲထွက်လို့မဖြစ်ဘူး ... ကုမ္ပဏီဝန်ထမ်းတစ်ယောက်ယောက်နဲ့တွေ့သွားရင် အတင်းအဖျင်းပြောစရာ ဖြစ်လိမ့်မယ်"

ကိုထိန် အစုတ်ပလုတ်က သော်နှင့် ဘယ်တော့မှ တွဲမသွားခဲ့ ... အကြောင်းတစ်ခုခုရှာပြီး ငြင်းပယ်သည်။

"ပြန်မယ်"





"ပြန်လေ"

"ထိန်နော်"

"သော် ... မင်းအတွက် ပြောပြတာပါ၊ မင်းကမိန်းကလေးပြီးတော့ ... ဂုဏ်သရေရှိတဲ့သူပါ"

"ဟွန်း"

သော် ထသည်။ ထိန်က မတားဆီးဘဲ အပေါ်ထပ်သို့ဆက်တက်သွား၏။ သော် စိတ်ဆိုးလိုက်တာ ... ရှင်က အဖက်မတန်သလို လုပ်ပြနေတာပေါ့လေ။ သော် ဒေါသဖြစ်ရသည်။

"သော်လေး ... သမီး ရောက်နေတာလား၊ ပြန်တော့မလို့လား"

"ဟုတ်ကဲ့ အန်ကယ် ... အလုပ်ကိစ္စအတွက် သော် ရောက်လာတာပါ"

"သားရော"

"ထိန်က ပင်ပန်းလို့တဲ့လေ"

"ဘယ်ဟုတ်မလဲ၊ လုပ်ငန်းတူလုပ်ကြတဲ့သူတွေပဲ ... ခဏနေဦးလေ သမီး"

သားထိန်လုပ်ပုံ မဟုတ်တော့ဘူး။ ဦးထွန်းတောက် လက်ခံနိုင်။ ခင်သော်ကလေးက အစွမ်းအစရှိတဲ့ မိန်းကလေးပါ။ ထော်မြတ်သူ ... ဦးထွန်းတောက် သားနှင့် သဘောတူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သော် ပြန်ပါတော့မယ် အန်ကယ် ... နေပါစေ၊ ထိန့်ကို မနှောင့်ယှက်တော့ပါဘူး"

"သမီးသော်"

"ရပါတယ်၊ သမီးက အလုပ်ကိစ္စအတွက် လာတာပါ။ ပြီး ပြီ"

ရှင့်ကို ဒီလောက်အထိ အောက်ကျခံပြီး မပြောတော့ပါဘူး သော့်ဘဝမှာ ရှင်က အသေးအမွှားပါ။ မာနတကြီးနှင့် သော် ထပြ လာခဲ့သည်။

"သမီးသော် ... လောကကြီးထဲမှာ ထိန်တစ်ယောက်ထ ယောက်ျားရှိတာမှမဟုတ်တာ ... သမီး မာနနဲ့နေစမ်းပါ"

မေမေက ပြောနေသည်။ သူမလည်း မာနနဲ့နေတာပါ။ ထိ ကိုတော့ လက်လွှတ်မခံနိုင်လာလည်း သူမ သိနေ၏။ အောက်ကျ မခံချင်လို့သာပါ။ သူမ ပြန်ရောက်လာတော့ ... မေမေက ထိန့်ဆီ သွားတာလား။ အလုပ်ကိစ္စအဆင်ပြေလားဟု မေးသည်။

"ပြေပါတယ် မေမေ"

"သော်"

"ရှင်"

"မေမေ့သမီးလေးကို မေမေက အရမ်းကိုတန်ဖိုးထားတာ နော် ... ထိန့်ရှေ့မှာ မာနမချစမ်းပါနဲ့"





"သော့်အကြောင်းလည်း မေမေသိပါတယ်၊ ထိန် ငြင်းပယ်လိုက်တာ သော် ခံပြင်းတယ် ... သူ့ထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြမယ်"

သမီးသော်မှာ ဘာမပြည့်စုံတာရှိလို့လဲ။ ထိန်က လက်ထပ်ဖို့ ငြင်းပယ်လိုက်တာကိုက မိမိတို့ဂုဏ်သိက္ခာကို ထိပါးတာပဲ ... ဒေါ်ချိုနွယ်နွယ် လက်မခံနိုင် ... မိမိကိုယ်တိုင် အဖက်မတန်သလို အရေးအရာမလုပ်ဘဲ နေဖြစ်သည်။

"သမီးသော်လည်း အထက်စည်းကပဲနေစမ်းပါ။ ထိန့်အမေရဲ့ မျိုးရိုးကိုလည်း မကြိုက်ပါဘူး၊ ဖောက်ပြန်တဲ့အကျင့် ရှိတယ်လေ၊ သူ့အမေနဲ့နှိုင်းပြီး မိန်းမတွေကို အထင်သေးနေတာပဲ ... သော် လုံးဝ အောက်ကျမခံနဲ့နော်"

"အင်းပါ"

သော် ထွက်လာခဲ့သည်။ အခုတလော သော် ဘာဖြစ်နေတာလဲ။ လွတ်တဲ့ငါး ကြီးချင်နေသည်။ ထိန် ရှင့်ကြောင့် ... သော် ဘယ်လောက်ထိခံစားနေရလဲ။ ထိန်နှင့်မေချစ်သူတို့ နီးစပ်သွားမှာကိုလည်း စိုးရိမ်နေသည်။

"ထိန် ... ရှင့်ကိုမုန်းတယ်၊ အရမ်းမုန်းတယ် ... ဟုတ်တယ်၊ ရှင်နဲ့တန်တာက မေချစ်သူပဲ ... ရှင်အဆင့် အနိမ့်ဆုံး ကျသွားစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်း မေမေမသိစေရန် ... ကြိတ်ပြီး ကြေကွဲ ဆွေးမြေ့နေရသည်။

သော် မာနထားနေတာပဲ ... ကိုထိန့်ကို အဖက်မတန်သလို နေထိုင်ပေမယ့် ... အနီးကပ်နေရလေ ချစ်မိနေလေပဲ ... ကိုထိန့် အပေါ် မုန်းတီးလို့မရတာကိုလည်း သော့်ကိုယ်သော် ဒေါသထွက်မိ သည်။

"မေချစ်သူလို အသုံးမကျတဲ့မိန်းမနဲ့ပဲ တန်တယ် ... ဟွန်း ချီးမွမ်းနေလိုက်တာ"

သော် အိပ်လို့မရ ... ဒေါသတွေက ဘယ်ကနေထွက်နေမှန်း မသိ ... ထိန်က အဖက်မတန်သလိုလို ... လူကြီးတွေမျက်နှာကို တောင် မထောက်ဘဲ ငြင်းပယ်ခဲ့သည်။ နောက်နေ့တွင် ကုမ္ပဏီ ရောက်တော့ သော် သတင်းကြားရတာက ... ကိုထိန် မွေးနေ့ပွဲသို့ သွားရမည်ဖြစ်ပြီး မေချစ်သူ လိုက်ပါရမည်ဖြစ်သည်။

"ကိုထိန်"

"ဪ ... သော်"

ကိုထိန့်အမူအယာကိုကြည့် သော်နှင့်ပတ်သက်လာလျှင် အေးစက်စက် ... ရှင် ဘာကြောင့် ဒီလိုလုပ်နေရတာလဲ။ သော် ဒေါသတကြီးမေးပစ်လိုက်ချင်ပေမယ့် သူမ မာနပဲပြလိုက်သည်။

"ညနေ ဧည့်ခံပွဲရှိတယ်ဆို ... ဟိုကောင်မလေးကို ခေါ်သွား





မယ်လို့ သတင်းကြားတယ်၊ မေချစ်သူကြောင့် ကိုထိန့်အတွက် အနှောင့်အယှက်ဖြစ်စေမလားလို့ပါ"

သူ ... မော့ကြည့်လိုက်သည်။ မင်းပဲ အလုပ်ခန့်လိုက်တာ လေ။ ကိုယ့်ဂုဏ်သိက္ခာတွေ တစ်စစီဖြစ်အောင် ... မင်းက စုတ်ဖြဲ ချေမွပစ်ချင်တာ မဟုတ်လား ခင်သော်က ...

"ရပါတယ် သော် ... ကိုယ် လေ့ကျင့်ပေးမလို့"

"သော် လိုက်ပေးပါ့မယ်"

"မွေးနေ့ပွဲပါ"

"မွေးနေ့ပွဲက ကိုဗလမဟုတ်လား ... သော့်ကိုလည်း ဖိတ် ထားပါတယ်"

"အတူတူသွားလည်းရတာပဲ သော် ... အင်းလေ ... ဗလက ခင်းနဲ့လည်း သူငယ်ချင်းပဲဟာ ... မေချစ်သူကိုတော့ ခေါ်သွားရ လိမ့်မယ်"

"မေချစ်သူရော"

"ဒီနေ့ ခွင့်ပေးထားတယ်၊ ညနေမှ ကိုယ် သွားကြိုခိုင်းမှာ လေ"

"ကိုထိန် ဘာတွေလုပ်နေတာလဲ၊ မေချစ်သူက ဝန်ထမ်း လေ၊ စည်းကမ်းမရှိ"

"ဒီကောင်မလေးကို မျက်စိနောက်လို့ပါ၊ ကိုယ့်အတွင်းရေး



www.burmeseclassic.com

www.burmeseclassic.com



မှုူးမလေးပဲ … ဘာမှလည်း အသုံးမကျသေးပါဘူး”

“ကိုထိန်မကြိုက်ရင် အလုပ်ကနေနားနိုင်းလေ”

“မေချစ်သူနဲ့ပတ်သက်တာ ကိုယ်ပဲတာဝန်ယူမယ် သော်”

မေချစ်သူကို တမင် အနားပေးလိုက်တာပါ။ မနေ့ညနေက ငိုယိုထား၍ မျက်နှာအစ်အစ်ကြီးနှင့် ကုမ္ပဏီကိုရောက်လာမှာ စိတ်ပူ၍ … ညှိခံပွဲနီးမှ လာကြိုမည်ဟု ပြောလိုက်သည်။ မေချစ်သူ အကြောင်းတွေးမိတိုင်း စိတ်မောလာရ၏။ အရက်ကွဲမှာလည်း အကြောက်ဆုံးပင် … အပြစ်ကြီးကြီးမားမားမရှိဘဲ အလုပ်ထုတ်လို့ မဖြစ်ပေ …

“ဝန်ထမ်းတစ်ယောက်ကို မင်းပဲ သဘောကျရွေးချယ်ခဲ့တာ လေ သော် … အပြစ်မရှိဘဲ ထုတ်ပစ်လို့ဖြစ်မလားကွ”

ဟုတ်သားပဲ … ကိုထိန့်အနားမှာ မနေစေချင်တော့တာနဲ့ သူမ အလုပ်ထုတ်ပစ်ဖို့ကြံစည်မိပြန်သည်။ မေချစ်သူ အလုပ်ဝင်တာ မကြာသေးဘူးဘဲ … ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်ကို များ သော် မနာလိုဝန်တိုဖြစ်လာရတယ်လို့ … မာနတွေရှိစမ်းပါ သော်ရယ် …

“ကိုထိန့်အတွက်ပါ၊ သော်လည်း လွှေကျင့်ပေးပါ့မယ်၊ အင်း လေ … မေချစ်သူပါ ခေါ်သွားသင့်တာပဲ … နောက်လည်း အမြဲတမ်း လိုက်ရမှာလေ”





သော် … ပျက်ချင်ချင်မျက်နှာကို အပြုံးတွေနှင့်ဖုန်းကွယ် လိုက်ပြီး သဘောကောင်းချင်ယောင် ဆောင်ပစ်လိုက်ရသည်။

“မေချစ်သူက အဖြူသက်သက်လေးပါ သော် … ရိုးသားပါ တယ်၊ ကိုယ့်အနားမှာရှိရမယ့်မိန်းကလေးက ရိုးသားဖြူစင်မှုရှိမှ လေ၊ စောင့်ကြည့်ရမယ်မဟုတ်လား သော်”

“ဒါကြောင့်လည်း ကိုထိန့်အနား သော်က ပို့ပေးတာပေါ့၊ မေချစ်သူနဲ့ပတ်သက်လာရင် သော် အလုံးစုံတာဝန်ယူပါတယ်”

“ကျေးဇူးပဲသော်”

ကိုထိန် … သူ့အလုပ်သူဆက်လုပ်နေ၍ သော် ထွက်လာခဲ့ သည်။ ရှင်တော့လေ … သော် မာနတကြီးနှင့် အပြင်ကိုကျော့နိုင်း ထွက်လာခဲ့ရပေမယ့် ရင်ထဲမှာ အလိုမကျမှုတွေက မုန်တိုင်းထန်နေ သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"မမကြီး ... ဒီမှာ ချစ်ပြင်ထားတာကြည့်ပါဦး၊ ဘာတွေများ လိုအပ်နေလဲဟင်"

"အမယ်လေး ချစ်လေးရယ် ... အရမ်းကိုလှလွန်းလို့ မမ တောင် မူးမေ့သွားတော့မယ်"

"တကယ်ပြောတာပါ မမကြီးရဲ့ ... ဒီညတော့ အမှားမှား အယွင်းယွင်းဖြစ်လို့ မဖြစ်ဘူး"

"ကောင်းပါတယ်၊ ညီမလေး အရမ်းလှတယ်၊ အဝတ်အစား ပဲ ... တန်ဖိုးကြီးတာတွေ ချစ်လေးမဝတ်နိုင်တော့ မမ အရမ်းသနား တယ်"

"အဖိုးတန်တာ မတန်တာ အရေးမကြီးပါဘူး ... ချစ်က နောက်လိုက်ပဲ"

ကိုလမင်းထိန်က ချစ်ကို အဝတ်အစားဝယ်ဖို့ပြောပေမယ့်





ချစ် လက်မခံနိုင်ပါဘူး။ ချစ်မှာ မာနတော့ရှိတယ်။ အထက်လူကြီး တို့ မြူဆွယ်ဖြားယောင်းပြီး စပွန်ဆာရှာတဲ့မိန်းမတော့ အဖြစ်မခံ နိုင် ... မမကြီးကလည်း မကြိုက်ပေ ...

"ချစ်လေး"

"ရှင်"

"အရေးကြီးတာက မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးက ကိုယ်ကျင့်တရားနော် ... ဘဝမှာ အမဲစက်မထင်စေနဲ့"

"အင်းပါ"

မမကြီးကတော့ ထုံးစံအတိုင်း ... ချစ် အပြင်ထွက်တိုင်း ဆုံးမစကားပြောလို့ မဆုံးတော့ ... ချစ်ကိုလာကြိုမည့်ကားကို စောင့်နေမိသည်။

"တီ ... တီ"

"မမကြီးရေ လာပြီ ... ချစ် သွားတော့မယ်"

"အေး ... အေး ... အနေအထိုင်ဆင်ခြင်နော် ချစ်လေး"

"ဟုတ်"

သူမကိုလာကြိုတဲ့ကားကြီးက အကောင်းစားကြီး ... ရုက် တော့ရုက်သည်။ ချစ် တစ်ကြိမ်တစ်ခါမှ မသွားဖူးခဲ့ပေ ... ဆရာနဲ့ နှစ်ယောက်ထဲလား။ သူမက အမှားခပ်များများ ... ကိုဗလမှ လည်း စကားပြောတာ အပေါက်အလန်းကမတည့် ... စကားပြော



www.burmeseclassic.com

www.burmeseclassic.com



တာ မာမာကြီးတဲ့ ... သူမ အမှားမလုပ်မိစေရန် သတိထားနေရသည်။ ကားကြီးက ဂုမ္ဗဏီရှေ့ထိုးရပ်တော့ ဆရာနှင့်မမသော်ကတို့ ရပ်စောင့်နေသည်။

"မမဒါရိုက်တာလည်း လိုက်မှာပါလား၊ ကောင်းလိုက်တာ"

ဆရာနှင့်ချစ် နှစ်ယောက်ထဲ အတူတူမသွားချင်တာနဲ့ အတော်ပါပဲ ...

"မေချစ်သူ ... မင်း တော်တော်ချောတာပဲ ... ချစ်စရာကောင်းလိုက်တာကွယ်"

"မမဒါရိုက်တာကလည်း"

မေချစ်သူ ဝတ်စားပြင်ဆင်လာပုံလေးက ကြည့်၍ကောင်းသည်။ ဒါပေမဲ့ ထိန် မကြည့် ... သော်ရှိနေ၍ ဒီကောင်မလေးကို အရောတဝင်မလုပ်ချင်။ မျက်နှာထားကို တင်းထားသည်။

"ချစ်လေး ဘာမှ ကြောက်နေစရာမလိုဘူးနော် ... သတ္တိရှိရှိရင်ဆိုင်ပါ၊ မင်း ... နောက်ဆို ဒီလိုပွဲမျိုးတွေ အများကြီးတက်ရမှာ"

"ဟုတ်"

အမှားအယွင်းမဖြစ်အောင် နေရမယ်။ မှင်သေသေပေါ့။ မမဒါရိုက်တာပြောသလိုပဲ ... ဘာမှကြောက်စရာမရှိပါဘူး။ ဆရာနှင့်မမက ရှေ့မှသွားနေသည်။ စားပွဲမှာထိုင်ကြ၏။ ကြီးကျယ်





နားလွန်းတဲ့ မွေးနေ့ပွဲပဲ ... ချမ်းသာလိုက်ကြတာ ... သူမ မောကြည့်နေမိသည်။

"ချစ်"

"ရှင်"

"စားလေ"

"ဟုတ်"

"ကိုထိန် ... ခဏလေးနော် ... ဟိုမှာ သော့်သူငယ်ချင်း လေ ... ခဏသွားလိုက်ဦးမယ်"

မမသော်က ငယ်သူငယ်ချင်းတွေ့၍ ထသွားသည်။ စားပွဲ ဆရာနှင့်ချစ် နှစ်ယောက်တည်းရှိနေ၏။ လူတွေကလည်း ကြည့် ကြတာ ... ဒုက္ခပါပဲ ... ဆရာ့သူငယ်ချင်း ကိုဗလ ရောက်လာ သည်။

"ထိန် ... မင်း ရောက်နေတာကြာပြီလားကွ ... ကိုယ် သည်တွေများနေလို့"

"မင်း လုပ်စရာရှိတာသာလုပ်ပါ၊ ကိုယ်တို့က လူရင်းတွေ ရတယ်"

"ဟော့ ... မင်းရဲ့ပြာတာမလေးက သူလား"

ကိုဗလအကြည့်က သူမထံ တန်းခနဲရောက်လာ၍ သူမ တောင်ကော့လေးတွေ ဖျတ်ဖျတ်ခါသွားရသည်။

www.burmeseclassic.com



"လေသံက မာကျောကျောနဲ့ပေမယ့် ... ပြာတာက ချော သားပဲ"

သူမ နှုတ်ခမ်းလေးစုထော်ပြီး မျက်နှာထားလေးကို တင်း ထားမိသည်။ ပြာတာဆိုတာ အောက်ခြေသိမ်းအလုပ်သမားဆိုတာ မမကြီးကို မေးပြီးပြီ။ ဘယ်လိုလူတွေမှန်း မသိဘူး။ မမဒါရိုက်တာ က သူငယ်ချင်းတွေနှင့် စကားလက်ဆုံကျနေ၍ လှည့်ပင်မကြည့်။

"နာမည်ကရော"

သူမက မဖြေ ... ကိုလမင်းထိန်က မေချစ်သူတဲ့ ...

"မေချစ်သူ ... ဟုတ်လား ... အရမ်းစိတ်ဝင်စားဖို့ကောင်းတဲ့ နာမည်လေးပဲ"

"ဟွန်း"

"ဟော့"

သူမနှုတ်ခမ်းလေး စုထော်၍ ထိုင်နေသည်။ ကိုဇလ ပြန် ထွက်သွား၍ တော်ပါသေးရဲ့ ... သူမခန္ဓာကိုယ်လေး တွန့်လိမ်သွား ၍ အတွင်းခံဘော်လီလက်ကိုင်းကြိုးက ဒေါက်ကနဲပြတ်သွားသည်။

"ဘာဖြစ်တာလဲ"

"ရှင်"

ချစ်တော့ ဒုက္ခရောက်ပြီပဲ ... နောက်က ဘော်လီချိတ်ပြုတ် သွား၍ အတွင်းခံက ချောင်ကျလာသည်။





"အမယ်လေး"

ဘယ်လိုလုပ်ရမလဲ။ ခန္ဓာကိုယ်လေး တွန့်လိမ်လာသည်။

"ဟော့ ... မင်း ဘာဖြစ်နေတာလဲ၊ ကိုယ့်သူငယ်ချင်းတွေ ရှေ့မှာနော် ... ဣန္ဒြေသိက္ခာနဲ့နေစမ်းပါ မေချစ်သူ"

"ဟုတ်"

ဘယ်လိုလုပ်ရမလဲ ... ရင်ဘတ်က အဆင်မပြေတော့ ... သူမ ဝတ်ထားတာက လည်ဟိုက် ... အတွင်းခံက ပြုတ်ထွက်လု ချောင်ကျလာ၍ သူမ လက်လေးနှင့် မသိမသာထိန်းထားရသည်။ သူငယ်ချင်းတွေနှင့် စကားပြောနေတဲ့ မမကလည်း ဘယ်ပျောက် သွားမှန်း မသိတော့ ... ဆရာက သူ့အပေါင်းအသင်းတွေရှေ့ ထ သွားသည်။

"သေချင်တာပဲ ... ဘယ်လိုလုပ်ရမလဲ၊ ဆရာရော ... မမ ရော ထွက်သွားလိုက်ကြတာ"

ချစ်တစ်ယောက်ထဲ လက်ကလေးပိုက်ပြီး ဇောချွေးတွေ ပြန်နေသည်။ ချောင်ကိုကိုကြီးနှင့် အနေရအထိုင်ရ ခက်နေသည်။

"အမိ"

"ဟင်"

"ကိုယ်က ကိုထိန့်သူငယ်ချင်းကိုကျော်ပါ။ မင်းနဲ့ မိတ်ဆက် ချင်လို့"

www.burmeseclassic.com



"အော် … ဟုတ်ကဲ့ … ရပါတယ်ရှင် … ကျွန်မနာမည်က
မေချစ်သူပါ။ ခင်မင်တဲ့သူတွေက ချစ်လို့ ခေါ်ကြပါတယ်"

တော်ကြာ … သူမကို ယဉ်ကျေးမှုမရှိတဲ့ ပြာတာအဆင့်နဲ့
တန်တဲ့ မိန်းကလေး … အပြစ်မမြင်စေလို၍ အပြုံးချိုချိုလေးတွေ
နှင့် နှုတ်ဆက်စကားပြောရသည်။ ဆရာ့ဂုဏ်သိက္ခာအတွက်ပါ။

"မင်းက ကိုထိန်ရဲ့အတွင်းရေးမှူးမလေးဆို"

"ဟုတ်"

အမယ်လေး တော်ပါသေးရဲ့ … ပြာတာမပြောလို့ … ကျွန်
အတွင်းရေးမှူးမလေးတဲ့ … ကျွန်မရဲ့ဂုဏ်သိက္ခာတွေ မြင့်တက်
လို့ ကျေးဇူးအများကြီးတင်ပါတယ် ဆရာ …

"မင်းဖုန်းနံပါတ်လေး သိခွင့်ရှိရင်သိပါရစေ"

"ဟုတ်"

သူမ လက်ကိုင်ဖုန်းနံပါတ်လေးအား ပြောပြလိုက်သည်
ဆရာ့အတွင်းရေးမှူးမလေးက ဆက်ဆံရေးကြဲပြီး မာရေကျော
ကောင်မလေးတစ်ယောက် မဖြစ်စေရဘူး။ ဘုကန့်လန့်ပြော
တတ်တဲ့အကျင့်တွေကို ပြင်ရမယ်။ ဆရာ့အတွက်ပါ …

"ခွင့်ပြုပါဦး"

"ဟုတ် … "

"ချစ်က အရမ်းလှတယ်"





"ရှင် … "

"နောက်ထပ် တွေ့ခွင့်ပေးပါနော်"

ဘယ်လိုလူလဲ။ ချစ်က ဆရာ့မျက်နှာမပျက်အောင် အလိုက်
အထိုက်ပြောနေတာများ … သူမမျက်နှာလေး ပြန်တည်ပစ်သည်။

"မေချစ်သူ"

"ရှင် ဆရာ"

"ပြန်မယ်"

"ဟုတ်"

သူမ သန့်စင်ခန်းသွားပြီး ဘော်လီချိတ်တပ်မလို့ဟာ ဆရာ
က ပြန်ရောက်လာသည်။

"မင်း ထလေ … ဘာလုပ်နေတာလဲ"

"ဟုတ် … ဟုတ်ကဲ့"

သူမလက်လေးကို ရင်ဘတ်ကနေ မခွာရဲ … အတွင်းခံ
ဘော်လီက ချောင်ကျပြီး ပုံကပျက်နေပြီ။ သူမ ခပ်ရှို့ရှို့လေးနှင့်
နောက်မှလိုက်လာခဲ့သည်။

"မေချစ်သူ"

"ရှင်"

"မင်း ဘာဖြစ်နေတာလဲ"

"ရှင် … ကျွန်မ ဘာဖြစ်နေလို့လဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံက ထောင့်မကျိုးဘူး၊ စောစောက မင်း ဟိုကောင်တွေနဲ့ ဒီလောက် အရောတဝင်ဆက်ဆံ ပြောဆိုနေရလား"

"ဟို ... ဟိုလေ ... ဆရာက အတွင်းရေးမှူးမလေးလို့ ပြောလိုက်လို့ပါ၊ ယဉ်ယဉ်ကျေးကျေး ပြောဆိုနှုတ်ဆက်ရတာပါ ဆရာ"

"တောက် ... "

ချစ်က မာကျောကျောပြောတော့လည်း ဆက်ဆံရေး မပြေပြစ်ဘူးတဲ့ ... ဆရာ့အတွက် လိုက်လိုက်လျောလျော ဆက်ဆံတော့လည်း မကြိုက်ဘူး။ ချစ် ဘာဆက်လုပ်ရတော့မလဲ။

"မင်းကိုကြည့်ရတာ ဂဏာမငြိမ်ဘူး၊ လက်က ဘာဖြစ်လို့ ပိုက်ထားရတာလဲ၊ မင်း အိုင်တင်အရမ်းလွန်နေပြီ"

"ရှင်"

"မင်းလက်ပိုက်ထားတာ ကိုယ့်ကို အရိုအသေပေးနေတာလား"

"မဟုတ်ပါဘူး၊ ဟို ... ဟိုလေ ... ကျွန်မရဲ့ ... ကျွန်မရဲ့"

"မချစ်သူ ... ဘာလဲကွာ"

မေချစ်သူကိုကြည့်ပြီး ထိန် အတော်လေး အမြင်ကတ်နေသည်။ ဟိုကောင်တွေ အရောတဝင်နှင့် နောက်ပြောင်နေကြတာကို ထိန် မကြိုက် ... အလှအပတွေ ဒီလောက်အထိ ပြင်ဆင်စရာလိုလို့လား ...





"မင်းလက်က ဘာဖြစ်နေတာလဲ၊ ကုတ်ချောင်းချောင်းနဲ့"

"ရှင် ... "

သူမ လက်လေးကို ဆတ်ခနဲ ဆွဲဖယ်လိုက်စဉ် ... သူမ အတွင်းခံက အိုက်ကျသွားပြီး အတွင်းသားတွေကို မမြင်ချင်မှအဆုံး ဖြစ်သွားရသည်။

"အမေ့ ... "

"ဟာကွာ"

သူမ ကားထဲဝင်ထိုင်ပစ်လိုက်ရသည်။

"တောင်းပန်ပါတယ် ဆရာ ... ကျွန်မရဲ့ အတွင်းခံဘော်လီ ချိတ်ပြုတ်သွားလို့ပါ။ အသစ်ကြီးပါ ဆရာ ... သေသေချာချာဝတ်ထားတာပါ"

"တော်ပြီကွာ ... ဆက်မပြောနဲ့တော့ မေချစ်သူ"

သူ ...

ကားခေါင်းခန်းမှာ ဝင်ထိုင်ပြီး ... မျက်နှာကို အရှေ့တည့်တည့်ပဲ ကြည့်နေရသည်။

"တောင်းပန်ပါတယ် ဆရာ ... ချစ်လေ ... တကယ့်ကို သတိထားတာပါ၊ ကံကလည်း မကောင်းတာဘဲဖြစ်မယ်နော်"

ပြောလည်းပြော ... အကျီလေးကိုမပြီး လက်ပြန်နှင့် အတွင်းခံချိတ်ကို ချိတ်ရသည်။ အရေးထဲ အလွယ်တကူမရ ... လက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ညောင်းလာတယ်။ ဆရာ ဘာပြောမလဲ။ ချစ်ကလည်း ချစ်ပဲ ... အသုံးကိုမကျဘူး။ ညှို့လွန်းသည်။

"ပြီးပါပြီ ဆရာ"

သူ ... ကားစက်ကိုနှိုးသည်။ သော်ကလည်း ဘယ်ရောက်သွားမှန်း မသိတော့ ... ဒီကောင်မလေးကို သူပဲ လိုက်ပို့ရတော့မည်ဖြစ်သည်။

"မေချစ်သူ"

"ရှင်"

"မင်း ဒီလိုပဲ အမှားအယွင်းတွေထပ်လုပ်နေရင်တော့ မင်းကိုယ့်အနားမှာ ဆက်နေလို့ မဖြစ်ဘူးထင်တယ်"

"ဟို ... ဆရာ ... ချစ် တောင်းပန်ပါတယ်နော် ... ချစ်ကိုတော့ အလုပ်ကနေ ထုတ်မပစ်လိုက်ပါနဲ့နော် ... မမကြီးကြောင့်ပါ ချစ်က အတွင်းရေးမလေးဖြစ်နေလို့ အရမ်းဂုဏ်ယူနေတာပါ"

"တကယ်ပါပဲကွာ"

မမကြီးက ဂုဏ်ယူနေတာပါ။ ချစ် အလုပ်တော့ မထွက်ချင်

"ကျွန်မ ကြိုးစားပါ့မယ်"

အရေးထဲ သူမဖုန်းကမြည်လာ၍ ဖွင့်နားထောင်ရသေးသည်။

"မေချစ်သူလား"





"ဟုတ် ..."

"ချစ် ..."

"ရှင်"

"ကိုကိုပါ"

"ဟင် ..."

ကိုကိုတဲ့ ... ဘယ်ကလဲ ... ချစ် စဉ်းစားနေသည်။ သူမနှင့်သိဘူးထင်သည်။ ချစ်တဲ့ ... ပိုင်စိုးပိုင်နင်း ...

"ဧည့်ခံပွဲမှာတွေ့တာလေ ကိုကိုပါ ... မင်းပဲ ဖုန်းနံပါတ်ပေးလိုက်တာလေ၊ ထိန့်သူငယ်ချင်းလေ"

"ရှင်"

အမယ်လေး ... သိပြီ။ ဟိုလူ ... ကိုလမင်းထိန် သူငယ်ချင်းဆိုတာ ... ကိုကိုတဲ့ ...

"မင်းကို သတိရလို့ပါ၊ ကိုကို ဘယ်လိုမှအိပ်မရဘူး၊ မနက်ဖြန်တွေ့ကြရအောင်"

"ရှင် ..."

သူမ ဒေါသဖြစ်သွားသည်။ ချစ်ကို အထင်သေးပြီး ချိန်းတွေ့ဖို့ ကြံစည်တာလား။

"ချစ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်"

"အမယ်လေး ဒုက္ခပါပဲ"

ကိုလမင်းထိန်က သူမဖုန်းကို ဆတ်ခနဲ ဆွဲယူပိတ်ပစ်သည်။

"မင်းကို ရည်းစားစကားတွေပြောနေတာ မဟုတ်လား မေချစ်သူ"

"အင်း"

"ဘာ ... မင်းက ဘာဖြစ်လို့နားထောင်နေရတာလဲ၊ မင်း ကြိုက်လို့လား"

"မဟုတ်ပါဘူး ... ဆရာ့သူငယ်ချင်း မိတ်ဆွေဖြစ်နေလို့ပါ အားနာလို့လေ"

"မင်းကွာ ... "

မေချစ်သူက အပြစ်ကင်းစင်သူလေးဆိုတာ ... ထိန် သိနေသည်။ ဟိုကောင်တွေကလည်း စနောက်နေတာတော့ မဟုတ် ... လူချမ်းသာတွေပါ။ သူ ကားကိုပဲ ဒရကြမ်းမောင်းနှင်ပစ်သည်။

အခန်း ( ၄ )

"ညီမလေးကို ဘယ်သူလိုက်ပို့တာလဲ၊ ကားကြီးနဲ့"

"သူဌေးလေ"

"ချစ်လေးရယ် ... ဘာဖြစ်လို့များ ဧည့်သည်ကို အိမ်ပေါ် မခေါ်ရတာလဲ၊ အားနာစရာကြီး"

"မခေါ်တော့ပါဘူး၊ သူက အန်ကြီးကွင်းကျယ်လေ"

"အဆင်ပြေရဲ့လား ညီမလေး ... မမတို့ တစ်နေ့လုံး ချစ်လေးအတွက် စိတ်ပူနေတာ"

"အဆင်ပြေပါတယ် မမရာ ... ဒါပေမဲ့လေ ... ညီမလေး အတွင်းခံဘော်လီ ချိတ်ပြုတ်သွားလို့ပါ"

"အမယ်လေး ချစ်လေးရယ် ... ညည်းလေးကတော့လေ ဖြစ်ရမယ်၊ မကြီး စိတ်မချနိုင်တာ အဲဒါပဲ"

"မပူနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူမ ... အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။ မှန်ရှေ့မှာ ရပ်မိတော့ ... သူမ ရယ်ပစ်ချင်လာ၍ ရယ်ပစ်လိုက်၏။ ရှုပ်ပလာလုပ်တာ မကြိုက်ပါဘူးဆိုမှ ... အတွင်းခံချိတ်က ပြုတ်သွားသည်။

"ဟား ... ဟား ... ဟား ..."

"ဟင်း ... ဟင်း ... ဟင်း ..."

မမကြီး ပြေးဝင်လာသည်။ ချစ် အသံပြကြီးနှင့် ရယ်မောနေ၍ဖြစ်၏။ ရယ်ချင်စိတ်က အသောမသတ်နိုင်အောင် ဖြစ်နေသည်။

"ဟဲ့ ... ဟဲ့ ... ချစ်လေး ဘာဖြစ်တာလဲ ... ဘာတွေ သဘောကျနေရတာလဲ"

"ရယ်ရတယ် သိလား ... ဆရာလေ ဇီဇာကြောင်ပါတယ်ဆိုမှ ဘော်လီချိတ်ကပြုတ်သွားတယ်"

"နင်အရှက်မရှိဘူးလား ချစ်လေး ... မျက်နှာပူတာတွေ ဘာတွေရော မရှိဘူးလား"

"မပူပါဘူး၊ ကျွန်မလေ အရမ်းရယ်ချင်နေတာ"

"ချစ်လေးရယ်"

သူမ ရယ်လို့မဆုံးတော့ ... ဆရာ့ရှေ့မှာ ရယ်ပစ်ချင်နေတာပါ။

"ညည်းလေး ညစာရောစားခဲ့ပြီးပြီလား"





"ဘယ်ကလာစားရမှာလဲ၊ ချစ်လေ ဘော်လီချိတ်ပြုတ်နေတာနဲ့ စားလို့လည်းမဝင်တော့ဘူး ... ခန္ဓာကိုယ်က တွန့်လိမ်နေတာလေ၊ လက်ကလည်း အစားအစာတွေကို မကိုင်နိုင်ဘူး၊ လက်ပိုက်ထားရတာလေ၊ ဘော်လီက တဖြည်းဖြည်းလျှောကျနေပြီ"

"ဖြစ်ရလေဟယ်"

"ဆရာ့မျက်နှာကြီးကလည်း ရှုပုတ်နေတာပဲ ... ချစ်က အချိုးမှမပြေပြတာ"

တွေးမိလေ ရယ်ချင်လေပဲ ... အရေးထဲ ကိုကိုဆိုတဲ့လူက တစ်မျိုး ... ချစ်ကိုများ ...

"အိပ်တော့ ... မနက်စောစောထ ... ဘာပဲဖြစ်ဖြစ် ညီမလေး ကံကောင်းလို့ ရာထူးကြီးကြီးရတာလေ"

ဘာရာထူးကြီးလဲ။ စိတ်ပျက်လိုက်တာနော် ... ဆရာ့မျက်နှာကြီးက အလိုမကျသလိုကြီး ... ချစ်ကလည်း အသုံးမကျ။ သူမ အဝတ်အစားတွေလဲပြီး အိပ်စက်ဖို့ကြိုးစားသည်။

"ဦးလမင်းထိန်အကြောင်း ဘာဖြစ်လို့များ စဉ်းစားမိနေရတာလဲ၊ ချစ် အလုပ်ကိုကြိုးစားမှဖြစ်မယ်၊ ရှင် အထင်သေးမှာကို ကျွန်မ လုပ်လို့မဖြစ်တော့ဘူးထင်တယ်"

ဟုတ်တယ် ... ချစ် သတိထားဆင်ခြင်ရမယ်။ အမှားတွေ မလုပ်တော့ပါဘူး။ ဆရာ အထင်သေးတာလည်း ချစ် မခံချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပြုပြင်မယ်။ သူမ အဝတ်အစားလဲပြီး အိပ်ရာပေါ်ပစ်လှဲပြင်လိုက်သည်။ အိပ်မရ ... မျက်ဝန်းတွေက ကြောင်နေ၏။ အလုပ်ကနောက်ကျလို့မဖြစ်ပါဘူး။ သူမ အတွေးတွေထဲမှာ ဦးလမင်းထိန်ကိုထည့်ထားရင်း အိပ်ပစ်လိုက်သည်။

"ချစ်လေး ... ချစ်လေး ... ထတော့လေ၊ ရုံးချိန်နောက်ကျတော့မယ်ထင်တယ်"

"ဒုန်း ... ဒုန်း ... "

"ချစ်လေး ... "

မမကြီးအော်သံနှင့်အတူ တဒုန်းဒုန်းထုနေ၍ ချစ်လေးလူးလဲထမိသည်။

"ဟာ ... မမကြီးကလည်း စောစောကြီးမနိုးဘူး"

"မမကြီးလည်း မေ့သွားတယ်၊ ထလေ ... အချိန်ရှိသေးတာပဲ"

"ဟုတ် ... "

ချစ်လေး ... လူးလဲထပြီး မျက်နှာသစ်ရသည်။

"နောက်ကျလို့မဖြစ်ဘူး မမကြီးရေ ... ဆရာ့မျက်နှာကြီးကရှုတင်းနေတာပဲ"

"ချစ်လေး သတိနဲ့သွားနော် ... ညည်းလေးက နမော်နမဲ့နဲ့"

"အင်းပါ ... စိတ်ချ"





သူမ ပြင်ဆင်၍ အိတ်ကိုဆွဲပြီး ထွက်လာခဲ့သည်။

"တီ ... တီ"

"ဟင် ... "

သူမအိမ်လေးရဲ့ မလှမ်းမကမ်းတွင် ဒရိုင်ဘာကိုခ ကားရပ်ထားသည်။

"ချစ်ကို လာကြိုတာလားဟင်"

"ဟုတ်တယ်ချစ် ... ဆရာက မင်းကို လာကြိုခိုင်းတာပါ"

"ဆရာရော"

"မင်းကိုပဲ အိမ်ကနေကြိုခိုင်းလိုက်လို့"

သူမကို အသုံးမကျဘူးဆိုပြီး ... ဆရာက လာကြိုခိုင်းနေသေးတယ်။ အင်းလေ အတွင်းရေးမှူးမလေးပဲ ... နည်းနည်းလေးတောင် မြောက်သွားချင်သည်။ ကုမ္ပဏီရောက်တော့ မမဒါရိုက်တာနှင့်တွေ့၏။ သူမ တရိုတသေပဲ နှုတ်ဆက်ရသည်။

"မမသော်"

"မင်းဆရာ မရောက်သေးဘူး ချစ်"

"ဟုတ်ကဲ့ ... မမသော် ညကပျောက်သွားတယ်နော်၊ ချစ်အရမ်းဒုက္ခရောက်ရတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

သူမ ပြောပြတော့ ... သော့်စိတ်ထဲမှာ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရတွေ လုပ်နေတာလား။ ကိုထိန်နှင့်နီးစပ်သွားမှာ စိတ်ပူ
သည်။

"ချစ်က မနေ့ကတော့ ... တကယ့်ကို Star ပဲ ... မင်းကို
စိတ်ဝင်စားကြတယ်လေ"

"ချစ်တော့လေ တကယ့်ကိုပွကျနေတာ ... ဆရာကလည်း
ဒေါသတွေဖြစ်ပြီး မျက်နှာကြီးကို နီမြန်းနေတာပဲ ... မမရယ်
စဉ်းစားကြည့်ပါဦး၊ သူ့သူငယ်ချင်းတွေကို ချစ်က မာမာကျောကျော
ဆက်ဆံတော့လည်း စကားမပြောတတ်ဘူးတဲ့"

"ထိန်ကလား"

"အင်းလေ ... ချစ်ကိုလည်း ဒေါသတွေဖြစ်နေတယ်"

ထိန်က ကောင်မလေးကို ဘာဖြစ်လို့မကျေမနပ်ဖြစ်ရတာ
လဲ။ ဒေါသဖြစ်နေသေးသည်။ ဘာကြောင့်လဲ ... ရှင် စိတ်ဝင်စားနေ
ပြီလား။ ရှင်နဲ့တန်တဲ့ အဆင့်လေ ...

"ချစ်"

"ရှင်"

"ကိုကိုတို့ကို စိတ်မဝင်စားနဲ့နော် ... သူဌေးတွေက စိတ်မချ
ရဘူး ... အပျော်ပဲကြိုက်ချင်ကြတယ်၊ အလကားပါ"

ထိန့်သူငယ်ချင်းတွေက ချစ်ကို စိတ်ဝင်စားကြရင်လည်း
ထိန်က အထင်ကြီးသွားနိုင်သည်။ သော်ကတော့ ထိန်နှင့်လည်း





နီးစပ်သွားမှာ မလိုလားမိ ...

"မမသော် ... မင်းကိုလေ့ကျင့်ပေးဖို့ရှိတယ် လာ"

"ဟုတ်"

မမသော်အခန်းထဲကို ချစ်လိုက်လာခဲ့ရသည်။ သူမကို
ခေါ်ရိုက်တာက မြေတောင်မြှောက်ပေးထားတာပါ။

"ထိုင်"

"ဟုတ်"

"မင်းကို ... တစ်ပတ်လောက် မမအနားမှာခေါ်ထားရမယ်
ချစ်"

"ရှင် ... "

"သေသေချာချာ လေ့ကျင့်ပေးမလို့ပါ ... တော်ကြာ ထိန်
သဘောမကျရင် ညည်းလေး အလုပ်ပြုတ်မှာလေ"

"ဟုတ်ကဲ့"

ဆရာ့ကို သတိရလွမ်းဆွတ်မိသလိုလို ဖြစ်ရသည်။ မမသော်
ကိုလည်း ချစ်အစွမ်းကုန်ကြိုးစားပါ့မယ်ဟု စိတ်ထဲကနေ ပြောနေ
မိပေမယ့် နှုတ်ခမ်းလေးက စေ့ကပ်နေသည်။

"အရင်ဆုံး မင်း ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်
နိုင်အောင် ကြိုးစားပါ ချစ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်တွေက ဆရာ့ဆီပဲရောက်နေသည်။ မမသော်ပြောတာ မှန်နေ၏။ ချစ်က အမှားတွေအရမ်းများတယ်။ ဆရာ အလုပ်ကနေ ထုတ်ချင်နေသည်။

"ချစ်"

"ရှင်"

"မင်း လေ့ကျင့်နေပါ၊ မမသော် ... မင်းဆရာဆီသွားပြီး အကျိုးအကြောင်း ပြောပြမယ်"

"ဟုတ်"

ထိန် ... ရှင် ဘယ်လောက်အထိ အမူအယာပျက်ယွင်းသွားမလဲဆိုတာ သော် စောင့်ကြည့်မလို့ပါ။ ကြီးကျယ်ခမ်းနားနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့နှလုံးသား ဘယ်လောက်အထိ မာကျော နေလဲဆိုတာလေ။ ထိန် ရောက်နေပြီပဲ ... ရောက်တာ မကြာသေး ပုံပင် ...

"မေချစ်သူ ရောက်မလာသေးဘူးလား ကိုခ ... ဒီကောင်မ လေး ရုံးတက်ချိန် နောက်ကျပြန်ပြီလား"

"ရောက်နေပါပြီ ဆရာ"

"ဘယ်မှာလဲ"

"ဒါရိုက်တာသော့် အခန်းထဲမှာပါ"

"ဘာ ... ဘာဖြစ်လို့ သော့်အခန်းထဲ ရောက်နေရတာလဲ"





"ကျွန်တော် မသိပါဘူး"

"ဘာကွ ..."

"ကျွ ..."

သူ ဒေါသတကြီးအော်ဟစ်ပြောဆိုနေတုန်း ... တံခါးက ...ပြီး သော် ဝင်လာသည်။

"ထိန် ... ဘာတွေသောင်းကျန်း ဆူပူအော်ဟစ်နေရတာလဲ"

"သော် ... မင်း ဘာဖြစ်လို့ ကိုယ့်ဝန်ထမ်းကိုခေါ်ထားရ ...လဲ"

"လေ့ကျင့်သင်ကြားပေးဖို့လေ ထိန်"

"ဘာကိုလဲ"

"ကိုထိန့်အနားမှာနေပြီး အမှားမှားအယွင်းယွင်းတွေ ဖြစ်နေ ... မသင့်တော်ဘူးထင်လို့ပါ၊ သော် ခန့်ထားတဲ့ဝန်ထမ်းဆို ...တော့ သော်ပဲ တာဝန်ယူသင့်တယ်လေ"

ထိန် ဘာမှမပြောနိုင်တော့ ... မေချစ်သူ ... မင်း ဘာတွေ ...ပြောလဲ။ မင်းကိုယ်တိုင်က ကိုယ့်အနားမှာ မနေချင်တာ ...တ်လားကွ ... ဒေါသထွက်ချင်နေသည်။

"မလိုတော့ဘူး သော် ... မင်း လေ့ကျင့်ပေးစရာမလိုတော့ ... ကိုယ်ပဲ သွန်သင်ဆုံးမပေးမယ် ... ပြန်လာခိုင်းလိုက်"

"ထိန်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိစ္စထဲ မင်းဝင်မပါသင့်ဘူး၊ လုပ်ငန်းကိစ္စ လိုအပ်တာ ကိုယ်ပဲပြောမယ်၊ ကိုယ်နဲ့သင့်တော်မယ်ထင်လို့ မင်းပို့လိုက်တာ မဟုတ်လား"

"ပြီးရောလေ"

သူမ ထွက်လာခဲ့သည်။ ထိန် ... ရှင် ဘာကြောင့်လဲ ... မေချစ်သူ အနားမှာမရှိရင် ... ရှင် မနေတတ်ဘူးဖြစ်နေပြီလား၊ သူမနှုတ်ခမ်းထောင့်လေး တွန့်မဲ့သွားသည်။

"ရှင်နဲ့တန်တဲ့အဆင့်ပဲ အသုံးမကျတဲ့မိန်းမတစ်ယောက်ပဲ ရှင်လက်ထပ်ရမယ်"

စောစောက ... ပျက်နေတဲ့မျက်နှာကို ပြင်လိုက်သည်။ ရုတ်ချည်းပင် အပြုံးတွေ ဝင်းတောက်လာ၍ သူမ ရုံးခန်းထဲဝင်လာခဲ့၏။ ချစ်လေးကတော့ အပြစ်မရှိပါဘူး။ သော့်စိတ်ထဲမှာ ခံပြင်းနာကျည်းရသည်။

"ချစ်လေး ..."

"ရှင် ... မမသော်"

"မင်းဆရာ ရောက်နေပြီလေ၊ မင်းကို အလုပ်ကိစ္စတွေရှိလို့ နောက်မှ လေ့ကျင့်ပေးပါတဲ့လေ"

ထိန်က အတင်းအကြပ်ကြီး မေချစ်သူကိုလိုအပ်နေတာမျိုးလည်း သော် အဖြစ်မခံနိုင် ... မေချစ်သူလို နုံမှုံကျတဲ့အသိုင်းအဝိုင်း





ကောင်မလေးနှင့် ထိန့် နီးစပ်သွားစေချင်ပေမယ့်လည်း တယ်က မနာလိုဝန်တိုမိနေသည်။

"ဆရာကလား၊ မမသော်အနားမှာ နေချင်တာ"

"သွားပါကွယ် ... ဘာမှမကြောက်ပါနဲ့ ... မမသော် ရှိပါ ယ်၊ လူ့ပွစာ ... ဂဂျီဂချောင်ကြီး၊ အတ္တကြီးတယ်၊ စိတ်ပျက်စရာ ကြီးလေ၊ မာန်မာနကလည်း ကြီးပ့ါ"

သူမ ပျော်သွားသလိုလို ... ကြောက်ရွံ့ထိတ်လန့်နေမိသလို ... ဆရာ့ကို ချစ် လွမ်းလည်းလွမ်းနေပါတယ်။ ချစ် ထသွားတော့ ည်။ ဆရာ့အခန်းထဲ ဝင်လာတော့ ဘာများဆူပွက်မလဲဆိုပြီး ရင် ထိတ်ထိတ် ...

"မေချစ်သူ"

"ရှင်"

"မင်းကိုယ်တိုင်က ကိုယ့်အခန်းထဲမှာ မနေချင်တာလား၊ မှန်အတိုင်းပြော"

"မဟုတ်ပါဘူး ဆရာ ... ချစ်က အမှားအယွင်းတွေလုပ် နေတော့ မမသော်က စိတ်ပူပြီးခေါ်ထားတာပါ"

"မင်း ကြိုးစားနော် ... မင်း ထပ်ပြီးအမှားတွေမလုပ်မိစေနဲ့ မှားယွင်းတာက ခွင့်မလွှတ်နိုင်တဲ့အမှားတော့ မဟုတ်ပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ..."

"ဘာဖြစ်တာလဲ"

"အသက်ရှူတာပါ"

မေချစ်သူကိုကြည့်ပြီး သူ ပြုံးချင်သွားရသည်။ သူမ ရှိနေတာကပဲ သူ့စိတ်တွေ လွတ်လပ်ပျော်ရွှင်မိနေခဲ့၏။ ကလေးဆန်တဲ့ ကောင်မလေးပဲ ... သူက ဖြူစင်နေတာကို နှစ်သက်သည်။

■ ■ ■

အခန်း ( ၉ )

"ကိုထိန်"

"ဘာလဲ ကိုကို"

"မေချစ်သူကို ကိုယ်ချစ်တယ်"

"ဘာပြောတယ်ကွ"

"မင်းကလဲကွာ ... အလန့်တကြားနဲ့ ဘာဖြစ်တာလဲ"

"မင်း ကိုယ့်ဝန်ထမ်းကို မစော်ကားသင့်ဘူး ကိုကို"

"ဘာစော်ကားတာလဲ ထိန်ရ ... ချစ်လို့ပြောတာပါ။ ကိုယ်တရားဝင်လက်ထပ်ယူမယ်"

"ကိုထိန် ... ခဏ"

သူ ...

ဖုန်းပိတ်ပစ်လိုက်သည်။

ကိုကိုက လူကောင်းပါ။

ထိန် ... ရုတ်တရက်ကြီး ဒေါသထွက်ပြီး အော်ပစ်မိတာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမရ၊ မေချစ်သူ ကောင်းစားရေးအတွက် ... ကိုကို့ဆန္ဒအတိုင်း ဖြစ်စေရင်ရော ... မဖြစ်ပါဘူး။ မေချစ်သူလို ဝန်ထမ်းတစ်ယော ရဖို့ မလွယ်ဘူး။ မေချစ်သူကို လှမ်းကြည့်လိုက်တော့ သူ့ကိုကြ နေ၍ ...

"မင်း ဘာတွေစိတ်ဝင်စားနေရတာလဲ မေချစ်သူ"

"ရှင်"

"မင်း ... ကိုယ့်ဖုန်းကို စပ်စုနေတာမဟုတ်လား"

"မစပ်စုပါဘူး"

"ဘယ်သူဆက်တာလဲ မင်းသိချင်နေတာ မဟုတ်လား"

"မသိချင်ပါဘူး"

"မင်း ဖုန်းမကိုင်နဲ့တော့"

"ကျွန်မဖုန်းကိုရောလား"

"မေချစ်သူ"

"ရှင်"

"မင်း သတိထားနေပါ"

"ဘာဖြစ်လို့လဲ ဆရာ"

"ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့"

"ချစ် ဘာမှမလုပ်ပါဘူး"

"ကိုကိုနဲ့ မပတ်သက်နဲ့"

"ရှင်"





"မင်း တော်တော်လေးဒုန်းဝေးပါလား မေချစ်သူ"

"ဟုတ်ကဲ့ သိပါပြီ"

မေချစ်သူကို အထင်မသေးနဲ့နော် ... သူ့ခွေးကို မက်မောယ်ထင်လား။ ဝေးသေးတယ်။ သူမမျက်နှာလေးကို တည်ထားသည်။

"မင်း အနေအထိုင်မတတ်လို့ ဖြစ်ရတာပဲ"

"ကျွန်မချောလို့မဟုတ်ဘူးလား ဆရာ"

"ဘာ ... "

"အမယ်လေး"

ဆရာအော်လိုက်တာ ... ချစ် လန့်အော်ပစ်မိသည်။ ဒုက္ခပါပဲ။ စကားတောင် မပြောရဲတော့ဘူး။ အမြဲတမ်း ဘုကန့်လန့်နှင့် မျက်နှာကြီးက တင်းတင်းတည်တည်ကြီး ... ရှင်က ကျွန်မကို အထင်သေးနေတာလား။ ကျွန်မ ငွေမလိုဘူးလို့ ပြောထားတယ် နော် ...

"ကိုဆိုတဲ့လူကလည်း ဘာဖြစ်လို့များ ဆက်နေရတာလဲ၊ ချစ်ကိုလည်း ချိန်းနေတယ်၊ ဆရာက လူရှုပ်လူပွေတွေဖြစ်လို့ဆင် တယ်"

သူမ တည်တည်လေးနှင့် စာရင်းတွေပဲကြည့်နေမိသည်။

"တီ ... တီ"

"တီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမလက်ကိုင်ဖုန်း မြည်သံ ... ဆရာ့ကို မော့ကြည့်မိသည်။

"ကိုင်လေ"

"ဟုတ်"

ဆရာ့အမိန့်ကို နာခံသည့်အနေဖြင့် ခွင့်တောင်းပြီးမှကိုင်သည်။

"သူငယ်ချင်းပါ"

"ဘာတဲ့လဲ"

"ရှင်"

ဟုတ်သားပဲ ... သူနှင့် ဘာမှမဆိုင် ... မေချစ်သူရဲ့ အခြေအနေကို လိုက်ပြီးဝိတ်ပင်တားဆီးနေမိမှန်း မသိ ...

"ထိန် ... မင်းစိတ်တွေကို ထိန်းချုပ်ထားစမ်းပါ၊ မေချစ်သူကိစ္စ မင်းနဲ့ဘာဆိုင်လို့လဲ၊ ထားလိုက်ပါ"

သူ့စိတ်တွေကို ပြန်၍ထိန်းချုပ်ပစ်လိုက်သည်။ အလုပ်ထဲမှာ စိတ်ဝင်စားမရ၊ ကိုကို့စကားတွေကို ထိန် စဉ်းစားပြီး စိတ်ပူမိသည် လို ... မေချစ်သူ ဖုန်းပြောနေသည်။

"မင်း ဘယ်သူနဲ့ပြောနေတာလဲ မေချစ်သူ"

သူ့စိတ်တွေ ပူလောင်လာသည်။ မေချစ်သူက ဖုန်းပြောပြီး ငြိမ်နေ၏။ သူ သိချင်နေသည်။ ဘယ်သူနဲ့ပြောတာလဲ ... ဘာအကြောင်းတွေလဲ ... မေချစ်သူက မပြော ... မေးရတာလည်း





ခက်နေ၏။ သူကိုယ်တိုင် စပ်စုတာမကြိုက်ဟု ပြောထားသည်။

"မေချစ်သူ"

"ရှင်"

"မင်း စာရင်းတွေယူလာခဲ့"

"ဟုတ်"

"လက်မှတ်ထိုးရမယ်၊ စာရင်းတွေရှိလား"

"ဟုတ်"

"မင်း ဘာဖြစ်လို့ယူမလာရတာလဲ၊ ကိုယ် မေးမှယူလာတာ ဟုတ်သေးဘူးနော်"

"ဟုတ်"

ဆရာကလည်း အလကားနေရင်း ဒေါသဖြစ်နေသည်။ ချစ်စိတ်တောင်ပျက်လာပြီ။ အရေးထဲ သူငယ်ချင်းခင်က ဖုန်းဆက်နေသေးသည်။ ညနေ ဆုံမယ်တဲ့ ...

"ဆရာ"

"ပြော"

"ညနေ ချစ် နည်းနည်းစောပြီး ရုံးဆင်းချင်ပါတယ်"

"ဘာ"

"ရှင်"

သူကလည်းသူပဲ ... ဘာဖြစ်လို့များ မေချစ်သူအကြောင်းတွေ စိတ်ဝင်စားနေမိမှန်း မသိပါဘူး။ လက်အောက်ငယ်သားတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အရောတဝင်မနေခဲ့ ... စီးပွားရေးလုပ်ငန်းတွေကိုပဲ စိတ်ဝင်စား နေတဲ့သူပါ။

"ဆရာ"

"မင်းက ဘာကိစ္စနဲ့ ရုံးချိန်ကို အစောကြီးဆင်းချင်ရတာလဲ မချစ်သူ"

"သူငယ်ချင်းနဲ့ ချိန်းထားလို့ပါ"

"ဘယ်သူလဲ"

"ငွေစာရင်းဌာနက ခင်ပါ"

သူ ... ဆက်ပြီးမမေးမြန်းသင့်တော့ဘူးဟု ထင်သည်။ မချစ်သူ လိမ်ညာခွင့်ယူနေတာလား ... ကိုကိုက သူ့ရွေး ... ကောင်မလေး စိတ်မဝင်စားဘူးဆိုတာ မဖြစ်နိုင်ဘူး။

"ကျွန်မ ကုမ္ပဏီမှာစဝင်တဲ့နေ့က ကူညီတဲ့သူငယ်ချင်းပါ ဆရာ"

"သွားလေ ... မင်းကို ကိုယ်က နာမည်ပျက်တာမျိုး မဖြစ် စေချင်ဘူး၊ ကိုယ့်အနားမှာနေလို့"

"ဟုတ်ကဲ့ ... နောက်ထပ် အမှားအယွင်းတွေမဖြစ်အောင် ချစ် ကြိုးစားပါ့မယ်"

"ပြီးရောကွာ"

မချစ်သူနှင့်မပတ်သက်အောင် နေထိုင်ရမှာပါ။ သူလည်း အောက်ငယ်သားပဲ ... ခင်သော်ကဆင်ထားတဲ့အကွက်ထဲ ထိ





တိုးမဝင်မိဖို့ အရေးကြီးသည်။

"မချစ်သူ ... မင်းဟာမင်း ဘာပဲဖြစ်ဖြစ်ကွာ ... တော်ပြီ မင်းဟာမင်း နေချင်သလိုနေ ... သွားချင်ရာသွား"

မချစ်သူက သူ့အနားကနေ ထွက်သွားသည်။ ဒီကောင်မ လေး တည်ငြိမ်မှုတော့ရှိနေ၏။ ရုံးဆင်းချိန်ရောက်တော့ ကောင်မ လေးက သူ့ကိုနှုတ်ဆက်ပြီး ထွက်သွား၏။ ထိန် စိတ်မချ ... လိုက်ပို့ ပေးချင်မိသည်။

"မင်း ဘယ်ကိုသွားမှာလဲ၊ ကိုယ်နဲ့ အပြန်လမ်းကြုံလား"

"ရုံးအောက်မှာပါ"

မချစ်သူ ရှေ့မှထွက်သွားတော့ ... သူ နောက်မှလိုက်လာ ခဲ့သည်။

"ထိန်"

"ဟင်"

ခင်သော်ကနှင့် ဆုံမိသွားသဖြင့် သူ့ခြေလှမ်းတွေ တုန့်သွား သည်။

"ဘယ်ကိုလဲ"

"ကားဆီကိုလေ"

"ရှင် လမ်းမှားနေပြီ"

"ဟင် ... "

ဟုတ်သားပဲ ... သူ့ကားဆီကို သွားနေတာမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



ငွေစာရင်းဌာနဘက်ကို သွားနေတာပါ။

"စောစောက မေချစ်သူ အဲဒီဘက်ထွက်သွားတယ်၊ ထိ
လိုက်သွားမလို့လား"

"ဟာ ... မဟုတ်ပါဘူး၊ ကိုယ့်သူငယ်ချင်းတစ်ယောက်
သွားမလို့ပါ"

"သော်နဲ့ အတူတူသွားမယ်လေ"

အရေးထဲကွာ တော်တော်လေးနှောင့်ယှက်တဲ့ ခင်သော်
ပဲ ... မင်းပဲလေ ... မေချစ်သူကို ကိုယ့်အနားပို့လိုက် တာ ...
ခဏနေတော့ မေချစ်သူနှင့်သူငယ်ချင်းတို့ ထွက်လာသည်။

"မမဒါရိုက်တာနဲ့ဆရာ မင်္ဂလာပါ"

"အေးကွယ်"

ခင်ကတော့ ... သူမလက်လေးကိုဆွဲပြီး ခေါင်းလေးငုံ့ပြီး
ခပ်သွက်သွက်လျှောက်လာကြသည်။

"ဟဲ့ ... ချစ် ဘယ်လိုလဲ ... ငါတို့အထက်လူကြီးနှစ်ယောက်
က လိုက်ဖက်တယ်နော်"

"အင်း"

ချစ် ပြောမယ့်သာပြောလိုက်ရတာ သူမစိတ်ထဲမှာ ရှုံ့ရှ
နာကျင်ကျင်နှင့် ဆရာ့ကိုစိတ်မချသလိုလို ...

"ကိုထိန်နဲ့မမသော်တို့က လူကြီးချင်းလည်း သဘောတူ
ထားတာပါ"





"ဟုတ်လား"

အင်းလေ ... ဆရာနဲ့မမသော်တို့က နေနဲ့လ ရွှေနဲ့မြလို
လိုက်ဆက်တင့်တယ်တဲ့သူတွေပါ။ နှစ်ယောက်သား စားသောက်
ဆိုင်မှာ ထိုင်ကြသည်။ ဒီနေ့က ခင့်မွေးနေ့ပါ။

"ချစ် ... ကြိုက်တာစားလေ၊ အားမနာနဲ့နော် ... ခင့်မွေးနေ့
မှာ ချစ်တစ်ယောက်တည်းကိုပဲ ကျွေးတာနော်"

"စားမယ်၊ အားမနာဘူးနော် ခင်"

"စား"

ချစ် ရင်တွေပြည့်နေသလိုပင် ... ဆရာက မိန်းမတွေကို
ဆင်သေးနေတာတဲ့ ... မမသော်ကိုတောင် ပတ်ပတ်သက်သက်
ဆိုင်သူတစ်ယောက် မဟုတ်ဘူးတဲ့ ...

"ချစ်"

"ဟင်"

"ကိုကိုဆိုတာ ချစ်ကိုလိုက်နေတယ်ဆို"

"ဘာပြောတယ်၊ ခင်က ဘယ်လိုလုပ်သိတာလဲ"

"ကုမ္ပဏီမှာ ပြောနေကြတာပဲ ... ချစ်က ခင့်ကိုတောင်
ဖုံးဖိထားတာပေါ့လေ"

"မဟုတ်ပါဘူးဟာ ... သူတို့လိုအသိုင်းအဝိုင်းတွေကို စိတ်
ဝင်စားပါဘူး၊ ချစ်ကို ဘယ်သူ့ရွေးကအတည်ကြံမှာလဲ၊ စိတ်မဝင်
စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့လိုသူဌေးမျိုးတွေက အပျော်ပဲကြံစည်မှာပါ။ ကျွန်မကို ခြေတော်တင်ဖို့ပဲ ကြံစည်ကြတယ်။ မုန်းလိုက်တာ ...

"လူ့ဘဝဆိုတာ ဒီလိုကြီး ပုံသေတွက်ချက်ထားလို့ ဘယ်ဖြစ်မလဲ ချစ်ရာ ... အတည်ကြံချင်လည်း ကြံမှာလေ၊ ရှင်က အရမ်းချောတယ်လေ"

"အမယ်လေး တော်ပါပြီ၊ ရှင်ပဲ ငွေရှင်းရမှာနော် ခင်"

ချစ် မရယ်နိုင် ... ရင်ထဲမှာ လေးလေးလံလံကြီးနှင့် အပူကင်းတဲ့သူမဘဝလေးမှာ ဆရာက အပူမီးတောက်တွေနှင့် တူနေသည်။

"မင်း ဣန္ဒြေသိက္ခာနဲ့နေပါ၊ ကိုယ့်အနားမှာနေရင် နာမည်ပျက် လုံးဝမရှိစေနဲ့"

ဟွန်း ... ဆရာက ချစ်ကို အထင်သေးနေတာပါနော် ... မမသော်နဲ့က လူကြီးချင်းတွေ သဘောတူထားကြတာတဲ့ အတွေးတွေက ချစ်စိတ်ကို လွှမ်းမိုးနေသည်။ မဆီမဆိုင် ဆရာ့အကြောင်းကို ချစ် တွေးနေစရာပင်မလိုပေ ... ဒေါသကုမ္ပဏီ [illegible] ရှကြီးကိုလည်း အတွေးထဲမှာ ထည့်မထားချင်ပါဘူး။

"မုန်းတယ်"

"ဟဲ့ ချစ် ... ဘာလဲဟ ... ဘယ်သူ့ကိုမုန်းတာလဲ၊ ခင့်ကိုလား"

"ဟင်"





ခင့်ကို ကြောင်တောင်တောင်နှင့် မော့ကြည့်မိသည်။ ချစ် ယောင်သွားတာပါ။ သူမ ရယ်ပစ်လိုက်၏။ ယောင်သွားတာဟု ရယ်ကြဲကြဲပြောလိုက်သည်။

"ကိုကိုဆိုတာကိုလေ နင် စဉ်းစားကြည့်စမ်း ခင်ရယ် ... သူက အပျော်ကြံချင်တာပါ၊ ချစ် ဘယ်လောက်နာမည်ပျက်ရမလဲ၊ အလကားလူ ..."

"အင်း ... စဉ်းစဉ်းစားစားတော့ ဆုံးဖြတ်ရလိမ့်မယ် ချစ် သူဌေးက အချစ်စစ်အချစ်မှန်နဲ့ချစ်ရင်တောင် သူ့အသိုင်းအဝိုင်းတွေက ပြဿနာပဲ"

"ဒါကြောင့် တွေးမိတိုင်း မုန်းတီးနေမိတာပါ"

သူမ မုန်းတီးနေမိတာက သူဌေးကိုပါ။ ဘာဖြစ်လို့မုန်း မသိ။ မမသော်နဲ့ တွဲပြီးပြန်သွားသည်။ ချစ်နဲ့ ဘာဆိုင်လို့လဲ။ သူတို့ကိစ္စပါလေ ... ချစ်နော် ... မတန်မရာ ... နင် ဘာတွေတွေးနေတာလဲ။

"စားလေ ချစ် ... ဘယ်သူ့အကြောင်းမှ စဉ်းစားမနေနဲ့နော်၊ သူဌေးတွေကိုတော့ လုံးဝမစဉ်းစားတာ အကောင်းဆုံးပဲ"

"အင်းနော်"

သူမ စားသာစားနေရတာ အရသာက မရှိ။ ခင့်ကို အားနာလို့သာ မွေးနေ့ရှင်ကို ဆုတောင်းပေးတာပင် အသက်မပါချင်။

"အချိန်ရှိသေးတယ် ချစ် ... တို့နှစ်ယောက် ဘယ်သွားကြမလဲ၊ ရှော့ပင်ထွက်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင့်သဘောပဲလေ"

ခင့်ဆန္ဒအတိုင်း ချစ် လိုက်ပါနေထိုင်ခဲ့ရပေမယ့် ချစ်ရင်တွေ ပူလောင်နေသည်။ ငိုပစ်ချင်နေသည်။ ဆရာ့ကြောင့်လား … အိမ် ပြန်ရောက်တော့ သူမဆီများ ဖုန်းဆက်မလားဟု မျှော်လင့်နေမိ သေးသည်။

"မိချစ်ရယ် … သူက နင့်ကို အရေးအရာလုပ်နေပါ့မလား မမသော်ကိုတောင် သိပ်အရေးအရာလုပ်တာမှ မဟုတ်တာ"

ချစ် အိပ်ရာလေးပေါ်လှဲအိပ်ချပြီး သူမ အိပ်ရာဘေးမှာချ ထားတဲ့ ဖုန်းလေးဆီ အကြည့်တွေကရောက်နေသည်။ ဖုန်းသံလေး က တိတ်ဆိတ်ငြိမ်သက်နေ၏။ ဆရာရယ် … ချစ်လေ … ဘာဖြစ်လို့ များ ဆရာ့ကိုပဲ လွမ်းဆွတ်သတိရတာလဲဟင် … မချစ်သူ ရူးသွား ပြီထင်တယ်။

■■■

…န်း ( ၁၀ )

"ကိုကိုက မချစ်သူကို လက်ထပ်ခွင့်တောင်းနေတယ် …ဆိ … ဘယ်လိုလဲ … ကျွန်မတို့တပည့်ကို ဦးဆောင်ပြီး စီစဉ်ပေး …ကြရအောင်လား"

ထိန် မပြောချင်။ သော်က သူ့ကို ထောင်ချောက်ထဲတိုးဝင် …န့် ကြံစည်နေတာ ထိန် သိထားသည်။

"ကိုယ်ကတော့ စီးပွားရေးကိစ္စကလွဲပြီး တခြား ဘာကိုမှ …ဝင်စားဘူး"

"တိုင်ပင်တာပါ၊ သော်တော့ သဘောတူတယ်"

"ဒီကောင်မလေးက အလကားကောင်မလေးပါ၊ အသုံးမကျ … ကိုကို မသိသေးလို့ပါ"

"ကိုကိုကလည်းမဆိုးပါဘူး ထိန်ရယ် နော်"

"မသိဘူးကွာ … ဒီကောင်မလေးအကြောင်း လုံးဝစိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဘူး သော် ... ကိုယ်ပြန်ပြီ"

"ကိုထိန်"

"ဟင် ... "

"သော် လိုက်ခဲ့မယ်"

"လိုက်လေ"

သော့်ကို မလိုက်စေချင်ပေမယ့် ... သူ မျက်နှာထားတည်တည်နှင့် အရင်အတိုင်းပဲနေပစ်ရသည်။ မချစ်သူအကြောင်းလည်း မတွေးချင် ... မေ့ပျောက်ချင်နေ၏။ သော်ရှိနေတာလည်း သူ စိတ်ရှုပ်သည်။

"သမီးသော် လိုက်လာတာပဲ ... ကောင်းတယ်ဟော့ ... မိသားစု ထမင်းလက်ဆုံစားကြမယ်၊ သမီးသော် မေမေ့ကိုလည်း လှမ်းခေါ်လေ"

"မခေါ်တော့ပါဘူး။ သော်လည်း ပြန်မှာပါ"

မေမေက မာနကြီးသည်။ သိပ်ပြီး အောက်ကျမခံတတ်။ သော့်ကိုတောင် မသွားဖို့မှာထားသေးသည်။ ထိန်ရယ် ... သော်လေ မာနတွေမထားချင်တော့ဘူး။ ထိန့်အပေါ် သံယောဇဉ်တွယ်ငြိနေပြီ။ လက်ထပ်ဖို့အထိ ရည်ရွယ်ထားသည်။

"သော်"

"ရှင် အန်ကယ်"





"ရုံးမှာ အဆင်ပြေကြတယ် မဟုတ်လား"

"ပြေပါတယ် အန်ကယ်ရယ် ... သော်လေ ထိန့်အတွက် ကြီးကြီးစီမံအုပ်ချုပ်ပေးနေရတယ်၊ အခုတောင် အတွင်းရေးမှူး တစ်ယောက် ခန့်ပေးထားတယ်လေ၊ မချစ်သူတဲ့"

"သမီးစိတ်တိုင်းကျရင် ပြီးတာပဲ ... သားကိုတော့ သမီး စီစဉ်ပေးပါ"

"ဟုတ်ကဲ့"

အန်ကယ့်ကိုလည်း ထိန့်အကြောင်းတွေ ပြောပြထားရမယ်။ ချစ်သူကို ထိန် စိတ်ဝင်စားနေရသည်ဟု သော်ထင်မိသည်။

"သားထိန် ... မင်းလည်း သော့်ကိုဂရုစိုက်နော် ... ဒက်ဒီ့မှာ မိသားစုဝင်တွေပဲ"

ထိန်ကတော့ သော်နှင့်ပတ်သက်နေရတာ စိတ်ပျက်သည်။ ဒါ့ကြောင့်ပါ။ သော်က မာနကြီးလွန်း၏။ လုပ်ငန်းမှာလည်း သူပဲ ဦးဆောင်စီမံချင်သည်။

"ကဲ ... တို့မိသားစုဝင်တွေ ညစာစားကြရအောင်"

ဒက်ဒီက ထိန့်ကိုလည်း ခေါ်သည်။ ထိန် စိတ်ရှုပ်တွေးလွန်း နေ၏။ တစ်ယောက်ထဲမနေချင်။ မချစ်သူအကြောင်းတွေပဲ စဉ်းစား နေမိနေ၏။ ထို့ကြောင့်ပင် သော်နှင့် အလိုက်အထိုက်နေသည်။

"သမီးလေးသော်နဲ့သားက စီးပွားဖက်တွေပဲ ... လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း အောင်မြင်တယ်၊ ညီညီညွတ်ညွတ်နေကြနော်"

ထိန် တွေးနေမိသည်။ သော်နဲ့ပဲ လက်ထပ်လိုက်ရင်ကောင်း မလားဘဲ ... အခုတလော သူ့စိတ်တွေကို မထိန်းသိမ်းနိုင်ခဲ့ ... မေချစ်သူအကြောင်းတွေပဲ စဉ်းစားမိနေသည်။ ကိုကိုနှင့်လက်ထပ် ပေးဖို့ ထိန် သဘောမတူနိုင်ဘဲဖြစ်နေရ၏။ ကိုကိုက မဆိုးပါဘူး မေချစ်သူအား အတည်တကျလက်ထပ်ယူပါမည်ဟုလည်း ပြော သည်။

"သား"

"ဗျာ"

"စားလေ"

"ဟုတ်"

"သား ... အခုတလော အတွေးတွေများနေပုံပဲ ... အလု မှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ် ဒက်ဒီ"

သော်ကလည်း ထိန့်ကို အနီးကပ်ဂရုစိုက်နေမိတာပါ။ ထိ ခံစားနေရပုံပဲ ... ရှင်နဲ့တန်တဲ့မိန်းမတစ်ယောက်ကို ရှင် စိတ်ဝင်စား နေပြီမဟုတ်လား ထိန် ... ထမင်းစားပြီးတော့ ထိန်က လိုလို လားနှင့် သော်နှင့်စကားလက်ဆုံကျနေသေးသည်။

"ထိန် ... ရှင် ဒီနေ့ အရမ်းထူးခြားနေတာပါလား"





"တစ်ခါတစ်လေတော့လည်း ကိုယ်တစ်ယောက်တည်းနေရ တာ ... အထီးကျန်လွန်းတယ်၊ ကိုယ့်စိတ်ဖိစီးမှုတွေရှိတာ တစ် ယောက်တည်း မနေချင်ဘူး"

"အဟက်"

ရှင် တော်တော်ရယ်ရတာပဲ ကိုထိန် ... ရှင် အမြဲတမ်း တစ် ယောက်ထဲနေရတာကို သဘောကျတယ်ဆို ... အခုတော့ အထီး ကျန်နေပြီလား။

"ကိုထိန်တစ်ယောက် ... အခုတလော အရမ်းကို တွေဝေ ဆိုင်နေပါလား၊ အထီးကျန်တာတွေဘာတွေ ပြောလို့လေ"

"ဟုတ်တယ်၊ တစ်ခါတစ်လေ ကိုယ် အရမ်းစိတ်တွေလေးရ တယ်၊ အလုပ်တွေရှုပ်နေသလိုပဲ သော်"

"မေချစ်သူကြောင့်လား၊ ရှင့်စိတ်တွေကို ရှုပ်ထွေးစေတာ သာ"

"မေချစ်သူကို မင်းပဲပြန်ခေါ်ထားတော့ သော်"

"ဟင် ... တကယ်လား ကိုထိန် ... ရှင့်စိတ်တွေကို အနှောင့် အယှက်ဖြစ်စေတယ်ဆိုရင်တော့ ကျွန်မ ပြန်ခေါ်ပါ့မယ်"

မင်းဟာမင်း ဘယ်သူနဲ့ပဲ ပတ်သက်ပတ်သက်ကွာ ... ကိုယ့် အနားမှာ မင်းရှိနေရင် ... ကိုယ် သံယောဇဉ်တွယ်မိတော့မယ်။ မေချစ်သူ ... ကိုယ့်နှလုံးသားတွေထဲမှာ မင်းက နေရာယူထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ။

"ကိုထိန်ရယ် ... သော်ကလေ အဆင်ပြေမလားလို့ပါ။ စိ
အေးအေးထားပါ ကိုထိန် ... ပြန်ခေါ်ပါ့မယ်၊ တကယ်အသုံးမကျ
တော့ ကျွန်မ အလုပ်ထုတ်ပစ်လိုက်မယ်လေ"

"ဟင်"

မေချစ်သူကို အလုပ်ထုတ်မယ်ဆိုတော့ ... ထိန် စိ
မကောင်းဖြစ်သွားရသည်။ ဒီကောင်မလေးကို သံယောဇဉ်ဖြ
လိုက်တာပဲ ကောင်းပါတယ်။ တော်ပြီကွာ ... မင်းဟာမင်း ဘယ်
ပဲဖြစ်ဖြစ် ...

"ကိုယ့်ကြောင့်တော့ ... လူတစ်ယောက်ရဲ့အနာဂတ်
မပျက်စီးစေချင်ဘူး၊ မင်းအနားမှာပဲထားလိုက်ပါ သော်ရာ"

မေချစ်သူ ... ကိုယ် အရှုံးခံစားနေရတယ်ကွာ ... မင်း
သတိရတယ်။ မဖြစ်ပါဘူး။ မင်းကို ကိုယ့်ရဲ့ဝန်ထမ်းလေး။ ကို
က အမြဲတမ်း မာနတကြီးနေထိုင်တတ်တာပါ။ ကိုယ် လက်
သင့်တာက သော်လား ...

"သော် ပြန်မယ်နော် ... မနက်ဖြန် ကောင်မလေးရုံးတ
လာရင် ... ကျွန်မ ကြည့်လုပ်လိုက်ပါ့မယ်၊ ကိုထိန်က အမြဲတ
မာနနဲ့နေထိုင်လာတာလေ၊ သော်ကလည်း ကောင်မလေးက
တော့ သော်တို့ကြော်ငြာကုမ္ပဏီအတွက် အသုံးဝင်မလားလို့



င်း မေချစ်သူက အရည်အချင်းမရှိပါဘူး၊ ဟာနဲ့ရွှေ့ပစ်ရတော့မယ်"

ကိုထိန်ရယ် ... ရှင့်ရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ သော်
သိတာပေါ့။ မှန်တိုင်းထန်နေပြီ မဟုတ်လား ... မေချစ်သူက ရှင့်
နှလုံးသားကို ဆွဲကိုင်လှုပ်နိုင်ပြီလေ။ ထိန့်ကို အသုံးမကျပြီး ညံ့ဖျင်း
လွန်းတဲ့ မိန်းမတစ်ယောက်နှင့် နီးစပ်အောင်ထားခဲ့တာပဲ ... ဒါပေမဲ့
သူမကိုယ်တိုင်လည်း ထိန်နှင့်မေချစ်သူတို့ ငြိစွန်းသွားတာကို
နောလိုဝန်တိုဖြစ်နေမိသည်။ ပြန်လုယူသင့်တယ်။

"ဘယ်လိုလဲ ထိန် ... ရှင် ဆုံးဖြတ်ပါ၊ မေချစ်သူကို ရှင်
သံယောဇဉ်တွယ်နေပြီထင်တယ်"

"ဟာကွာ ... ကိုယ် အဲဒီလောက်အထိ စိတ်ခတ်မပျော့
ပါဘူး၊ မေချစ်သူကြောင့် ကိုယ် နည်းနည်းတော့စိတ်ရှုပ်ထွေးရ
တယ်"

မေချစ်သူကိုတော့ သူ စိတ်ဝင်စားမှုတွေ လွန်ကဲနေသည်ဟု
ထင်မိသည်။ မဖြစ်ပါဘူး။ သူ့ဘဝနှင့် ဘယ်လိုမှမနီးစပ်နိုင်တဲ့
ကောင်မလေး ... ဒကိဒီက သော်နှင့်ပဲလက်ထပ်လိုတဲ့ဆန္ဒ ပြင်းပြ
နေ၏။ သူ့ဘက်က လက်မခံနိုင် ... သော်တို့သားအမိအပေါ် ခုထိ
အမြင်မကြည်လင်နိုင်ဘဲ ဖြစ်နေသည်။

"သော်ပြောလိုက်ပါ့မယ် ထိန် ... ဟုတ်ပါတယ်လေ ...
မေချစ်သူက ညံ့ဖျင်းလွန်းပါတယ်၊ ရုပ်ကလေးချောတာပဲရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သော်ရွေးတာ မှားပါတယ်"

သူ ဘာမှဆက်မပြောချင်ပေ။ သော်က မင်းရွေးချယ်သေ
တာပဲ ... ကိုယ် သိတယ်။ မင်း ဘယ်လိုအကြံအစည်တွေနဲ့ဆို
လေ။ မေချစ်သူ ... ကိုယ် ဘာဆက်လုပ်ရမလဲ။ မင်းကို ကိုယ့်နှ
သားတွေက ချစ်မိနေပြီထင်တယ်။ မင်းသွားမှာကိုလည်း တကယ်
နာကျင်ရသည်။ မင်းပုံရိပ်လေးတွေကို ကိုယ် မေ့ပျောက်လို့ရေ

"ထိန်"

"ဟင်"

"ရှင်က လုပ်ငန်းကြီးလုပ်နေတာလေ၊ ဘာမှ တွေဝေမနေ
တော့ ... လုပ်သင့်တာလုပ်ရမှာပဲ"

ရှင့်ရင်ထဲကနေ မေချစ်သူကို ကျွန်မ ပြန်ဖယ်ရှားပစ်ရမေ
မဖြစ်တော့ဘူး။ မေချစ်သူကိုပို့ပေးခဲ့တုန်းကတော့ သော် လက်
ချေဖို့ပဲ ... သူမအပေါ် ... အဖက်မတန်သလို အေးစက်နေ
လမင်းထိန် ...

ထိန့်မျက်ဝန်းတွေက ရီဝေကြေကွဲနေသည်။ ဒါပေမဲ့ သူ
ကတော့ ထိန့်ကို ကြိတ်၍ချစ်မြတ်နိုးနေခဲ့၏။ လက်လွှတ်မခံနိုင်
တဖြည်းဖြည်းသိလာသည်။

"မေချစ်သူကို ကိုယ်ကြည့်ပြောမယ် သော် ... ဒီကော
လေးက အပြစ်မရှိပါဘူး ... အလုပ်ကနေ ထုတ်ပစ်တဲ့အထိ





လုပ်ပါနဲ့"

"အင်းပါ၊ သော်တို့ကုမ္ပဏီအတွက် မေချစ်သူက လိုအပ်သေး
တယ်လေ"

စိတ်ချပါ ကိုထိန် ... မေချစ်သူကို သော် မထုတ်ပါဘူး။
ဘာဖြစ်လို့လဲဆိုတော့ ... ရှင်နဲ့မေချစ်သူ အရမ်းလွှတ်လပ်စွာ တွေ့
ဆုံခွင့် ရသွားမှာစိုးရိမ်လို့လေ။

"ဒါဆိုလည်း သော် ပြန်မယ်နော် ... ထိန်ပဲ ကြည့်ပြောလေ၊
ဒီကောင်မလေးဆာ လေ့ကျင့်ပေးဖို့လည်း လိုအပ်သေးတယ်၊ သော့်
ဖျက်စီအောက်ပဲ ထားလိုက်ပါ့မယ်၊ သော် သင်တန်းပေးရဦးမယ်"

"အင်း"

သော် ထသွားသည်။ ထိန် ဘယ်လိုဆုံးဖြတ်ရမလဲ။ သူ့ဆီကို
သော် ရောက်လာတိုင်း သူ့စိတ်က ဒေါသဖြစ်လာ၏။ သော့်အမေ
ကြောင့်ပဲ ... ဒေါ်ပွင့်ပွင့်က ဒက်ဒီအပေါ်ဆက်ဆံတာ အရမ်းရင်းနှီး
လွန်းနေသည်။

"ပွင့်က သားအမေရဲ့ငယ်သူငယ်ချင်းပဲ ... သားကို ငယ်ငယ်
လေးထဲက မိခင်နှင့်မခြား စောင့်ရှောက်ပေးခဲ့တာပါ"

ဒက်ဒီ ဘယ်လိုပဲပြောပြော ဒေါ်ပွင့်ပွင့်ကို ထိန် မနှစ်သက်မိ။
ဟန်ဆောင်မာယာတွေနှင့် ဖုန်းကွယ်လွန်းသည်ဟု ထင်နေခဲ့သည်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ"

"သော် ပြန်သွားပြီလား"

"ဟုတ်ကဲ့ ဒက်ဒီ"

"သော့်ကို တရင်းတနှီးဆက်ဆံပါသားရယ် ... လုပ်ငန်းမှာလည်း အတူတူ ... ရှယ်ယာဝင်တွေ မဟုတ်လား၊ သော်လေးက အရမ်းထက်မြက်ပါတယ်၊ သားကိုလည်း ချစ်တယ်လေ"

သားကတော့မချစ်ဘူး ဒက်ဒီ ... စိတ်ထဲမှာ ဒေါ်ပွင့်ပွင့်ကိုရော သော့်ကိုရော ရွံနေတယ်။ ဘာဖြစ်လို့လဲ မသိဘူးဗျာ ... သူငယ်စဉ်က ဒက်ဒီ့အိပ်ခန်းထဲကနေ ထွက်လာတတ်တဲ့ ဒေါ်ပွင့်ပွင့်ရဲ့ မြင်တွေ့ခဲ့ရသည်။ ဒက်ဒီ့ကိုတော့ ထိန် သနားတယ်။ မာမီ စွန့်ပစ်ထားပြီးထဲက နောက်အိမ်ထောင်မပြုဘဲ ထိန့်ကို စောင့်ရှောက်လာခဲ့သည်။

"ပွင့်က ငယ်ငယ်လေးထဲက မာနကြီးတယ်လေ၊ ဒါပေမဲ့ သားကိုတော့ ချစ်ရှာပါတယ်"

ဦးသီဟကိုယ်တိုင် ... တစ်ခါတစ်လေ ကျောထဲမှအောင့်လာသလို ... အဖျားတွေ တငွေ့ငွေ့နှင့် ကျန်းမာရေးမကောင်းချင်နိုင်ငံခြားမှာ ဆေးစစ်ဖို့ပင် စိတ်ကူးထားသည်။ တကယ်တော့ သားဆန္ဒမရှိတဲ့ကိစ္စကို မိမိအနေနှင့် အတင်းအကြပ်မစီစဉ်ပေးလိုပေထို့ကြောင့်လည်း သော်နှင့်လက်ထပ်ဖို့ကိစ္စ မိမိ စောင့်ကြည့်နေ





သည်။

"သားရယ် ... ဒက်ဒီ တစ်ခါတစ်လေ မင်းရှေ့မှာ စိတ်တွေမလုံမလဲဖြစ်ရပါတယ်၊ ဒက်ဒီ အပြစ်တွေကျူးလွန်ထားမိခဲ့တဲ့အတွက် ... သားကိုတော့ အိမ်ထောင်ရေးမှာ ရွေးချယ်ခွင့် ဒက်ဒီ အပြည့်အဝပေးခဲ့ဖြစ်တာပါ"

သားကိုကြည့်ပြီး ဦးသီဟ တွေးနေမိသည်။ သား မချစ်မနှစ်သက်တဲ့ ခင်သော်ကနှင့် လက်မထပ်စေချင်ခဲ့ပေမယ့် မိမိဘက်မှ လုံးဝငြင်းခွင့် မရှိပေ ... မိမိ အမှားအယွင်းတစ်ခုကြောင့်ပါ။ ဘဝတစ်ခုလုံး ခေါက်ထိုးမိုးမျှော် ဖြစ်ခဲ့ရတာ ... ဒက်ဒီ အသုံးမကျလို့ပဲ ... သားက မသိပေ ... မိမိအိမ်ထောင်ရေး ပြိုကွဲကာစတွင် သား အသက်နှစ်နှစ်ပဲရှိနေသေးသည်။ အတိတ်တွေကို ထပ်မတွေးချင်။ မေ့ပစ်ထားတာပဲ အကောင်းဆုံးပဲဟု ထင်မှတ်ထား၏။ အနာလည်း ယူချင်လာ၍ ... သား အခန်းထဲကနေ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"မေချစ်သူ"

"ရှင်"

"မင်းကို ဒါရိုက်တာသော်က သူ့အနားပြန်ခေါ်လိမ့်မယ်"

"ရှင် ... ဘာဖြစ်လို့လဲ ဆရာ ... ချစ် ကြိုးစားမှာပါ။ ချစ် အမှားအယွင်းတွေ မဖြစ်စေရတော့ပါဘူး"

"မင်းကို ဒါရိုက်တာသော်က အကောင်းဆုံးစီမံပေးလိမ့်မယ် မေချစ်သူ"

သူ့ရင်တွေ နာကျင်နေသည်။ သူ တစ်ညလုံးစဉ်းစားရင်း အိပ်လို့ပင် မရ ... မေချစ်သူမှာ အပြစ်ကင်းစင်ပေမယ့် သူ့အနားမှာ ဆက်ထားလျှင် သံယောဇဉ်တွေ တွယ်ငြိသွားတော့မယ်ဆိုတာ သေချာသည်။ သူ့စိတ်တွေကို ထိန်းချုပ်ပစ်ချင်နေ၏။ ဒက်ဒီက လုံးဝ လက်ခံနိုင်မှာမဟုတ်ဘဲ ... ခင်သော်ကနှင့် အတင်းအကြပ် လက်ထပ်ပေးတော့မှာ သေချာသည်။





"မင်းကို ကိုယ့်အနားမှာ မထားနိုင်တော့ဘူး၊ သော်ပဲ မင်းကို ခန့်ထားခဲ့တာလေ"

"ဆရာ ရက်စက်တယ် ... ကျွန်မအမှားက ပြင်ဆင်လို့ရတဲ့ အမှားတွေပါ ... ဆရာ့အနားမှာ နေချင်လို့တော့မဟုတ်ဘူးနော်၊ ကျွန်မကို အသုံးမကျလို့ MD က လက်မခံဘူးလို့ဆိုတဲ့နာမည်ဆိုးကြီး တွင်တော့မှာကို ကြောက်တာပါ။ ရှက်လည်း ရှက်တယ်"

ပြောပုံကကြည့် ... ဆရာ့အနားမှာနေချင်လို့ မဟုတ်ပါဘူးတဲ့လေ ...

"ဒါတော့ မတတ်နိုင်ဘူး မေချစ်သူ ... မင်းလည်း အမှန်အကယ်ညံ့ဖျင်းတာပဲ"

"ကောင်းပါပြီ 'ဆရာ"

ဆရာက သွားဆိုလည်း ချစ် သွားရတော့မှာပဲပေါ့။ ချစ်ဘက်ကနေ ငြင်းဆန်ပိုင်ခွင့်မှ မရှိတာ ... သူမ ပစ္စည်းတွေကို သိမ်းသည်။

"ဆရာ"

"ပြော"

"ကျွန်မ ကုမ္ပဏီကနေ အပြီးအပိုင်ထွက်ပါတော့မယ်၊ ကျွန်မကို မမသော်အနားမှာပဲထားခဲ့ရင် တော်သေးတယ်၊ ကျွန်မ အသုံးမကျမှန်းသိသိကြီးနဲ့ ဆရာ့အနားပို့ခဲ့တာပဲလေ ... ကျွန်မ သူများ အငေါ့ခံရတဲ့ အခြေအနေမှာတော့ မနေချင်တော့ပါဘူး၊ ကုမ္ပဏီက



www.burmeseclassic.com

www.burmeseclassic.com



နေ့ ထွက်ပါ့မယ်"

မေချစ်သူ ကုမ္ပဏီကနေ ထွက်သွားတာလည်း ကောင်းတာပဲလေ။ ကိုယ် မတွေ့ချင်တော့ဘူး ... ထိန် လုံးဝမတားခဲ့ ... မေချစ်သူက အိတ်လေးဆွဲပြီး သူ့ကိုနှုတ်ဆက်၍ ထွက်သွားသည်။

"ဟုတ်ပါတယ်လေ၊ ဆရာ့ဆုံးဖြတ်ချက် မှန်ပါတယ်၊ ချစ်က အသုံးမှ မကျတာ ... ကုမ္ပဏီကနေ ထွက်လိုက်တာပဲကောင်းပါတယ်"

မင်းမှာ အားကိုးရှိနေပြီပဲ မေချစ်သူ ... တခြားကုမ္ပဏီတွေ ရှိနေပြီ မဟုတ်လား။ ကိုကိုတို့ ... ဖလတို့က ... မင်းကို အလိုရှိနေတာပဲ ... သူ ဒေါသကဖြစ်ရသည်။

"ဆရာ ခွင့်ပြုပါဦး"

"ကောင်းပြီ"

သူမလည်း ဆက်ပြီး အလုပ်မလုပ်ချင်တော့သဖြင့် ထွက်ဖို့ပဲ ဆုံးဖြတ်ကာ ဆရာ့ရုံးခန်းထဲကနေ ထွက်လာခဲ့သည်။

"မေချစ်သူ"

"ရှင် မမသော်"

"မင်းဆရာက ပြောလိုက်ပြီလား"

"ဟုတ်"

"မမသော်အခန်းထဲ လာလေ"

"ဟုတ်ကဲ့"





မမသော်အခန်းထဲ ချစ် ဝင်လာခဲ့သည်။ အလုပ်ထွက်တော့မည့်အကြောင်း ပြောပြမှာပါ။ ချစ် ဆုံးဖြတ်ပြီးပြီ။

"ချစ်"

"ရှင်"

"မင်း မမသော်စီစဉ်ပေးမယ့်ဌာနမှာ နေလေ ... ဒါမှမဟုတ် မင်းသွားချင်ရှိတဲ့ ငွေစာရင်းဌာနကိုပြောင်းမလား"

"ချစ် ကုမ္ပဏီကနေထွက်တော့မယ်"

"ဟင်"

"မမသော်ကို ကျေးဇူးအများကြီးတင်ပါတယ်၊ ချစ်ကိုယ်တိုင် က ညံ့ဖျင်းပြီး အသုံးမကျတာပါ၊ တခြားနေရာလည်း သွားမနေချင် တော့ပါဘူး မမသော် ... အလုပ်ကနေထွက်ဖို့ပဲ ဆုံးစားဆုံးဖြတ် ထားပါတယ်"

မေချစ်သူ ကုမ္ပဏီကနေ ထွက်လို့မဖြစ်သေးပါဘူး။ အဖြင့်မှာ ဆို ထိန်နှင့်နီးစပ်သွားနိုင်သည်။ လွှတ်လွှတ်လပ်လပ် တွေ့ခွင့်ရကြ မှာပဲဖြစ်၏။ သော်ကတော့ တားဆီးရမည်ဖြစ်သည်။

"ချစ်ကို မမ အလုပ်ထွက်တာတော့ လက်မခံနိုင်ဘူး၊ မင်းလေးကို မမ သံယောဇဉ်ဖြစ်နေပါပြီ၊ ချစ်လေးကို ရာထူးတိုးပေးမှာပဲ မင်း မျက်နှာမငယ်စေရပါဘူး"

"ချစ် ထွက်ပါရစေမမရယ် ... ရာထူးတိုးပေးလည်း ချစ်က တာဝန်ယူနိုင်မှာ မဟုတ်ပါဘူး၊ အသုံးမှမကျတာ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေးရယ် ... အားမလျှော့စမ်းပါနဲ့ ... မမသော်တစ်ယောက်လုံး ရှိပါသေးတယ်"

မမသော်က အတင်းအကျပ်တောင်းပန်နေ၍ ... ချစ်လည်း အလုပ်ထွက်ရခက်နေသည်။ ဆရာရှိနေတဲ့နေရာမှာလည်း ချစ်အလုပ်မလုပ်ချင်တော့ ... လုံးဝ မတွေ့ရတဲ့နေရာမှာပဲ နေချင်သည်။

"ချစ်"

"ရှင်"

"ကိုကိုက မင်းနဲ့လက်ထပ်ဖို့ မမသော်ကို အကူအညီတောင်းထားတယ်နော်"

"ဟာ မမကလည်း ... ချစ် စိတ်မဝင်စားပါဘူး၊ ငြင်းလိုက်ပါ"

"မမကတော့ ချစ်လေးဘဝရှေ့ရေးအတွက် သဘောတူတယ်၊ မမ စီစဉ်လိုက်မယ်လေ၊ ကိုကိုက မင်းလေးဖြစ်စေချင်တဲ့ဆန္ဒတိုင်း ဖြစ်စေရပါမယ်တဲ့"

ကိုကိုက သူမအား ချစ်ရေးဆိုထားတာပဲ ... မချစ်နိုင် ... လက်မခံနိုင်ပါဘူး။

"ချစ် လက်မခံနိုင်ပါဘူး မမ"

"ဘာဖြစ်လို့လဲ ချစ်ရဲ့ ... ဒီလိုယောကျ်ားမျိုးကို မိန်းကလေးတစ်ယောက်က ရွေးချယ်သင့်တယ်လေ"





"ချစ်မှ မချစ်နိုင်တာ ... ချစ်က ဆင်းရဲပါတယ်၊ သူတို့လို ...ိုင်းအဝိုင်းထဲကို ချစ် မဝင်ချင်ဘူး မမ ... ငြင်းပစ်လိုက်ပါ"

"ချစ် ... "

"ချစ် တကယ်ပြောတာပါ၊ ကိုကို ဘာကြီးပဲဖြစ်နေပါစေ၊ ... လက်မခံနိုင်ပါဘူး"

"စဉ်းစားပါဦး ချစ်ရယ် ... မင်းလေး ချမ်းချမ်းသာသာ ...ိုင်ရမှာနော်၊ ကိုကိုက အရမ်းချစ်ခင်မြတ်နိုးနေတယ်"

"တော်ပါပြီ မမရယ် ... ဘယ်သူ့ကိုမှ မျှော်လင့်ချက်မပေး ...ပါနဲ့ ... ချစ်လည်း ပြင်ထားပြီးပါပြီ၊ လောလောဆယ်တော့ ... ငွေစာရင်းဌာနမှာနေပါ့မယ်၊ ချစ်သူငယ်ချင်း ခင်ရှိတယ်လေ၊ ...းလည်း တိုးမပေးပါနဲ့ ... ချစ်မှာ အရည်အချင်းတွေ မရှိသေး ..."

ချစ် ... မင်းက စိတ်သဘောထားဖြူစင်တာလား ... ...းမှု ရှိတာလား။ ချစ်ကတော့ သူမ အိတ်လေးကိုဆွဲပြီး ထွက် ...သည်။

"ညည်းလေးကိုအလုပ်ခန့်မိတာ မမ မှားသွားပြီထင်တယ်၊ ... အမှားမှားအယွင်းယွင်းလုပ်တတ်ပေမယ့် ... မာနရှိတဲ့ ...လေးပါ"

ထိန်နှင့်နီးစပ်စေချင်ရာကနေ သူမကိုယ်တိုင် မနာလိုဝန်တို ...။ ဝေးစေချင်လာသည်။ ကုမ္ပဏီမှာမရှိစေချင်ပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်ကနေ မချစ်သူ ထွက်ခွာသွားမှာလည်း ကြောက် သည်။ ထိန့်အခန်းထဲ သော် ဝင်လာခဲ့၏။ ထိန် မျက်နှာမသာမယာ နှင့် ဟန်ဆောင်အပြုံးတွေ ပြုံးပစ်နေသည်။

"သော် ... ကိုယ် အလုပ်များနေတယ်၊ ဘာကိစ္စရှိလို့လဲ"

"ချစ် အကြောင်းပါ။ ဒီကောင်မလေး အလုပ်ကနေထွက်မယ် သော် တားထားတယ်"

"သူ့အကြောင်းတွေ မပြောနဲ့တော့ သော် ... အာရုံနောက် တယ်၊ တားလိုက်ပါ"

"ပြောပြတာပါ ထိန်ရာ ... ကိုကို့ကိုလည်း လက်မခံဘူးတဲ့ မာနတော့ရှိတယ်၊ ချစ် ငြင်းပစ်လိုက်တယ်လေ"

ထိုစကားတွေကတော့ ထိန့်ရင်ကို အေးမြသွားစေသည် မင်းမှာ မာနရှိတာပဲ ... ငွေ မမက်ဘူးဆိုတဲ့သဘောပဲ ... ကောင်း တယ် မချစ်သူ ...

"အင်း ကောင်မလေးက မာနရှိပေမယ့် ... ဘဝက နိမ့်ကျ တယ်လေ ထိန်ရယ် ... သူ့အစ်မက ကုန်ခြောက်ဆိုင်လေး တဲ ထားတာပါ။ ကိုကိုကတော့ မိဘ မရှိဘူးလေ၊ သူ့သဘောအတိုင် လုပ်ဆောင်နိုင်လို့ပါ"

ထိန့်ကို တမင်ပြောပစ်လိုက်သည်။ ရှင်တော့ မစဉ်းစား ထိန် ... ရှင့်အဖေက ... နိမ့်ကျတဲ့မိန်းကလေးနဲ့ ရှင့်ကို လုံး သဘောကျမှာမဟုတ်ဘူးဆိုတာ သတိပေးလိုက်သည်။





"ဒါကတော့ မချစ်သူကိစ္စပဲ ... ကိုယ်နဲ့မဆိုင်ဘူးထင်တယ် ...် ... ကိုယ့်အကြောင်းလည်း မင်းအသိဆုံးပဲလေ၊ မိန်းမတွေ ...တ်မဝင်စားဘူး၊ လက်ထပ်ဖို့ဆန္ဒလည်း မရှိဘူး၊ ကိုယ် မချစ် ...်တာပါ"

သော့်ကို ပြောပစ်သည်။ မင်းကိုလည်း လက်မထပ်နိုင်ဘူး ...တဲ့သဘောပင် ... သော်က ဟန်ဆောင်နေတာပါ။ သူ့ကို နှိပ်ကွပ် ...တွက် အမြဲတမ်းကြံစည်နေတာ ထိန် အသိဆုံးပင် ...

"မင်းလို ယောကျ်ားတစ်ယောက်ကို ထိန်းချုပ်ချင်တာရယ် ...ာပေးချင်တာရယ် ... မထေမဲ့မြင်လုပ်ချင်တာရယ်တွေကို ...ယ် အမုန်းဆုံးပဲ သော်"

သူ့စိတ်က တွေးမိနေသည်။ သော့်ကို လက်မထပ်လို့။ ထို့ ...ကြောင့်ပင် ဒက်ဒီ အတင်းအကျပ်စီစဉ်လာမည့်အရေးကို ကြိုတင် ...တွယ်ထားသည့်အနေနှင့် ချစ်သူမထားမိစေရန် အဓိက ဖြစ်နေ ...သည်။

"မချစ်သူက ညှို့လည်းညှို့ ... မိသားစုအသိုင်းအဝန်းက ...ည်း နိမ့်ကျ ... ရုပ်လေးတော့ ချောပါတယ်"

သော့်ကို သူ စကားမပြော၍ ပြန်ထွက်သွားသည်။ မချစ်သူ ...င်းကိုတော့ ကိုယ်အရမ်းလွမ်းနေတယ်။ မင်းကို ကိုယ့်အနားမှာ ...နေစေချင်တာပါ။ မဖြစ်နိုင်ဘူးထင်တယ်။

"မင်းနဲ့ အဝေးဆုံးမှာ ကိုယ်နေရမယ်၊ ဒါက ကိုယ့်နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဆုံးဖြတ်ချက်ပဲ"

မေချစ်သူရဲ့ မျက်နှာလေးနှင့် အပြုအမူလေးတွေကို ... ဘယ်လိုမှမေ့ပစ်၍ မရပေ ... တစ်ခါတစ်ရံ ဒက်ဒီ့ဆန္ဒအတိုင်း ... ခင်သော်ကနှင့် လက်ထပ်လိုက်တာပဲကောင်းပါတယ်လေဟု ... မိနေပေမယ့် ဆန္ဒက မရှိပေ ...

"မင်းကို ကိုယ်ချစ်မိနေပြီထင်တယ် ... မေချစ်သူ... ဘာတွေလဲကွာ"

ထိန်ရာ ... မင်းဘဝမှာ ဒီလောက်အထိပဲ ချစ်ကြိုက်... မိန်းကလေး ရှားသလားကွာ ... ဒက်ဒီ ဘယ်လိုမှ သဘောမတူ... တဲ့အသိုင်းအဝိုင်းက ဖြစ်နေတယ်။ ချစ်ရယ် ... သူ့အိမ်ပြန်ရော... တော့ ဒက်ဒီက သော်နှင့်လက်ထပ်ရန်ကိစ္စ ဆွေးနွေးသေးသည်...

"သားနဲ့သော် လက်ထပ်သင့်နေပြီကွယ် ... သော့်မှာ သ... ငြင်းစရာ ဘာမှမရှိဘူးထင်တာပဲ ... ဒက်ဒီတို့ အိမ်ထောင်ရေး... က ဒက်ဒီ့ကံအကြောင်းတရားပဲ ထိန် ... မင်းတို့အိမ်ထောင်ရေး... ဖြစ်စရာ မရှိပါဘူး"

"သော့်အပေါ် အချစ်ဆိုတာကို သား ခံစားလို့မရဘူး။ အ... တူနေထိုင်ဖို့လည်း ဆန္ဒမရှိဘူးဖြစ်နေတယ်"

"မင်းမှာ ချစ်သူတွေဘာတွေ ရှိနေပြီလား ထိန်"

"ဗျာ"

"မင်းငြင်းနေတာ အကြောင်းပြချက်က မင်းမာမိကြောင့်...





... မဖြစ်သင့်ဘူးကွ ... မင်းမှာ ချစ်သူရှိနေရင်လည်း ဒက်ဒီ ...ားပေးပါ့မယ်"

"တကယ်လား ဒက်ဒီ"

"သားမှာ ချစ်သူရှိနေပြီလား ... ဒက်ဒီ့ကို အားမနာပါနဲ့ ...လေးရှိနေရင်လည်း တစ်မျိုးပေါ့၊ ဒက်ဒီက မင်းကို အိမ် ...ောင် ပြုစေချင်တာကွ"

သားနှင့်ပတ်သက်ပြီး ဒက်ဒီ ရည်မှန်းထားတဲ့မိန်းကလေးက ...ချစ်သူလို ကောင်မလေးမျိုးတော့ မဖြစ်နိုင်ပါဘူး။ ခင်သော်ကလို ...လေးမျိုးပဲ ဖြစ်နိုင်သည်။ ထိန် ဖွင့်ပြောရခက်နေ၏။ ဒက်ဒီ ...ည်း သူ့ကို မျှော်လင့်ချက်ကြီးမားစွာ ထားရှိသူဖြစ်သည်။

"ထိန်"

"ဗျာ ဒက်ဒီ"

"သားမှာ ချစ်သူရှိလား၊ ပြောပါကွ"

"မရှိပါဘူး ဒက်ဒီ ... တစ်ခုတော့ရှိပါတယ်၊ သား ဘယ်လို ...ည်အချင်းရှိတဲ့ မိန်းကလေးမျိုးကို စဉ်းစားသင့်လဲ"

"ဒက်ဒီကတော့ မင်းကို ဂုဏ်သိက္ခာမဲ့စေမယ့်မိန်းမမျိုး ...စေချင်ဘူး၊ သား သိပါတယ်ကွာ ... သော့်ထက်မသာရင် သား ...စားဘူးဆိုတာ ဒက်ဒီယုံကြည်ပြီးသားပါကွ"

ထင်ထားတဲ့အတိုင်းပင် ဒက်ဒီလက်ခံနိုင်မယ့်မိန်းကလေး ...ချစ်သူတော့ လုံးဝမဖြစ်နိုင်ပေ။ သော့်ထက် သာချင်နေ

www.burmeseclassic.com



သည်။

"မင်းကို ... နောက်ထပ် အချိန်တစ်နှစ်ထပ်ပေးမယ် ...
တကယ်လို့ ... မင်း မရှာနိုင်ရင်တော့ သော်နဲ့လက်ထပ်ပါ"

"ဒက်ဒီ အသက်ကြီးပြီ ... မျက်လုံးတွေမမှိတ်ခင် သား...
မိသားစုလေးနဲ့ မြင်သွားချင်တယ် သားရယ်"

သားမှာ ချစ်သူရှိနေပါပြီ ဒက်ဒီ ... မေချစ်သူပါ။ သား...
ငယ်ပေမယ့် သားတို့ဘဝထက် နိမ့်ကျပေမယ့် သားချစ်တယ် ...
အသည်းနှလုံးထဲအထိ စူးနစ်တိုးဝင်ချင်မိနေတာပါ။ မေချစ်...
သူ့ကို လွှမ်းမိုးနိုင်တဲ့ချစ်သူ ဖြစ်နေခဲ့သည်။

■ ■ ■

BURMESE CLASSIC

အခန်း ( ၁၂ )

"ကိုကို့ကို ချစ် လုံးဝလက်မခံနိုင်ပါဘူး၊ ချစ် အိုင်တင်ခံနေ...ဘာလည်း မဟုတ်ပါဘူး၊ တောင်းပန်ပါတယ်နော် ... ချစ်ကို ထပ်ပြီး...နှောင့်ယှက်ပါနဲ့တော့"

သူမ ဘတ်စ်ကားဂိတ်မှာရပ်နေတုန်း ကိုကို ကားလေးနှင့်...ရောက်လာသည်။ ချစ် စိတ်ညစ်မိ၏။ ကိုကို့ကို ချစ် လက်မခံနိုင်။...အချစ်ဆိုတာကို ချစ် မစဉ်းစားနိုင်၍ဖြစ်သည်။

"ချစ် ... မင်း ဘာဖြစ်လို့ငြင်းဆန်နေရတာလဲ၊ ပြောစမ်းပါ...ကိုယ်က အတည်လက်ထပ်မှာပါ၊ မင်းဆန္ဒတွေအတိုင်း ဖြစ်စေရ...မယ်၊ ကိုကို ကတိပေးပါတယ် ... ကိုကို့မှာ မိဘတွေလည်းမရှိဘူး၊ ...ကိုကို့ဆန္ဒအတိုင်းပဲ ဖြစ်စေရပါတယ်"

"ကျွန်မ ဘယ်လိုမှလက်မခံနိုင်ပါဘူး၊ တကယ်ပြောတာ...။ ကျွန်မ ချစ်သူလည်းမထားချင်ဘူး၊ လုံးဝ စိတ်မဝင်စားလို့..."



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် လိုက်ပို့ပေးမယ်၊ မိတ်ဆွေတွေဖြစ်ဖြစ် ခင်မင်ပါရေ
ချစ်"

"ဗိုက်မဆိုပါနဲ့ ... ကျွန်မ ဘတ်စ်ကားနဲ့ပြန်ပါရစေ၊ ကျွန်
တို့ရုပ်ကွက်ထဲကို ကားကြီးနဲ့ပြန်ရမှာကိုလည်း ရှက်ပါတယ်"

ကိုကိုက အတင်းခေါ်နေပေမယ့် ချစ် ငြင်းပစ်သည်။ ချစ်
မျက်နှာလေးတင်းနေ၍ ကိုကို ပြန်ထွက်သွား၏။ ချစ်လည်း မသိ
ဘူး။ ကိုကို့ကို မချစ်တာဘဲ သိနေသည်။ စိတ်ညစ်လိုက်တာ ...
ကိုကို့ကို မပတ်သက်ချင်။ ထပ်ပြီး နှောင့်ယှက်မှာ ကြောက်နေ၏
ဘတ်စ်ကားကလည်း မလာသေးဘူး။ စိတ်တိုနေသည်။

"မေချစ်သူ"

"ဟင် ... ဆရာ"

သူမနာမည်ကိုခေါ်လိုက်၍ လှည့်ကြည့်လိုက်တော့ ... ဆရာ
လမင်းထိန် ဖြစ်နေသည်။ သူမ ... တအံ့တဩနှင့် မျက်ဝန်းလေး
ပြူးကျယ်ဝိုင်းစက်သွားရ၏။ သူမကို မသက်ာ၍ ဆရာလိုက်ချောင်း
နေတာများလား။ ဆရာက ဘာမပြောညာမပြောနှင့် သူမလက်
လေးကိုဆွဲ၍ သူ့ကားပေါ်တက်စေသည်။

"ဆရာ ... ဟိုလေ ... ဆရာ ... ဟို"

"စကားမများစမ်းနဲ့ မေချစ်သူ ... ကျေးဇူးပြုပြီး တိတ်တိတ်
လေးနေပေးစမ်းပါကွာ"





ကိုကိုနှင့် မေချစ်သူတို့တွေ့နေတာ သူ မြင်တွေ့လိုက်၍
စိတ်တွေက ပေါက်ကွဲနေ၏ ... မင်းငြင်းဆန်ပစ်လိုက်တာလည်း
ကိုယ် လေးစားရတယ် မေချစ်သူ ... မင်းလိုကောင်မလေးမျိုးက
ကိုကို့ကားပေါ် တက်လိုက်သွားမယ်ပဲ ကိုယ်ထင်ထားခဲ့တာပါကွာ။
သူ ဘာတွေလုပ်မိသွားမှန်းတောင် မသိဘဲဖြစ်နေသည်။

"ဆရာ ... ကားကို ဘယ်မောင်းနေတာလဲ၊ ချစ် မလိုက်ဘူး
နော်၊ 'ကား'ကိုရပ်ပေးပါ"

"မရပ်ဘူးကွာ ... ကိုယ်ခေါ်တဲ့နောက်ကို မင်းလိုက်ခဲ့ရ
မယ်"

"မဟုတ်သေးဘူး ဆရာ ... ကားပဲရပ်ပေးပါ၊ အရှိန်လည်း
အရမ်းမြန်နေတယ်၊ လျှော့ပါဦး ... ဆရာ သေချင်သေ ... ချစ်တော့
မသေချင်သေးဘူး"

"ဘာ"

"အမေ့ ... "

လန့်လိုက်တာ ... အရမ်းအော်ပစ်နေတာပဲ ... ဆရာကလေ
သူ့ဝန်ထမ်းလည်းမဟုတ်ဘဲနဲ့ ဆူပူကြိမ်းမောင်းချင်သေးသည်။

"မင်းပါးစပ်ပိတ်ထားစမ်း မေချစ်သူ ... မင်းရော ကိုယ်ရော
နှစ်ယောက်လုံး သေပစ်မလို့"

"ရှင် ... ဘာဖြစ်လို့လဲ ဆရာ ... ချစ် မသေချင်ဘူး၊ ချစ်


www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ အမှားလုပ်မိလို့လဲ”

“တိတ်စမ်းကွာ”

ချစ် ငြိမ်သက်သွားသည်။ မေချစ်သူ မျက်နှာလေးကိုလည်း မကြည့်ရဲ … ရှက်ပြီး မျက်နှာပူနေကာ … သူ လုပ်မိလုပ်ရာ လုပ်နေသည်။ လူရှင်းတဲ့နေရာရောက်မှ ကားကို လမ်းဘေးထိုးရပ်ပစ်လိုက်သည်။

“အမယ်လေး … သေပါပြီ၊ ကား ချောက်ထဲထိုးကျသွားပြီ လာကြပါဦး … ကယ်ကြပါဦး”

“ဟေ့ … ”

မေချစ်သူ မျက်နှာလေးကို လက်ဝါးလေးနှင့်အုပ်၍ အော်ဟာစ်နေသည်။

“ဟေ့ကောင်မလေး … လုံးဝသုံးမရတဲ့ မေချစ်သူ … ဘာတွေအော်နေတာလဲ၊ ကားရပ်တာကွ … ချောက်ထဲကျတာ မဟုတ်ဘူး”

“ဟင်”

သူမ ကားချောက်ထဲထိုးကျသွားပြီထင်၍ အော်လိုက်မိတာပါ။ ဆရာပဲ နှစ်ယောက်လုံးကို သတ်သေမယ်ပြောပြီး …

“ဟား … ဟား … ဟား … ”

“ဟေ့ ရယ်နေပြန်ပြီ”



“ရယ်ချင်လို့ပါ ဆရာရယ် … ချစ် အရမ်းကြောက်သွားတာလေ၊ ဆရာပဲ သေမယ်ပြောတာကိုး”

“ဟား … ဟား … ဟား … ”

“မေချစ်သူ”

“ရှင်”

မျက်တောင်ကော့လေးတွေ ဖျတ်ခနဲ ကော့တက်၍ သူ့ကို ကြည့်သည်။ မင်းက တကယ့်ကို ကလေးဆန်လွန်းတာပဲ … ဖြူစင်တယ်။ ရိုးသားတယ်ကွာ …

“မင်းကိုချစ်တယ်”

“ရှင်”

“ကိုယ် ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့ဘူး၊ မင်းကို ချစ်မိနေပြီ၊ ချစ်တယ်”

“ဘုရားရေ … ”

မျက်လုံးဝိုင်းဝိုင်းလေးတွေ ကြောင်စီစီနှင့် သူ့ကိုကြည့်နေတဲ့ မေချစ်သူအား ထိန်း ပွေ့ယူဖက်ထားမိသည်။

“အမယ်လေး … ဆရာ … ဆရာ ဘာလုပ်တာလဲ၊ လွှတ်ပါ”

“ကိုယ့်ရင်ခွင်ထဲမှာ နေပေးပါ … ခဏလေး နေပေးစမ်းပါ မေချစ်သူ”

သူမကို ပို၍တင်းကျပ်စွာ ပွေ့ဖက်ထား၏။ ချစ် … အသိတွေ

www.burmeseclassic.com



လွတ်ကင်းသွားသည်။

"မင်းကို ချစ်တယ်၊ ကိုယ့်စိတ်တွေ ဘယ်လိုမှထိန်းချုပ်လို့ မရတော့ဘူး"

"ဆရာ ... ဆရာ ... ဘာတွေဖြစ်နေတာလဲ၊ လွှတ်ပါဦးနော်"

ဆရာရယ် ... ချစ်လည်းလေ ဆရာ့ရင်ခွင်ထဲမှာ နေချင်ပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးနော် ... ဆရာ့ဘဝ နိမ့်ကျသွားလိမ့်မယ်။ မေချစ်သူလိုမိန်းကလေးမျိုးနဲ့ မတန်ပါဘူး။ ဆရာ ဒက်ဒီကရော လုံးဝလက်ခံမှာမဟုတ်ဘူး။

"ချစ်"

"ဟင်"

"မကြောက်ပါနဲ့ ... ကိုယ် ဆုံးဖြတ်လိုက်ပြီ၊ ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် ချစ်နဲ့ကိုယ် လက်ထပ်မယ်"

"ရှင် ... "

တစ်ခုခုပြောလိုက်လျှင် ရှင်ရှင်နှင့် မျက်ဝန်းလေးပြူးကြောင်မော့ကြည့်တတ်တဲ့ ကောင်မလေးကို ... သူ ချစ်လို့မဆုံးတော့။ မြတ်နိုးတန်ဖိုးထားရသည်။

"ဆရာ ... ပြန်ကြမယ်နော် ... အရမ်းနောက်ကျနေရင် မမကြီး စိတ်ပူနေလိမ့်မယ်၊ အိမ်ကို ဘာမှမပြောရသေးဘူး"

သူမ ကြောက်သည်။ သူ့ရင်ခွင်ထဲမှလည်း ရုန်းထွက်မရ။





"မဖြစ်နိုင်ပါဘူး ဆရာ ... ချစ် လက်မခံနိုင်ပါဘူး၊ ဆရာတို့လို သူဌေးတွေရဲ့အချစ်တွေကိုလည်း ကျွန်မ လက်မခံနိုင်ပါဘူး၊ တောင်းပန်ပါတယ်"

ဆရာ့ရင်ခွင်ထဲကနေ ရုန်းထွက်ပစ်ချင်သည်။ ချစ် ငိုပစ်ချင်လာ၏။

"မဖြစ်နိုင်ပါဘူးဆိုတာမရှိဘူး ချစ် ... ကိုယ်တို့ အချိန်တစ်ခုခုကို စောင့်ကြရအောင်ပါ၊ ကိုယ့်ကိုယုံပေးပါ ချစ်ရယ်"

ချစ် မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပြည့်နှက်နေသည်၊ ငြင်းဆန်နိုင်စွမ်းလည်း မရှိခဲ့ ... ဆရာ သူဌေးတစ်ယောက်ဟုတ်ရင် ကောင်းမှာပဲ ...

"ချစ် ပြန်တော့မယ်"

"ချစ်"

"ရှင်"

"ကိုယ့်ကို ချစ်တယ်လို့ဖြေ"

"ဟင့်အင်း"

"ကိုယ် မလွှတ်ဘဲနေမှာနော် ... ဖြေပါချစ်ရယ် ... မင်းဆီက ချစ်တယ်ဆိုတဲ့အဖြေ ကြားချင်တယ် ... မင်း ငြင်းဖို့မကြိုးနဲ့၊ ချစ်ရယ် ... ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်နဲ့ပဲ ကိုယ် အတူတူနေထိုင်ချင်တယ်"

"ချစ်လေ ... ချစ် ... "

"ဘာမှတွေးပြီးပူပင်မနေစမ်းပါနဲ့ ချစ်ရယ် ... ကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို မဖြစ်မနေလက်ထပ်ပါရစေ"

"ဆရာ ... မဖြစ်ပါဘူး"

"အို ... "

သူမနှုတ်ခမ်းလေးကို သူက ပိတ်ပစ်လိုက်သည်။ ချစ်အသည်းနှလုံးတွေ တဆတ်ဆတ်ခါသွားရ၏။ ရှန်းဖယ်မရ ... ဆရာက မငြင်းပါနဲ့လို့ပြောထားတာ ... ချစ်ကငြင်းတော့ ဒဏ်ပေးခံရသည်။

"လွှတ်ပါဆရာ ... ကျွန်မကို အဲဒီလောက်အထိ အထင်မသေးပါနဲ့ ... ကျွန်မနဲ့ အဆင့်အတန်းမတူတဲ့ယောကျ်ားတစ်ယောက်ကို ကျွန်မ ဘယ်တော့မှလက်မထပ်ဘူး၊ ချစ်သူအဖြစ်လည်း မရွေးချယ်ဘူး၊ ဆရာတို့လိုလူတန်းစားတွေ အရှုံးထကြတာပဲ"

ဖယ်ပါဟု အတင်းတွန်းဖယ်ပြီး ... သူမ ကားလေးပေါ်ကဆင်းသည်။

"ဟေ့ ... ချစ် ... အဲဒီလိုမလုပ်နဲ့လေ"

"ကျွန်မ ပြန်ပြီ"

သူမ လက်ပြပြီး အငှားကားတစ်စီးပေါ် တက်လိုက်သည်။

သူမ ဘာမှစဉ်းစားတွေဝေမနေတော့ဘဲ ဆရာနှင့်အဝေးဆုံးမှာပဲနေဖို့ ဆုံးဖြတ်လိုက်သည်။

"ကလေးမ ဘယ်ပို့ပေးရမှာလဲ၊ မင်းနဲ့ဟိုသူဌေးက ဘာတွေလဲ"





"ရှင် ... "

"မင်းကို ဘယ်ပို့ပေးရမလဲလို့မေးနေတာ"

သူမ အသိတွေဝင်လာပြီး သူမ နေထိုင်တဲ့အိမ်လိပ်စာပေးလိုက်သည်။

"မင်းကို သားသမီးချင်းကိုယ်ချင်းစာလို့ ပြောတာနော် ... သူဌေးတွေဆိုပြီး အထင်မကြီးနဲ့ ... နွမ်းပါးတဲ့မိန်းကလေးတွေကို ယောင်္ကျားမြူဆွယ်ပြီး ဖျက်ဆီးခြေတော်တင်တာပဲ ဖြစ်နိုင်မယ်၊ [illegible]စကားတွေကို မယုံနဲ့ မိန်းကလေး"

အချစ်ဆိုတာကိုရော ... ဦးလေးကြီး ဘယ်လောက်အထိ နားလည်လို့လဲ။ သူဌေးတိုင်း အဲဒီလိုစိတ်ဓာတ်မျိုးတွေ မရှိကြဘူးနော် ... ဆရာက သူမအား ချစ်တယ်ဆိုတာ ... လိမ်ညာ လှည့်ဖြားတာမျိုး မဖြစ်နိုင်ဟု ထင်သည်။

"မင်းငြင်းပယ်ခဲ့တာလား ကလေးမ"

"ဟုတ်ကဲ့"

"ကောင်းတယ်၊ ဘာမှအထင်ကြီးစရာမရှိပါဘူးကွာ"

သူမကတော့ ဦးလေးကြီးပြောနေတာတွေကို ဂရုမစိုက်ဘဲ ဆက်နေလိုက်သည်။ ဦးလေးကြီး ဘာတွေလာပြောနေတာလဲ။ ဆရာက ဦးလေးကြီးထင်သလို မဟုတ်ပါဘူး။ အိမ်ပြန်တော့ မကြီး အငှားကားနှင့်ရောက်လာ၍ စိတ်ပူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ် ... ညီမလေးနောက်ကျလို့ မမစိတ်ပူနေတာပါ ကုမ္ပဏီက လိုက်မပို့ဘူးလား"

"ဟင့်အင်း ... ချစ် အချိန်ပိုဆင်းနေရလို့ပါ မမကြီး"

မမကြီးအကြည့်တွေက သူမထံ စူးစိုက်ကြည့်နေ၍ မ တတ်တော့ ...

"ချစ် ..."

"ရှင် ..."

"ထိုင်ဦး"

"ချစ် ပင်ပန်းလာတယ် မမကြီးရာ"

"ထိုင်စမ်း"

သူမ ရှောင်လွှဲလို့မရတော့ဘဲ မမကြီးရှေ့မှာ ဝင်ထိုင်ရသည်။

"ချစ် ... ဘာတွေဖြစ်လာလဲ၊ မမကြီးကို မှန်မှန်ပြောစမ်းပါ"

"ဘာဖြစ်လာလို့လဲ၊ ချစ် ဘာမှမဖြစ်လာပါဘူး"

"ညည်းအင်္ကျီမှာ ဆံပင်စတွေကပ်နေတာရော"

"ရှင် ..."

"ဒီမှာ ညည်းရင်ဘတ်ကကြယ်သီးတွေမှာလေ ချစ်"

သေပြီ ... ဆရာ့ဆံပင်တွေပဲ ... မမကြီးက မဟုတ်တာတွေ လုပ်တာ မကြိုက်ပေ ...

"ပြောစမ်း ... ညည်း ဘာတွေလုပ်တာလဲ၊ အလုပ်လုပ်တာ





အဖန်တွေလုပ်တာ နည်းနည်းမှမကြိုက်ဘူး"

"မဟုတ်ပါဘူး မမကြီးရာ ... ခင့်ကြောင့်ပါ၊ ညီမလေး ဘယ် မှ မဟုတ်တာမလုပ်ပါဘူး၊ စိတ်ချစမ်းပါ"

"ချစ်နော် ... မမကြီးပြောထားပြီ ... ကိုယ်ကျင့်တရား ပြားတဲ့ မိန်းကလေးကိုလည်း မမကြီးရှုံတယ်၊ သူဌေးတွေက ညီး ချစ်ဘဝကို စုတ်ပြတ်သတ်သွားအောင်ပဲ ဖျက်ဆီးပစ်မှာ"

မမကြီးကတော့ ... ထုံးစံအတိုင်းပဲ ဆုံးမစကားတွေ တွတ်တွတ်ပြောနေသည်။ ခြိမ်းခြောက်တာတွေလည်း ပါလာ ချစ် အိပ်ခန်းထဲဝင်လာခဲ့သည်။

"ဆရာ ... ချစ် ဘာလုပ်ရမလဲဟင် ... ဆရာ့ကို ချစ်လည်း သားတွေထဲကနေ ချစ်နေပါတယ်၊ ချစ်လို့မရဘူးလား ဟင်"

လူတွေက သူဌေးတွေကို မယုံကြည်ဖို့ဘဲ ပြောနေသည်။ ကို အားပေးကြပါဦး ... ဆရာ့အချစ်ကို ယုံတယ်။ ဆရာနှင့် ဝေးဆုံးမှာ ချစ် နေချင်မိ၏။ ရင်တွေ ပူလောင်နေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

ချစ် ကုမ္ပဏီကိုသွားရင် ကောင်းမလား။ အလုပ်ကနေထွက်လိုက်ရင်ပဲ ကောင်းမလားဟု တွေးနေရင်း ... ဆရာ့ကိုလည်း မတွေ့ရရင်တောင် ဆရာ့အရိပ်လေးလွှမ်းမိုးနေတဲ့ ကုမ္ပဏီမှာ နေချင်မိသည်။

"ဆရာရယ် ... ချစ်လေး နာကျင်ခံစားနေရပါတယ်၊ ချစ်ကံဆိုးတာပဲ ... ချစ်ရတဲ့သူက ချစ် ဘယ်လိုမှလက်လှမ်းမမီနိုင်တဲ့လူတစ်ယောက်ဖြစ်နေတယ်"

သူမ အဓိပ္ပာယ်မဲ့စွာတွေးတောနေရင်း မျက်ရည်က ဝဲချင်သည်။ မသွားတော့ပါဘူးဟု ဆုံးဖြတ်ပြီး ... အိပ်ရာကနေ မထသေးဘဲ ပြန်အိပ်သည်။ သူမ ဖုန်းလေးဆီက သီချင်းသံလေးပေါ်လာ၏။ သူမ မျက်လုံးတွေပြူးသွားပြီး ဖုန်းနံပါတ်ကိုကြည့်တော့ ဆရာ့ဆီက ဖြစ်နေသည်။

"ဟဲလို ... ပြောပါ ... ချစ်ပါ"





"ချစ်"

"ဟင်"

"ကိုယ်ပါ၊ မင်း အခုထိအိပ်ပုတ်ကြီးတုန်းပဲလား ချစ်"

"ရှင်"

"ဘာရှင်လဲ ... ထ ... ကိုယ့်ဆီလာဖို့ ပြင်ဆင်လေ"

"ရှင် ... အို ... ဘာဖြစ်လို့ ဆရာ့ဆီလာရမှာလဲ ... ကျွန်မ အလုပ်ကနေ့ထွက်ပြီ"

"မရဘူး ... မင်းလာရမယ် ... အခု ကိုယ်က မင်းစီးနေကျ ဘတ်စ်ကားမှတ်တိုင်မှာ ရောက်နေပြီ၊ မင်းမလာရင် ကိုယ် လာမှာနော်"

"အမယ်လေး မလုပ်ပါနဲ့ ... ကျွန်မ လာခဲ့ပါ့မယ်၊ အခုမှ အိပ်ရာက ထရဦးမှာ ... ကျွန်မ ပြင်ဆင်ရဦးမယ် ဆရာ"

"ကောင်းပြီ ... မင်းထွက်လာခဲ့ပါ၊ ကိုယ် တစ်နာရီအထိ စောင့်ပေးမယ်၊ မလာရင်တော့ ကိုယ်လိုက်လာခဲ့မယ်၊ မလာဘူး ဆင်နဲ့နော်"

"ဟုတ်ကဲ့"

သူမ ကပျာကယာထပြီး မျက်နှာသစ်သည်။

"ချစ် ဘယ်လိုဖြစ်နေတာလဲ၊ ညီမလေးကိုကြည့်ရတာ ဂနာငြိမ်ဘူး"

"ဟို ... ချစ် အိပ်ပျော်သွားလို့ ... ရုံးသွားရဦးမယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



မမကြီးကလည်း မနိုးဘူး"

"ချစ်"

"ရှင်"

"ရှုပ်ရှုပ်ယှက်ယှက်တွေ မမကြီး လုံးဝမကြားချင်ဘူးနော်၊ ကိုယ်ကျင့်တရား မပျက်ယွင်းစေနဲ့ ... ညည်းအလုပ်လုပ်မှ ထမင်းစားရမှာ မဟုတ်ဘူး"

"အင်းပါ သိပါတယ်"

သူမ အမြန်ဆုံး အလှအပတွေပြင်ရသည်။ ကုမ္ပဏီဝတ်စုံလဲပြီး အပြေးလေးထွက်လာခဲ့ရ၏။ မမကြီးသိသွားရင် မလွယ်ဘူး သေရောပဲ ... အရေးထဲ ဆရာ့ဆံပင်တွေက သူမကြယ်သီးမှာ ကပ်နေသေးသည်။ သူမ ကားဂိတ်ရောက်တော့ ... ဆရာ စောင့်နေ၏။ မောလိုက်တာ ... သူမ အသက်ကိုပင် အတော်လေး ပြင်းပြင်းပြ ရှူသွင်းနေရသည်။

"ချစ်"

"ရှင်"

"ကားပေါ်တက်"

"ဆရာ"

"တက်ပါ"

"ကုမ္ပဏီကို နှစ်ယောက်အတူတူသွားမလို့လား ဆရာ"

"ဘာဖြစ်လို့လဲ ... ကိုယ်ကတော့ ချစ်ကို ခိုးချောင်းခိုးဝှက်





တွေ့ပါဘူး"

"ဆရာ"

"တက်ပါ"

ဆရာက သူမလက်လေးကိုဆွဲ၍ ကားပေါ်တက်စေသည်။

"ဆရာ ... အဲဒီလိုမလုပ်ပါနဲ့ ... ချစ် တောင်းပန်ပါတယ်၊ ချစ်နဲ့ဆရာ တရားဝင်လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး၊ ဆရာ့မှာ သတ္တိရှိရဲ့လား ... ဟင်"

ဆရာနှင့် ပေါ်တင်ကြီး တွဲသွားတွဲလာတော့ မလုပ်ချင်ပေ။ ဆရာ သူမကို အတည်တကျလက်ထပ်ဖို့ သတ္တိမရှိနိုင်ပေ ...

"ကျွန်မ တောင်းပန်ပါတယ် ဆရာ ... မမကြီးကလည်း ကျွန်မကို အလုပ်ထွက်စေချင်နေတယ်၊ နာမည်ပျက်မှာ ကြောက်နေတယ်၊ မနေ့ညက ဆရာ့ဆံပင်တွေ ချစ်အင်္ကျီကြယ်သီးမှာကပ်ပါလာတာ မမ တွေ့သွားတယ်"

"ဟုတ်လား"

"ချစ်တို့တွေ ဝေးဝေးလေးနေတာ မကောင်းဘူးလား ဆရာ"

"ချစ်"

"ရှင်"

"ကိုယ့်အချစ်တွေကို ချစ် ယုံပေးပါ၊ လောလောဆယ် မင်းကိုလက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး၊ ကိုယ် ဝန်ခံပါတယ် ချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်လက်လေးကို သူ ဆုပ်ကိုင်ထားမိသည်။ ချစ်ကို ရအ
ပိုင်ဆိုင်နိုင်ဖို့ သူ ကြိုးစားမည်ဖြစ်၏။ ချစ် ငြိမ်သက်နေသည်။

"မင်းမျက်နှာလေးကို အမြဲတမ်း ကိုယ်တွေ့နေချင်တယ်
အရမ်းလည်း ချစ်တယ်"

"ချစ်လည်း ဆရာ့ကိုချစ်ပါတယ်၊ ဘယ်လိုမှ ဥပေက္ခာ
ထားလို့ မရဘူး၊ ဆရာရယ်"

"ချစ်ရယ်"

သူနှင့်ချစ် အတူတူပဲ ... ကုမ္ပဏီကို ရောက်လာကြသည်
ချစ်က သူ့အတွင်းရေးမှူးမလေးပဲ ... ဘာဖြစ်လဲ ... ချစ် စိတ်အ
ငယ်မှာလည်း သူ စိုးရိမ်မိနေ၏။ သော်နှင့် ဆုံသည်။

"သော် ... ချစ်ကို ကိုယ်ပဲပြန်ခေါ်ထားတော့မယ်၊ ချစ်
လုပ်ငန်းသဘောကို သိသင့်သလောက်သိနေပြီ"

"ထိန် အမျိုးမျိုးပဲကွာ ... ရှင်ပဲ မကြိုက်ဘူးဆို ... ရှင့်အန
မှာရှိနေရင် စိတ်ညစ်ရတယ်ဆို ... မျက်စိလည်းနောက်တ
မဟုတ် လား"

ထိန် ... ရှင် တစ်ခုခုဖြစ်နေပြီလားပဲ ... သော် သိပါတယ်
ဒီကောင်မလေး မေချစ်သူကလည်း မျက်နှာလေးပျက်နေသည်

"ချစ်"

"မမအခန်းထဲ ခဏလာ"

"ဟုတ်"



မမသော်ခေါ်ပြီဆိုထဲက ချစ် ရင်တုန်နေသည်။ ဆရာက
ခင်းပြန်လာခဲ့ ... ဘာမှမကြောက်နဲ့ ... ပြောပြီး သူ့ရုံးခန်းထဲ ဝင်
သွားခဲ့၏။ ချစ်ကို ဘာပြောမလဲ။ မမသော်လည်း ချစ်ကို ဆရာ့
အနား ပို့ထားခဲ့တာ ... ချစ် အကြိမ်ကြိမ်ငြင်းပယ်ခဲ့တာပါ။

"ထိုင်"

"ဟုတ်"

"မင်းကို အနေအထိုင်ဆင်ခြင်ဖို့ သတိပေးချင်တာပါ"

"ရှင်"

"ထိန်နဲ့လေ"

"ကျွန်မနဲ့ဆရာ ဘာမှမပတ်သက်ပါဘူး မမ"

"မင်းတို့ အတူတူလာကြတာက ဘာသဘောလဲ ချစ်"

"လမ်းကြုံတာပါ"

ကိုထိန်က ဘယ်လိုမိန်းကလေးနှင့်မှ တရင်းတနှီးနေထိုင်
ခြင်း မရှိခဲ့ ... အခုတော့ ကုမ္ပဏီမှာ မေချစ်သူနှင့် တွဲလာနေသည်။

"အင်းလေ ... မမက သတိပေးတာပါ၊ မမနဲ့ကိုထိန်က
လူကြီးချင်းစေ့စပ်ထားတာပါ"

"ချစ် သိပါတယ်"

"အင်းလေ ... မမကိုယ်တိုင်က ချစ်လေးကို အလုပ်ခန့်
လိုက်တာပဲ ... ချောလို့လေ"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



မေချစ်သူလည်း အမူအယာပျက်နေတယ်လေ။ ကိုထိန်
ပြောင်းလဲသွားတာတော့ အသေအချာပဲဖြစ်သည်။

"မမဒါရိုက်တာ"

"ဟင် ... ဘာလဲ ... ကိုခန့်"

"ကိုလမင်းထိန်က မေချစ်သူကို သူ့အခန်းထဲလာဖို့ ပြောပါ
တယ်"

"ဒီမှာပဲထားမယ်လို့ ပြောလိုက်ပါ ... မေချစ်သူက ဘာ
အဆင်သင့်မဖြစ်သေးလို့"

ချစ် စိတ်ညစ်လာမိသည်။ ဆရာကတစ်မျိုး ... မမသော်က
တစ်မျိုး ... ဘာတွေဖြစ်ကြရတာလဲ။ သူတို့နှစ်ယောက်ကြားမှာ
ချစ်က တန်ဆာခံလား။ ဟိုပို့လိုက် ... ဒီပို့လိုက်နှင့် ချစ် ထပြီးထွက်
သွားချင်သည်။

"မမကပြောတယ်လို့ပဲ ပြောလိုက်ပါ"

"ဟုတ်ကဲ့"

ကိုခန့်က ချစ်ကို စူးစူးဝါးဝါးကြည့်ပြီး ပြန်ထွက်သွားသည်။

"မမ"

"ပြော ... "

"ချစ် အလုပ်ထွက်ပါ့မယ်"

"မင်း အလုပ်ထွက်စရာမလိုဘူး ချစ် ... အဲဒီလောက်အထိ
တော့ မမ ဘယ်လိုရက်စက်နိုင်မှာလဲ၊ ညီမလေးက ဘယ်လိုပဲဖြစ်





ဖြစ် လိုအပ်တယ်လေ"

ကျွန်မက ရှင့်တို့ရဲ့အသုံးချခံလား။ ဘာတွေဖြစ်နေကြတာ
လဲ။ မုန်းလိုက်တာ ... ဆရာကရော ... ဘာဖြစ်လို့ ချစ်ကို ကစား
စရာလား ... မမသော်နှင့် လူကြီးချင်းတွေစေ့စပ်ထားတာပါ။

"ချစ် ... မင်းနေရာက ငွေစာရင်းဌာနမှာပဲ သွားပါ"

"မမ"

"ပြော ... "

"ကျွန်မကို အလုပ်ကနေ ထွက်ခွင့်ပြုပါ"

"မင်း သုံးနှစ်တိတိလုပ်ရမယ်လို့ စာချုပ်ချုပ်ထားတယ်လေ"

"ကျွန်မကိုယ်ကျင့်သိက္ခာကို ထိပါးတဲ့စကားလုံးတွေ မပြော
သင့်ဘူးထင်တယ်"

မင်းကလည်း မာနလေးတခွဲသားနဲ့ပါလား မေချစ်သူ ...
ဒါကြောင့်လည်း ထိန့်လို မိန်းမတွေကိုအထင်မကြီးတဲ့ ယောကျ်ား
တစ်ယောက်ရဲ့ စိတ်ဝင်စားမှုတွေကို ရခဲ့တာပဲ ... သော်တောင်
မေချစ်သူကို အားကျလာသည်။

"မင်း ... ငွေစာရင်းဌာနကိုပဲသွားလိုက်ပါ ချစ်"

မေချစ်သူက ချစ်စရာကောင်းလွန်းတဲ့ ကောင်မလေးပါ။
ထိန်ကတော့ မမသော်အတွက်ပဲ သတ်မှတ်ရလိမ့်မယ်။ချစ် ...
ဝထမတော့ သော့်စိတ်ကူးက ... အသုံးမကျတဲ့ မိန်းကလေးတစ်
ယောက်ကို ထိန် ရစေချင်ခဲ့တာပါ။ အခုတော့ ... သော့်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြန်ဖြစ်သွားသည်။ သော် အိမ်ပြန်ရောက်တော့ မေမေ့ကို တောင်းဆိုခဲ့၏။ မေမေက သဘောမကျသလို မျက်နှာတင်းတင်း ပြန်ကြည့်သည်။

"မေမေ ... သော် ဘယ်လိုမှ မာနတွေနဲ့နေလို့မရတော့ဘူး ထိန်နဲ့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ပေးပါတော့"

"ဘာပြောတယ် သော် ... မေမေကတော့ မာနနဲ့နေစေချင်တယ်၊ မေမေ့သမီးသော်လို ထူးချွန်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ကိုများ ထိန်က ငြင်းပယ်ရတယ်လို့ ... မဖြစ်ဘူး၊ မေမေ ဘယ်လိုနည်းနဲ့မှ အောက်ကျမခံနိုင်ဘူး"

"သမီးအတွက် ... မေမေ ဒီလောက်အထိ လုပ်မပေးနိုင်ဘူးလား။ သမီးကိုချစ်တယ်ဆို ... ထိန့်ကို ချစ်တယ် ... ထိန်နဲ့သမီး လက်ထပ်ချင်တယ်၊ ရယူပိုင်ဆိုင်ထားချင်တယ်"

"တော်ပြီ၊ ဆက်မပြောနဲ့တော့ ခင်သော်က ... လောကကြီးထဲမှာ သမီးလိုမိန်းကလေးမျိုး ဘယ်မှာရှိမလဲ၊ ဒင်းရှာကြည့်စမ်း"

"ထိန့်ကို သမီးချစ်တယ်၊ မေမေရယ် ... လူကြီးချင်း အတင်းအကျပ်လက်ထပ်ပေးဖို့ စီစဉ်ပေးစမ်းပါ၊ သော့်မှာ မာနလည်း မရှိတော့ဘူး၊ အရှက်တွေလည်း ဝေလာဝေးပဲ"

"မေမေကတော့ ထိန်ငြင်းပစ်လိုက်တာကို အသည်းနာလို့ မဆုံးဘူး၊ အခုလည်း အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်မှာပဲ"

"ထိန့်ကို ချစ်တယ် ... မေမေ သဘောမတူလည်း သော်





ရအောင်ယူပြမယ်"

"မေမေ့သမီး သော့်မှာ ဘာဖြစ်လို့များ မာနတွေပုံကျကုန်ရတာလဲ၊ လမင်းထိန်မှာ စွဲလန်းနှစ်သက်စရာရှိလည်း ဒင်းထက်သာတဲ့ယောက်ျားတွေ လောကကြီးထဲမှာ အများကြီးရှိပါတယ် သော်ရယ်"

သမီးသော်ရဲ့ဆန္ဒတွေကို မိမိ ဖြည့်စွမ်းပေးချင်ပေမယ့် ... ထိန့်လို မာနတကြီးနှင့် လူကြီးတွေရဲ့မျက်နှာကိုမှ မထောက်ထားဘဲ ငြင်းပစ်ရက်သည်။

"ဒင်းမှာ ရွှေထွက်နေပါစေ၊ မေမေကတော့ အောက်ကျခံပြီး မပြောနိုင်ဘူး သော် ... ထပ်ပြီးငြင်းမှာပဲ ... သော့်မှာ အရှက်မရှိပေမယ့် မေမေ ရှက်တယ်၊ မလုပ်နိုင်ဘူး"

မေမေက ခေါင်းမာလွန်းသူဖြစ်တာ သော် အသိဆုံးပင်။ မေမေပြောမပေးလည်း နေလေ ... သော်ကိုယ်တိုင် အန်ကယ့်ကို သွားတောင်းဆိုမယ်။ ထိန် ဘယ်လောက်ပဲငြင်းပယ်နေပါစေ။ သော် ရအောင်ယူပြမယ်။ သော် ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"အန်ကယ် ... သမီး ထိန်နဲ့လက်ထပ်ချင်ပါတယ်၊ ထိန့်ကို သော်ချစ်တယ်၊ အန်ကယ် စီစဉ်ပေးမှဖြစ်မှာမို့ပါ။ သော် တောင်းဆိုပါတယ် အန်ကယ်"

သော် ... အရှက်ကင်းမဲ့စွာနှင့်ပဲ တောင်းဆိုမိသည်။ မာနတွေ မထားချင်ပါဘူး။ ထိန့်ကို မဖြစ်မနေ အရယူချင်နေခဲ့၏။ အချစ်ကြောင့်ဖြစ်နိုင်သလို ... မာနကြောင့်လည်း ဖြစ်သည်။

"သမီးသော်နဲ့အန်ကယ်က သဘောတူထားပြီးသားပါ၊ သမီးသော်ရဲ့အမေ မာနကြီးတာလည်း အပြစ်မဆိုသာပါဘူးကွယ် ... သားဘက်က မငြင်းသင့်ဘူးလေ"

မိမိလည်း သားကို ဘယ်လိုပြောရမှန်းမသိပေ ... မိန်းမတစ်ယောက်ကိုလက်ထပ်ဖို့ ဆန္ဒမရှိဘူးဟုပဲ ပြောနေသည်။

"အန်ကယ် တာဝန်ယူပါတယ် သော် ... သားနဲ့သမီးက





သိုင်နှင်းလည်းတူနေတာပဲ ... မဖြစ်မနေ လက်ထပ်ပေးရမယ်လေ"

"သမီးကတော့ ထိန့်ကိုချစ်တယ်၊ သံယောဇဉ်လည်း ကြီးရတယ်၊ ဒါကြောင့်ပါ ... ထိန့်ကို သော် လုံးဝမစွန့်လွှတ်နိုင်ပါဘူး အန်ကယ်"

"အင်းပါ ... သမီးသော် စိတ်အေးအေးနေတော့နော် ... အန်ကယ်စီစဉ်မယ်၊ သားက စိတ္တဇဖြစ်နေတာလေ၊ သူ့အမေက အန်ကယ့်အပေါ် သစ္စာမဲ့သွားတော့ အိမ်ထောင်ပြုဖို့ မစဉ်းစားရဲဘူးဖြစ်နေတယ်"

အန်ကယ်မမြင်အောင် သူမ နှုတ်ခမ်းလေးတွန့်မဲ့သွားရသည်။ ဘာ အိမ်ထောင်ပြုဖို့ သတ္တိမရှိရတာလဲ။ အန်ကယ့်သားမှာ ချစ်သူမိန်းကလေး ရှိနေပြီလေ။ မေချစ်သူတဲ့ ... နိမ့်နိမ့်ကျကျ ... အသုံးမကျတဲ့မိန်းမကိုမှ အရူးအမူး အရှက်မရှိစွဲလန်းနေတာပါ။

"သော်ပြန်မယ် အန်ကယ် ... ထိန်နဲ့ အမြန်ဆုံးလက်ထပ်နိုင်အောင် စီစဉ်ပေးပါ"

သော် ပြန်လာခဲ့သည်။ မေမေကတော့ သော့်ကို စိတ်ဆိုးသွန်း၍ စကားပင် မပြောပေ ... ဟုတ်တယ်။ သော့်မှာ မာနမရှိတော့ဘူး။ ခံပြင်းလွန်းလို့ပါ။ ကျွန်မက မေချစ်သူလိုကောင်မလေးလောက်တောင် အထင်ကြီးစရာ မရှိတော့ဘူးဆိုတာ ရင်ကို ခေါ်ပြနေလို့လေ ...

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သော်တော့ အန်ကယ့်ကိုတောင်းဆိုထားခဲ့ပြီ လက်ထပ်ပွဲမှာတော့ မေမေက သမီးအမေအဖြစ် ရပ်တည်ပေးမယ် မဟုတ်လား"

"ဒီတစ်ခါအငြင်းခံလိုက်ရရင်တော့ ညည်း ငါ့သမီးမဟုတ်ဘူး နော် သော်"

မေမေ့ကို ပြောမနေတော့ဘဲ ... သူမ အိပ်ပစ်လိုက်သည်။ မနက်မိုးလင်းတော့ သော် တက်ကြွစွာ အလှအပတွေပြင်သည်။ စိတ်ကောက်နေတဲ့ သုန်သုန်မှုန်မှုန်မေမေ့မျက်နှာကို နမ်းပစ်လိုက်၏။ မေမေရယ် ... ဒီသမီးလေးတစ်ယောက်ထဲရှိတာ သမီးရှေ့က ရပ်တည်ပေးပါဟု ပြောခဲ့သည်။ ကုမ္ပဏီကို ရောက်လာခဲ့၏။ ထိန် ရှင့်ကိုတော့ အပြတ်သားဆုံးကိုင်တွယ်ပစ်ရမယ်။ ထိန် မရောက် သေးပေ ... ဟိုကောင်မလေး မေချစ်သူလည်း ရောက်လာသည်။

"ညည်းလေးကို ထုတ်ပစ်ချင်တာ ... ဒါပေမဲ့လေ ညည်းက သုံးနှစ်စာချုပ်ချုပ်ထားတယ်၊ အရမ်းကြီးလည်း ရက်စက်မပြချင်လို့ သဘောကောင်းချင်ယောင်ဆောင်ရတာပါ"

သူမကို ချစ်က နှုတ်ဆက်သည်။ သူမကလည်း အပြုံးချိုချို တွေနှင့် နှုတ်ဆက်လိုက်၏။ ပြီးတော့ ထိန်နှင့်သူမတို့ လူကြီးချင်း စေ့စပ်တော့မယ့်အကြောင်း ပြောသည်။

"ချစ်ရေ ... ပြောရဦးမယ် ... မမသော်နဲ့ထိန် မကြာခင်





လူကြီးချင်းစေ့စပ်တော့မယ်"

"ဟုတ်ကဲ့ ... ဂုဏ်ယူပါတယ် မမသော်"

ချစ်လည်း စိတ်ညစ်တာ မမသော်ကြောင့်ပဲ ... ချစ်နှင့်ဆရာ ပတ်သက်နေသည်ဟု ထင်နေသည်။

"ချစ်"

"ဟင် ... ခင်"

"မင်း ကုမ္ပဏီကိုမလာတော့ဘူးလို့ ထင်နေတာ ... မမသော် အဆင်ပြေလား"

"အင်း"

"ချစ်ကိုကြည့်ရတာ မပျော်ဘူးထင်တယ်"

"ဒီလိုပါပဲ"

ခင့်ကိုလည်း ဘာမှမပြောချင်တော့ပါဘူး။ မကြီးကြောင့် လည်း ချစ် ကုမ္ပဏီကနေ မထွက်တာဘဲဖြစ်သည်။ မကြီး စကားဖြစ်နေ၏။ ဆရာ့ကိုတော့ သတိရနေသည်။

"ချစ်ရယ် ... နင် အရမ်းစိတ်ညစ်ရင်လည်း တခြားအလုပ်ကို ပြောင်းလေ ... ခင် လိုက်ပေးပါ့မယ်"

"တော်ပါပြီဟာ"

သူမ အလုပ်ထဲမှာပဲ စိတ်ကိုနှစ်ထားမိသည်။ ဆရာ ဖုန်း ဆက်၏။ ချစ် မကိုင် ... ဖုန်းပိတ်ထားခဲ့၏။ ကျွန်မနဲ့ဆရာ့ကြား ဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာဘဲ ...

"ဆရာနဲ့မမသော်တို့က လက်ထပ်ကြတော့မှာပါ"

"ဟုတ်တယ် ချစ်ရေ ... သတင်းကြားနေရတယ်၊ ဆရာက ပြောင်းတယ်ဆိုတာလားပဲ"

သူမက တန်ဆာခံပါ။ မမသော်ရဲ့ မရိုးသားမှုတွေကို ချစ် သိလာခဲ့ရသည်။ ဆရာ့ကို အညွန့်ချိုးချင်တာနှင့် ညံ့ဖျင်းလွန်းတဲ့ သူမအား တမင်ရွေးချယ်၍ ဆရာ့အနား ပို့လွှတ်လိုက်၏။ သူမ စိတ် မကောင်းဖြစ်ရသည်။

"ချစ် မလုပ်နိုင်ပါဘူး၊ ဆရာ့ဘဝ ဘယ်တော့မှ ချစ်ကြောင့် မနစ်မွန်းစေရပါဘူးနော်"

ဆရာ့ကို မေ့ဖျောက်ထား၍မရနိုင် ... စက္ကန့်မလပ် သတိရ နေသည်။

"ညည်းလေး ကုမ္ပဏီမှာ နာမည်ပျက်အောင်မလုပ်နဲ့နော် အလုပ်ကနေအထုတ်ခံရရင် ရှက်စရာကြီး ... ကိုယ်က ထွက်ချင် ထွက်နော်"

မမကြီး စိတ်ပူပြီး သောကတွေရောက်နေရသည်။ ချစ် ကုမ္ပဏီကနေ ဘယ်လိုပဲထွက်ထွက် ... မမကြီး စိတ်မအေးနိုင်ဘူး လိုက်ပြီးစုံစမ်းမှာ သေချာနေ၏။ ချစ် အမြဲတမ်း ပျော်ပျော်နေ တာပါ။ အခုတော့ စိတ်ညစ်နေရသည်။



"မေချစ်သူ"

"ရှင်"

"မင်းကို MD အခန်းထဲလာခဲ့ဖို့ ခေါ်နေတယ်၊ မင်းလုပ်ထား တဲ့ စာရင်းတွေကိုစစ် ရှင်းလင်းရမယ်လေ"

"ဟုတ်"

ဆရာက ခေါ်နေတာပဲ ... မမသော်ကလည်း မကြိုက်ချင်။ ခင်ကတော့ သူမ အလုပ်မှာ အမှားအယွင်းတွေဖြစ်နေသည် ထင်သည်။

"ချစ်ရယ် ... မင်းကို MD အခန်းထဲမှာ တာဝန်မပေးသင့်ပါ ... မင်းက ဘာမှအတွေ့အကြုံရှိသေးတာမှ မဟုတ်တာ ... သော်က ဘာလဲဟ"

"ထားလိုက်ပါဟာ ... ကျွန်မ သွားလိုက်ပါ့မယ်"

သူမ ထလိုက်သည်။ ကုမ္ပဏီကလူတွေက ဝိုင်းကြည့်နေကြ၍ သူမ အရှက်ရစေသည်။ ချစ် ဒေါသတွေနှင့် ပေါက်ကွဲနေသည်။ ဆရာ့အခန်းထဲ ဝင်လာခဲ့၏။ မမသော်လည်း ရှိနေသည်။

"မေချစ်သူ ... မင်းက ဘာလာလုပ်တာလဲ"

"ဆရာက ခေါ်တယ်ဆိုလို့ပါ"

"ဟုတ်တယ် မေချစ်သူ ... မင်း ဒီမှာပဲတာဝန်ထမ်းဆောင်ရ မယ် ... မင်း လုပ်လက်စကိစ္စတွေ ရှိသေးတယ်လေ"

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်မ ငွေစာရင်းဌာနမှာပဲ လုပ်ပါရစေ ... ဆရာ့ရဲ့ တာဝန်ဝတ္တရားတွေကို ချစ် မထမ်းဆောင်နိုင်ပါဘူး၊ ဆရာ့အခန်းကနေ အသုံးမကျဘူးဆိုပြီး ခဏခဏပြောင်းရွှေ့နေရရင် ကျွန်မ ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်"

"မင်း မေချစ်သူကို ငါ့အခန်းထဲ ပို့ထားခဲ့တာမဟုတ်လား သော် ... အခု ဘာဖြစ်လို့ တခြားအခန်းကိုရွှေ့ပစ်ချင်ရတာလဲ"

"ရှင်ပဲ အသုံးမကျဘူးဆို ... ညံ့ဖျင်းလွန်းတယ်ဆို"

သူမ ဘာမှ ဆက်ပြီးနားထောင်မနေတော့ဘဲ ထွက်လာခဲ့သည်။

"မေချစ်သူကို မင်း တန်ဆာခံမလုပ်ပါနဲ့ သော်"

"ရှင်ကရော ... ဘာမဟုတ်တဲ့မိန်းမကိုမှ ချစ်ခင်စွဲလန်းနေတယ် မဟုတ်လား"

"သော်"

"ရှင့်ဒက်ဒီ့ကို သော် အသိပေးရလိမ့်မယ်"

"ဘာ"

"ရှင့်ဂုဏ်သိက္ခာအတွက်ပါ၊ အန်ကယ့်ကိုလည်း နိမ့်ကျတဲ့ လူတန်းစားတွေနဲ့ ဆွေမျိုးမတော်စေချင်ဘူး"

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ ခင်သော်က ... မင်းပဲ ခပ်ညံ့ညံ့မိန်းမကို ငါ့အနားပို့ပေးခဲ့တာပဲ ... မင်းအကြံအစည်တွေပဲ ဘာ





ဖြစ်လို့ မေချစ်သူကို ဒုက္ခရောက်အောင် မင်းလုပ်ရတာလဲ"

"ထိန် ... ရှင် ဘာဖြစ်လို့ စိတ်စတ်တွေ ဒီလောက်ပျော့ညံ့သွားရတာလဲ၊ ရှင်ပဲ မိန်းမတွေကိုမုန်းတယ်ဆို"

"မင်းကို ငါ ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး သော် မှတ်ထားပါ၊ ငါလက်ထပ်မှာ မေချစ်သူပဲ"

"ရှင်"

"ငါ့ဒက်ဒီနဲ့ကြိုးစားလည်း အပိုပဲ ... မင်းလိုမိန်းမမျိုးကို ငါ ယူမှာမဟုတ်ဘူး"

"ကောင်းပြီလေ ... ရှင် ဘယ်လောက်အထိ ငြင်းနေနိုင်မလဲ သော် စောင့်ကြည့်ပါ"

ခင်သော်က ပြန်ထွက်သွားသည်။ ထိန်လည်း ဘာတွေဖြစ်ကုန်မှန်းပင် မသိတော့ ... မေချစ်သူအတွက် မခံစားနိုင်လောက်အောင် နာကျင်နေရသည်။ အပြစ်မရှိတဲ့မိန်းကလေးပါ။ ကုမ္ပဏီမှာလည်း ဘယ်လောက်အထိ သူများ အတင်းပြောစရာဖြစ်နေမလဲ။

"မင်းအတွက် ကိုယ် တာဝန်ယူပေးပါ့မယ် မေချစ်သူရယ် ကိုယ် မင်းကို လက်ထပ်မယ်"

ထိန် ... ယောက်ျားပဲ ... မေချစ်သူကို ချစ်သည်။ ဒက်ဒီ ဘာပဲပြောပြောပါ။ ရိုးသားဖြူစင်တဲ့ကောင်မလေးကိုတော့ သူ ချစ်နေ၏။ မစွန့်လွှတ်နိုင် ... တာဝန်ယူဖို့ပဲ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကို ကိုယ်ချစ်တယ်၊ မင်းဘဝလေး ပျော်ရွှင်ချမ်းမြေ့စေရပါ့မယ်"

သူ ... ရှုံးဆင်းတော့ မေချစ်သူနှင့်ဆုံသည်။ သူမ မျက်နှာလေးက တည်တည်တင်းတင်းလေးဖြစ်နေ၏။ သော်က မေချစ်သူအနားကပ်လျက်ပါလာသည်။ ထိန် အိမ်ပြန်ရောက်တော့ အဝတ်အစားလဲပြီး ဒက်ဒီခေါ်တွေ့ခဲ့၏။ ထင်ထားတဲ့အတိုင်းပင် ... သော်မေချစ်သူအကြောင်း ဒက်ဒီ့အား ပြောပြလိုက်သည်။

"သား ... ထိန် ... မင်းကို ဒက်ဒီပြောစရာရှိတယ်"

"ပြောပါ ဒက်ဒီ"

"မင်း သော်နဲ့လက်ထပ်ရမယ်"

"ဟွတ် ... အဟွတ် ... "

"ဟင် ... ဒက်ဒီ နေမကောင်းဘူးလား"

"မကောင်းဘူး၊ ဒက်ဒီ ချောင်းတွေအရမ်းဆိုးနေတယ်၊ သွေးပါတယ်"

"ဗျာ"

"ကျန်းမာရေး ဆေးစစ်ပြီးပြီ ထိန် ... "

"ဆရာဝန်က ဘာပြောလဲ ဒက်ဒီ"

"အဆုတ်ကင်ဆာတဲ့ ... ဒက်ဒီ့ကျန်းမာရေးအရ လူ့လောကကြီးထဲမှာနေဖို့က တစ်နှစ်ထက်မပိုတော့ဘူး"





"ဗျာ ... ဒက်ဒီ ... ကျွန်တော့်ကို ဘာဖြစ်လို့ စောစောကမပြောတာလဲ"

"ဒက်ဒီလည်း သိတာမကြာသေးဘူး သား ... ထားလိုက်ပါတော့ကွာ ... သေရမယ့်သူက သေမှာပဲ ... အရေးကြီးတာက သားနဲ့သော့်ကို ဒက်ဒီ လက်ထပ်ပေးသွားချင်တာပဲ"

ဒက်ဒီ့မျက်နှာကို ထိန် သေသေချာချာကြည့်လိုက်တော့ ဖြူဖတ်ဖြူရော်နှင့် ချောင်ကျသွားသည်။ သူ လုံးဝမသိခဲ့ ... ဒက်ဒီချောင်းဆိုးနေတာတော့ ကြာပါပြီ။ မာမီပစ်သွားထဲက သူ့ကိုပဲအချစ်တွေပို၍ သားကို ပြုစုစောင့်ရှောက်နေလာခဲ့သည်။

"မင်းမှာ ချစ်သူရှိနေတယ်လို့ ဒက်ဒီကြားတယ် ... အဲဒီကောင်မလေးက အဆင့်မရှိဘူး၊ ရုပ်ရည်ချောတာက သိပ်အသုံးမဝင်ဘူး သား ... တကယ်တော့ မင်းမာမီက ဆင်းရဲနွမ်းပါးတဲ့မိန်းမပဲ"

ဒက်ဒီက မာမီ့အကြောင်း သူ့ကို ဘယ်တော့မှမပြောပြဖူးပေ ... ထိန် လူမှန်းမသိသေးတဲ့အချိန်မှာပဲ ဖောက်ပြန်ပြီး နောက်ယောကျ်ားနောက် လိုက်သွားခဲ့သည်။

"ဒက်ဒီက အရမ်းချစ်မိခဲ့လို့ အလိုလိုက်ထားခဲ့တာ ... မိဘတွေဆန္ဒနဲ့ဆန့်ကျင်ပြီး ဒီမိန်းမကိုလက်ထပ်ယူခဲ့တယ်၊ တဖြည်းဖြည်း ယောင့်တက်လာတယ်၊ ဘဝမေ့လာတယ်၊ ဒက်ဒီ့ကို မခေမ့်မြင်ပြုလာတယ် ... ပြီးတော့ ဖောက်ပြန်ပြီး နောက်ယောကျ်ား

www.burmeseclassic.com



နောက် လိုက်သွားတာပဲကွ"

"အဟွတ် ... ဟွတ် ... အဟွတ်"

"ဒက်ဒီ"

"မင်း သော်နဲ့ပဲလက်ထပ်ရမယ်၊ မငြင်းလိုက်ပါနဲ့သားရေ
နော် ... ဒက်ဒီ့ဆန္ဒကို ဒီတစ်ကြိမ်လေးပဲ ဖြည့်စွမ်းပေးပါ၊ မင်းဆ
တွေကို ဒက်ဒီ နှစ်ပေါင်းများစွာ ဖြည့်စွမ်းပေးခဲ့တာပါ"

"ဒက်ဒီရယ်"

ဒက်ဒီ့ချောင်းဆိုးသံတွေက အဆက်မပြတ်ကြားနေရသည်
ထိန့်ရဲ့ မာကျောတဲ့ဆုံးဖြတ်ချက်တွေက အရည်ပျော် ပျောက်ကွ
သွားရ၏။ ခင်သော်ကကိုပဲ..အနိုင်ပေးရမလိုဖြစ်နေသည်။

■ ■ ■

အခန်း ( ၁၅ )

ချစ် ကုမ္ပဏီကနေ နာမည်ပျက်တွေနှင့် မထွက်လိုပေ ...
အခုတောင် နာမည်က ပျက်ချင်နေသည်။ ဆရာ့ကို ချိုင်တယ်တဲ့။
င်က ဒေါကန်နေ၏။ ချစ်ကတော့ ပြောချင်တာပြောကြပါစေ။
ချစ်မှ မဟုတ်တာဘဲ ...

"ကိုယ့်ကို ဥပေက္ခာပြုမထားပါနဲ့ ချစ်ရယ် ... ချစ်ကို ချစ်
တယ်၊ အရမ်းချစ်တယ် ... ချစ်ကို လက်ထပ်မယ်"

ဆရာ ပြောခဲ့တဲ့စကားတွေကို ချစ် ကြားယောင်နေသည်။
ဆုံမ မျှော်လင့်နေမိတာတော့ အမှန်ပါပဲ ဆရာ ... ချစ်မှာလည်း
ချစ်တတ်တဲ့နှလုံးသားတွေ ရှိပါတယ်။ ဆရာ့ကို ချစ် ယုံကြည်နေမိ
သည်။

"ချစ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အခုတလော ညီမလေးကိုကြည့်ရတာ မှိုင်မှိုင်တွေတွေ ဘာတွေဖြစ်နေလဲ၊ မမကြီးကို ပွင့်ပွင့်လင်းလင်းပြောပြပါလား"

"ဘာမှမဖြစ်ပါဘူး မမကြီး ... ချစ်က လူကြီးဖြစ်သွားပြီလေ အဟက် ... ရုံးမှာက လူကြီးလိုနေထိုင်ရတာ"

"မမကြီးကတော့ စိတ်ပူတယ် ... အရမ်းလည်းစိုးရိမ်တယ် ညီမလေးကို တန်ဖိုးထားမျှော်လင့်ထားတာပါ"

ချစ် ဘာများဖြစ်နေလဲ။ ညီမလေးအပေါ် အစ်မကြီးအမိ စောင့်ရှောက်လာခဲ့သည်။ မှည့်တစ်ပေါက်လေးပင် အစွန်းမခံနိုင် အခုတလော ညီမလေး မပျော်မရွှင် ဖြစ်နေသည်။

"ချစ်လေး"

"ရှင်"

"ညီမလေး ... ဘာတွေပဲဖြစ်ဖြစ် ဘယ်လိုအခက်အခဲ ရှိနေပါစေ ... မမကြီးနဲ့တိုင်ပင်ပါ"

"မရှိပါဘူး မမကြီးရာ ... ချစ် အလုပ်ရှင်ကျေနပ်အောင် ကြိုးစားပြရတယ်၊ မမကြီးသိတဲ့အတိုင်းပဲ ... ချစ်က ညံ့ဖျင်းတာ လေ"

"ကောင်မလေး ... မမကြီးစိတ်ပူအောင် မလုပ်နဲ့နော် ... ညီမလေး တစ်ခုခုဖြစ်သွားမှာ စိတ်ပူတယ်ကွယ်"

"စိတ်ချ ... ချစ်ကိုယ်ချစ် ထိန်းနိုင်ပါတယ်နော်"

မမကြီး စိတ်ချသွားစေရန် ... မမကြီးပါးကိုနမ်းပြီး ပြေ





ထွက်လာခဲ့သည်။ ဘတ်စ်ကားဂိတ်ရောက်မှ သူမခြေလှမ်းလေး တွေ နှေးကွေးလေးလံသွားရ၏။ ဆရာ့ကို သတိရမိသွားသည်။

"ဆရာ ... ချစ်ကို လာမကြိုတော့ဘူးလားဟင် ... ချစ်က ဆရာစောင့်နေမယ်ထင်ခဲ့တာပါ"

ဘတ်စ်ကားဂိတ်မှာ ဆရာကမရှိပေ ... ချစ် ရင်ဘွေနွမ်းလျ သွားရသည်။

"မင်းကို ချစ်တယ်၊ ကိုယ့်ကို မစိမ်းကားပါနဲ့ ချစ်ရယ် ... ကိုယ် ခင်းဘဝလေးကို ပျော်ရွှင်စေချင်တာပါ"

ဆရာ့စကားတွေကို သူမ ကြားယောင်းရင်း ရယ်နေမိသည်။

"ဆရာ ... ကျွန်မကို ပျော်ရွှင်စေချင်တယ်ဆို ... ကျွန်မရဲ့ ပျော်ရွှင်မှုတွေက ဆရာနဲ့မမသော်တို့ရဲ့ ဂုဏ်သိက္ခာတိုက်ပွဲမှာ မြေဇာပင်ဖြစ်ပြီး ကြေမွပျောက်ပျက်သွားရတယ် ... ဆရာတို့က ရက်စက်တာပါ"

သူမ ဘတ်စ်ကားဂိတ်မှာ ရပ်နေသည်။ ရင်တွေ နာကျင်နေ ရ၏။ ဆရာ့ကို ချစ်တယ်။ ကျွန်မလည်း ချစ်ပါတယ်။ ချစ်တယ်။

"မတွေးပါဘူး၊ နင်နဲ့တန်လို့လား မေချစ်သူ ... ဘယ်သူက နင့်ကိုလက်ထပ်ယူမှာလဲ ... သူတို့က ကစားနေကြတာပါ"

သူမ အတွေးတွေကိုဖြတ်ပြီး ဘတ်စ်ကားပေါ် တက်လာခဲ့ သည်။ သာမန် ရုံးစာရေးမလေးဖြစ်သွား၍ ဖယ်ရိုပင်မကြီးတော့။ ချစ် ဘဝအပြောင်းအလဲကလည်း မြန်လိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေး ... ကုမ္ပဏီကတော့ မထွက်ပါနဲ့ ... မမ ဒီလောက်အထိ မရက်စက်နိုင်ဘူးကွယ်"

ချစ် သိနေသည်။ ချစ် ကုမ္ပဏီကနေထွက်သွားရင် မမသော်ရဲ့မျက်ကွယ်ကို ရောက်သွားမှာ စိုးရိမ်တာမဟုတ်လား ... သူမ ကုမ္ပဏီကို ရောက်လာသည်။

"အမေ့"

"အို ... "

"ဟာ ... "

သူမ ထုံးစံအတိုင်း ရုံးချိန်နောက်ကျမှာစိုးရိမ်ပြီး အပြေးအလွှားနေရင်း လူတစ်ယောက်နှင့်ဝင်တိုးမိရာ ... တောင်းပန်ရန် မော့ကြည့်လိုက်တော့ ဆရာဖြစ်နေသည်။

"ဆရာ"

"ရတယ်"

သူမကို ကျော်ခိုင်းထွက်သွားသည်။ ရက်စက်လိုက်တာ ... ဆရာ့အမူအယာတွေက ချစ်နှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးကြတဲ့ လူစိမ်းတွေလိုပါပဲ ...

"ကျွန်မကို ဆရာက စပြီးဥပေက္ခာပြုသွားတာပါ"

သူမ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပင် ဝဲလာသည်။

"ချစ်"





"ဟင် ... မမ"

"ညည်းလေး ဘာရယ်လုပ်နေတာလဲ၊ နောက်ကျနေပြီလေ"

"ဟုတ် ... ဟုတ်ကဲ့"

သော် သိနေသည်။ ထိန်နှင့်ချစ်တို့ တွေ့ဆုံသွားကြပြီဖြစ်၏။ အန်ကယ်က မေမေ့ဆီ ဖုန်းဆက်ခဲ့သည်။

"သားနဲ့သမီးသော်တို့ လက်ထပ်ဖို့ တို့တွေ အမြန်ဆုံးစီစဉ်မယ်၊ သမီးသော်အမေသဘောကျ ဦးဆောင်စီစဉ်ပေးပါ"

မေမေကလည်း မာနတကြီးနှင့် တုံ့ပြန်ပြောဆိုခဲ့သည်။

"သားက လက်ခံပါပြီ"

ထိန့်ဘက်ကနေ လက်ခံလိုက်ပြီဆိုတာ သော် သိနေသည်။ ချစ်ကို တည်တည်ကြီးဆက်ဆံသွား၏။ တစ်နေ့ ထိန် ပြောင်းလဲသွားရမှာပဲ ... သော်ပဲလေ ...

"မမ"

"ဟင်"

"ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ် ... ချစ်လေး အဲဆင်ပြေလား၊ မမကို ပြောနော် ... မမ အားလုံးကူညီမယ်၊ ညီမလေးက မမကြောင့် စိတ်သောကရောက်ခဲ့ရတာ မဟုတ်လားကွယ်"

"ရပါတယ် မမရယ် ... ချစ်အတွက် လုံးဝမပူပါနဲ့ ... ချစ် ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



" အိုကေ ... သွားတော့ ချစ်"

သူမ သဘောကောင်းချင်ယောင်ဆောင်ပြီး ချစ်ကို လေချို ချိုဖြင့် ပြောဆိုဆက်ဆံခဲ့ရသည်။ မမသော် မလုပ်ချင်ပေမယ့် ထိန်နဲ့ လက်ထပ်ပြီးရင်တော့ ညည်းလေးကို ကုမ္ပဏီကနေ မလွှဲမရှော ထုတ်ပစ်ရမှာပဲ ... ထိန့်အခန်းထဲသို့ သူမ ဝင်လာခဲ့သည်။

"ထိန့်"

"ဟင် ... သော် ... ထိုင်"

"ရှင် အရမ်းကိုပြောင်းလဲနေပါလား၊ သော်တောင် အရုပ် အံ့ဩသွားရတယ်"

သူနှင့်ချစ်တို့ ဆုံမိကြသည်။ သူ့ဘက်က မာနတကြီးနှင့် ခပ် စိမ်းစိမ်းဆက်ဆံခဲ့မိသည်။ ကိုယ့်ရင်တွေ အတိုင်းအဆမရှိအောင် ခံစားခဲ့ရပါတယ် ချစ်ရယ် ... ဒက်ဒီ့ကြောင့်ပဲ ... ကိုယ် ယောကျ်ား မပီသတာပါ။ တာဝန်မယူရဲတဲ့ကောင်ပဲ ... ကုမ္ပဏီမှာ ချစ် ဘယ် လောက်နာမည်ပျက်ရလဲဆိုတာ သူသိသည်။

"အန်ကယ်က မေမေ့ဆီ ဖုန်းဆက်တယ်လေ ... သော်နဲ့ လက်ထပ်ဖို့ကိစ္စ ထိန် လက်ခံတယ်တဲ့ ... မေမေကတော့ စိတ်ပူ တယ်၊ သော့်ကို သေချာအောင်မေးခိုင်းလို့ပါ"

ထိန် စိတ်ပျက်မိသည်။ သော် ဘာဖြစ်လို့များ အရှက်မရှိ တာလဲ။ သူ့ကို အငမ်းမရ လက်ထပ်ဖို့စီစဉ်နေသည်။ ထိန် စိတ်ပျက် မိ၏။ ထိန် အချစ်မပါဘဲ့မိန်းမတစ်ယောက်ကို လက်ထပ်ရတော့





သည်။ မာမီက မေချစ်သူလိုမိန်းမမျိုးတဲ့ ... ဒါကြောင့် ဒက်ဒီက သား အရွေးမှားမှာ စိတ်ပူတယ်တဲ့ ... ဒက်ဒီ့ကျန်းမာရေးအခြေ အနေအရ သော့်ကိုလက်ထပ်ဖို့ သူ သဘောတူရမည်ဖြစ်သည်။

"လက်ခံပါတယ် သော် ... မင်းအမေကို ဒက်ဒီဖုန်းဆက် ပြောထားပြီးပြီပဲ ... အဲဒီအတိုင်းစီစဉ်ပါ"

"ထိန် သေသေချာချာစဉ်းစားပါဦး ... ဒီတစ်ခါတော့ သော် ဆုံးဝ ဂုဏ်သိက္ခာမဲ့တာမျိုး အဖြစ်မခံနိုင်ဘူးနော်"

"မင်းတို့ဘက်ကသဘောအတိုင်းပဲ စီစဉ်ပါသော်"

"ထိန်"

"ဟင်"

"သော့်ကိုရွေးချယ်တာ ထိန့်ဘဝအတွက် အမှန်ကန်ဆုံးပါ။ ထိန့်ကို သော်ချစ်တယ်"

သူ ...

အေးစက်နေသည်။

သော့်ကို သူ လုံးဝမချစ် ... ချစ်ကိုပဲ ချစ်တယ်။

မာမီနှင့်ပတ်သက်ပြီး သူ့ရဲ့နာကျင်ခံစားမှုတွေက ချစ်နှင့် ပတ်သက်ပြီး သံသယတွေကင်းရှင်းနေရသည်။ ချစ်ကို ယုံတယ်။ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းနိုင်တဲ့ ကောင်မလေး ... တခြား နေရာတွေမှာ ညံ့ဖျင်းပေမယ့် ... စိတ်ဓာတ်လေးကတော့ ဇ.နိုး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေများတွေးနေရတာလဲ ကိုထိန် ... ရှင် ငြင်းပယ်မယ်ဆိုရင်လည်း ရှင် ငြင်းပယ်နိုင်တယ်"

"သော် ... မင်းကို ကိုယ်ပြောထားပြီးပြီပဲ ... ကိုယ် လက်ခံတယ်လို့"

"အိုကေ"

သူ လက်ခံလိုက်ဖို့ကလွဲပြီး တခြားမရှိတော့ ... မင်း နိုင်တယ် သော် ... ကိုယ့်အတွက် ရွေးချယ်စရာ လမ်းမှမရှိတာ ...

"သော် ... မေမေ့ကိုပြောလိုက်တော့မယ်၊ ထိန်က လက်ခံပြီလို့ ... အရင်ဆုံး စေ့စပ်ပွဲကျင်းပမယ်၊ တစ်လအတွင်း လက်ထပ်ပွဲကျင်းပမယ်"

"မင်းသဘောပဲ သော်"

ထိန့်ရင်တွေ အတိုင်းအဆမဲ့ နာကျင်ရပါတယ် ချစ်ရယ် ... မင်းက ရိုးသားဖြူစင်သူလေးပါ။ စိတ်ထိခိုက်ကြေကွဲနေရသည်။ သော် ပြန်ထွက်သွား၏။ သူ့စိတ်တွေ တင်းကြပ်နာကျင်ရသည်။

"ကိုယ့်ကိုခွင့်လွှတ်ပေးပါ ချစ်ရယ် ... ကိုယ် မင်းနဲ့ အကင်းရှင်းဆုံးနေထိုင်မှုဖြစ်တော့မယ်"

မနက်က ချစ်နှင့်ဆုံမိသည်။ သူ ခပ်စိမ်းစိမ်းလေးပဲ နေထိုင်မိ၏။ ချစ် မင်းကို စိတ်သောကရောက်အောင် ကိုယ် လုပ်ခဲ့မိတယ်။ သော်ရောပဲ ... ကိုယ် မဖြေနိုင်တော့ဘူးကွာ ... ညနေ ရုံးဆင်းတော့ သော်က သူ့အိမ်လိုက်ဖို့ခေါ်သည်။





"မေမေက တွေ့ချင်နေတယ် ထိန် ... မေမေက ကြောက်နေတယ်၊ သူ့ဂုဏ်သိက္ခာတွေ မဲ့ရမှာကိုလေ"

"ကောင်းပါပြီ သော်"

သူနှင့်သော် တွဲပြီးထွက်လာစဉ် ... ချစ်နှင့်ဆုံမိ၏။ သော်က နှုတ်ဆက်သည်။

"ချစ်လေး ... ပြန်ပြီလား၊ ရုံးကားနဲ့လိုက်ပို့ပေးဖို့ မမပြောထားတယ်၊ ဘတ်စ်ကားနဲ့ မပြန်နဲ့နော်"

"ဟုတ်ကဲ့"

"မင်းဆရာက မင်းကို စိတ်ဆိုးနေတယ်ထင်တယ်၊ အသုံးကျတဲ့ ကောင်မလေးဆိုပြီးလေ"

သူ ရှေ့ဆက်၍လျှောက်လာခဲ့သည်။ မကြားချင် ... သော် မင်းလွန်တယ်။ ဒါပေမဲ့လည်း သူပြောရင် သော်က ချစ်ကိုမဲနိုင်၍ ဥပေက္ခာပြုထားခဲ့၏။ ချစ်ကတော့ ကိုယ့်ကိုမုန်းသွားမှာပဲ ... ကိုယ် ဘာမှဆက်မလုပ်နိုင်ဘူး။ သော်တို့အိမ်ရောက်တော့ သော့်အမေရဲ့ မိန့်ခွန်းခြွေ ... ချုပ်ကိုင်မှုကို နားထောင်နေရသည်။

"ထိန် ... မင်း သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးမှ သော်နဲ့ လက်ထပ်ပါ ... ဒီတစ်ခါ မင်းငြင်းဆန်မယ်ဆိုရင်တော့ မင်းကို တရားဥပဒေနဲ့ စကားပြောရလိမ့်မယ်"

"မေမေ"

"သမီးသော် အသာဝေးနေစမ်းပါ၊ မေမေ အပိုင်ချည်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ထပ်ပြီး အရှက်တကွဲမဖြစ်စေချင်ဘူး”

သူ စိတ်ပျက်မိသည်။ သော့်မေမေ စကားပြောလျှင် အထက်စီးကနေ ပြောလွန်း၏။ သူ ငြိမ်နေမိသည်။

“အန်တီ့သမီးမှာ ... မင်းငြင်းပယ်စရာ ဘာမှ အပြစ်အနာအဆာ မရှိဘူးနော် ထိန် ... တကယ်တမ်းပြောရရင် မင်းအမေက ကိုယ်ကျင့်တရားမကောင်းတဲ့ မိန်းမ ... မျိုးရိုးက ညံ့ဖျင်းနေပြီ”

“မေမေ ... ဘာတွေပြောနေတာလဲ၊ တော်ပါတော့ ... ထိန်က သော်နဲ့လက်ထပ်ဖို့ သဘောတူနေပြီပဲ”

“တိတ်စမ်း သော် ... ညည်း ဘာမှအောက်စည်းကနေ ယောက်ျားတစ်ယောက်ကို လက်ထပ်စရာမလိုဘူး”

“မေမေကလည်း ဒုက္ခပါပဲ”

ထိန် ပြန်ထလာခဲ့သည်။ သော့်မေမေကို သူ ဘယ်တုန်းကမှ မနှစ်သက်မိ ... ဒက်ဒီ့ကို အရောတဝင်နှင့် မာယာများလွန်းတဲ့ မိန်းမကြီးတစ်ယောက်ဟုပဲ ထင်မြင်နေခဲ့သည်။

■ ■ ■

အခန်း ( ၁၆ )

ချစ် အိမ်ရောက်တော့ ... မမကြီးမသိအောင် တစ်ယောက်တည်း ကြိတ်ပြီးငိုကြွေးမိသည်။ ဆရာ ရက်စက်တယ်။ ရှင်တို့တွေ ငွေကြေးချမ်းသာတယ်ဆိုပြီး ချစ်ကို နှိမ်ချဆက်ဆံပြီး ထင်တိုင်းကြဲနေတာပေါ့လေ။ မမသော်ကလည်း သူမကိုခုတုန်းလုပ်ပြီး ဆရာ့ကို အပိုင်ချုပ်ပစ်သည်။

“ရှင်တို့ လူလိမ်လူညာတွေ ... ကျွန်မကို အသုံးမကျတဲ့ ကောင်မလေးဆိုပြီး အသုံးချသွားတာပဲ”

စောင့်ကြည့်နေပါ။ ချစ်ဆိုတဲ့ကောင်မလေး မညံ့ဘူးဆိုတာ ရှင်တို့ သိစေရမယ်။ ကုမ္ပဏီမှာလည်း ချစ်မျက်နှာငယ်ခဲ့ရသည်။ အရှက်သိက္ခာလည်းကျသွားပြီး ဆရာ့ကိုချိုင်တဲ့မိန်းမ ... နာမည်ပျက်တွေနှင့် ဆရာ့အခန်းထဲက မောင်းထုတ်ခံရသူ ... ရှင်လည်း အတူတူပဲ ... ကိုလမင်းထိန် ... အလကားလူ ... ရှင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မချစ်သူ ခံစားနေမယ်မထင်နဲ့နော် ...

"ဆရာရဲ့ရက်စက်မှုကတော့ ကျွန်မရဲ့မာနတွေကို ထိပါးစေပါတယ်၊ မမသော် ... ရှင်ကြီးကရော ... ကျွန်မဘဝတစ်ခုလုံးကို နင်းခြေဖျက်ဆီးပစ်သူပဲ"

မချစ်သူရင်ထဲမှာ မာနတွေနှင့်ဒေါသတွေ ဝုန်းဒိုင်းကြဲနေအောင် ပေါက်ကွဲသွားရသည်။ မုန်းတီးနာကျည်းမှုတွေကို ချစ် ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ ... ချစ် အစော်ကားခံရတာပဲ ... ဖြူစင်တဲ့ ချစ်ရဲ့အဖြူရောင်လေး အရောင်တွေနှင့် ညစ်နွမ်းသွားရသည်။

"ချစ် သည်းမခံနိုင်ဘူး ... ဒီအတိုင်းလည်း အရှုံးပေး ဒူးမထောက်နိုင်ဘူး၊ ကျွန်မ ရှင့်တို့ကိုမုန်းတယ်"

သူမ မျက်ရည်တွေကို သုတ်ပစ်သည်။ မငိုဘူး။ ချစ် ဘာဖြစ်လို့ ကျရှုံးရမှာလဲ။ ချစ်မှာ အပြစ်မရှိဘူး။ စောင့်ကြည့်နေလိုက်လေ။ ကျွန်မ တရားသောနည်းနဲ့ ယှဉ်ပြိုင်မယ်။ ချစ် လုံးဝမငိုတော့။ ချစ် အိပ်ပစ်သည်။

"ချစ် ... မင်းကိုချစ်တယ်၊ ဘယ်လိုမှ အဝေးမခံနိုင်ဘူး၊ ကိုယ့်နောက်လိုက်ခဲ့ပါချစ်ရယ် နော်"

ဆရာပါလား။ သူမအား အတင်းအကျပ်ပင် လက်ကိုဆွဲပြီး ကားပေါ်တက်စေသည်။

"မလိုက်ဘူး၊ ရှင့်ကိုလည်း အယုံအကြည်မရှိပါဘူး၊ ဖယ်ပါ





ကျွန်မ ရှင့်ကိုမုန်းတယ်"

"လိုက်ခဲ့ပါ ချစ်ရယ် ... ကိုယ်တို့နှစ်ယောက် အတူတူနေကြမယ်၊ မိသားစုလေး တည်ဆောက်မယ်"

"ရှင် ဘာတွေလာပြောနေတာလဲ ... ပြီးရင် ရှင့်ဒက်ဒီက ဘာညာဆိုပြီး ရှင် သူဌေးသမီးနဲ့ပဲလက်ထပ်မှာ ... ရှင်တို့လိုလူတွေက ဂုဏ်သိက္ခာအတွက်ပဲ ကြည့်ကြတဲ့လူတွေ ... အထင်မကြီးဘူး"

ချစ်ကို အတင်းအကျပ်ဖက်တွယ်၍ ချစ်တဲ့အကြောင်းတွေ တွတ်တွတ်ပြောနေသည်။ သူမ မျက်နှာလေးအနှံ့လည်း အနမ်းတွေကလည်း အဆက်မပြတ်ကျရောက်နေ၏။ သူမမျက်နှာလေး ဘယ်ညာရမ်းခါရင်း ရှောင်တိမ်း၍ မလွှတ်နိုင် ...

"ရှင်လွှတ်နော် ... လွှတ် ... ရှင့်ကိုမုန်းတယ်၊ အဆုံးအဖြတ်လည်း မရှိဘူး၊ လွှတ် ... လွှတ် ... လူယုတ်မာကြီး ... အား"

"ချစ် ... ချစ်လေး ... ဘာတွေအော်နေတာလဲ၊ နေတောင်မြင့်နေပြီ၊ ကုမ္ပဏီမသွားဘူးလား၊ ချစ်လေး ... "

"ဟင် ... ရှင် ... ရှင်"

"ချစ် ... ဘာရှင်လဲ၊ မမကြီးပါ ... ထစမ်း"

သူမ အိပ်မက်ကနေလန့်နိုးသွားပြီး ထလိုက်သည်။ ဘုရား ... မမကြီးပဲ ... သူမ ဘာတွေအော်ဟစ်နေတာလဲ။ မမကြီး မျက်နှာက စိုးရိမ်ပူပန်မှုတွေနှင့် ပြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိချစ်"

"ရှင်"

"ဘာတွေဖြစ်နေတာလဲ၊ လူယုတ်မာကြီးဆိုတာ ဘာလဲ ... ပြောစမ်း ... ညည်းလေး တစ်ခုခုတော့ဖြစ်နေတယ်၊ မမကြီး သိတယ်နော်"

"ဟာ ... မမကြီးကလည်း အိပ်မက်ပဲဟာ ... ချစ် ဘာမှ မဖြစ်ပါဘူး၊ ချစ်ကို လိုက်နေတဲ့ကောင်ကို အိပ်မက်မက်နေတာပါ"

"ဘယ်သူလဲ၊ ဘယ်ကောင်လဲ ... ချစ်လေးကို ဘာလုပ်လဲ"

"ဘာမှမလုပ်တော့ပါဘူး၊ ချစ် ယောင်တာပါ၊ ချစ်ကို ဘယ်သူက လာပြီးနှောင့်ယှက်ရဲမှာလဲ၊ ညီမလေးအကြောင်း မမကြီးအသိနော် ... ဟား ... ဟား ... ဟား ... တကယ်ရယ်ရတယ်"

"ကောင်မလေး"

မမကြီးရဲ့ ဆုံးမသွန်သင်စကားတွေနှင့်လွတ်အောင် ထုံးစံအတိုင်း သူမ ရေချိုးဖို့ပြေးထွက်လာခဲ့သည်။

"ချစ်နော် ... ညည်းလေးကို မယုံတော့ဘူး၊ လုပ်ချင်တာတွေ လုပ်မနေနဲ့ ... မမကြီးကို အသိပေးစမ်းပါ"

သူမ ရေချိုးခန်းထဲဝင်လာပြီး ရေချိုးသည်။ ဆရာနှင့်သူမ ဆက်ပြီး မတွေးရဲတော့ ... ရင်တွေတုန်နေ၏။ ဆရာ့ကို မုန်းသည်ဟု ဘယ်လောက်ပဲပြောပြော ... သူမရင်ထဲမှာ အချစ်တွေရှိနေသည်။





"မုန်းတယ်၊ ရှင့်ကိုမယုံပါဘူး၊ အလကားလူကြီး ဘာချစ်တာလဲ၊ အိပ်မက်ထဲမှာပဲ ရှင် ခိုးပြေးရဲတာမဟုတ်လား"

ရှင်တို့လိုလူတန်းစားတွေက ကြောက်စရာကောင်းပါတယ်။ ကျွန်မဘဝကို ခြေတော်တင်ဖျက်ဆီးပစ်ချင်တာပဲ မဟုတ်လား။ သူမ နှုတ်ခမ်းလေးတစူစူနှင့် ပြင်ဆင်ပြီး ကုမ္ပဏီကို ထွက်လာခဲ့သည်။ အလုပ်ကတော့ ရုတ်တရက်ကြီး မထွက်နိုင်ဘူး။ ကျွန်မက မှန်နေတာပဲ ... ဘယ်သူ့ခြေးကိုမှ မမြူဆွယ် မဖြားယောင်းဘူးဆိုတာ သက်သေပြရမယ်။

"ချစ်"

"ဟင် ... ခင်"

"နင် ကြားပြီးပြီလားဟဲ့"

"ဘာလဲ"

"ဒီညနေ ဆရာနဲ့မမသော်တို့ လူကြီးချင်းစေ့စပ်ကြမယ်"

"ဟုတ်လား"

"တို့အဖွဲ့ကို မမသော်က လုပ်အားပေးခေါ်ထားတယ်လေ၊ ချစ်ရောပဲ ..."

"ဘာပြောတယ်"

သူမ အထိတ်တလန့်နဲ့အော်မိပြီးမှ စိတ်ကို ထိန်းချုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမသော် ... ကုမ္ပဏီကို မလာဘူး၊ ဆရာရောပဲ ... တို့
သွားရမယ်"

"ကောင်းသားပဲ"

ကောင်းပြီလေ။ ကျွန်မလာရမှာပေါ့ ဆရာ ... ဒီလိုလုပ်
ရမလား။ မေချစ်သူ ဘယ်လောက်အထိမာကျောသလဲဆိုတာ
မယ်လေ ...

"ဟဲ့ ... ချစ်"

"ပြော"

"နင် ပျော်ပျော်ရွှင်ရွှင်ပဲလိုက်ခဲ့ ... ဒါမှ အတင်းပြောတဲ့
တွေ ပါးစပ်ပိတ်သွားမှာ"

"ဘာဆိုင်လို့လဲ ... ချစ်က ရွေးချယ်ချင်းရွေးချယ် ကိုကို့
ရွေးချယ်မယ်၊ ကိုကို့ကိုတောင် ငြင်းပယ်ခဲ့တာလေ"

"အခု ပြန်ရွေးဟာ"

ကျွန်မကို စိန်ခေါ်တာပေါ့လေ ဆရာ ... တွေ့မယ်။
ရယ်ရယ်မောမောလေး ဖြစ်နေသည်။ တစ်ရုံးလုံးလည်း ဆရာ
မမသော်တို့စေ့စပ်ပွဲကိစ္စ စိတ်ဝင်တစားပြောဆိုနေကြ၏။ အ
ကြီးလုပ်လို့တဲ့ ... ညနေရုံးဆင်းတော့ ချစ် အလှပဆုံးပြင်ဆင်သည်
စေ့စပ်ပွဲ ဆီဒိုးနားဟိုတယ်မှာပါ။

"ချစ် ... နင် အရမ်းလှတယ်၊ တို့ကုမ္ပဏီဝတ်စုံလေးက နှ





အရမ်းလိုက်ဖက်တယ်ဟာ"

"ချစ်ကလည်း ဒီကုမ္ပဏီကိုလျှောက်တာ ဝတ်စုံကြိုက်လို့
လေဟာ"

နှစ်ယောက်သားရယ်မောရင်း လာကြိုတဲ့ဘတ်စ်ကားပေါ်
တက်ကြသည်။ သူမတို့အဖွဲ့က ... ကြိုဆိုရေးအတွက် အစော
ကြီးရောက်နေကြ၏။ အင်းလေ ... ဆရာတို့အတွက် ရွေးချယ်သင့်
တာပဲ ...

"ချစ်"

"ဟင် ဦးကိုကို"

"ချစ်ရယ် ... ကိုကို့ကို ဦးတပ်ပြီးမခေါ်စမ်းပါနဲ့ ... ဒီလောက်
လည်း အသက်မကြီးသေးပါဘူး"

"ရှိသေလို့ပါနော်"

"ကိုကို့ကိုလည်း ချစ် တစ်ခုခုတော့စဉ်းစားပေးစေချင်ပါ
တယ်"

"ဟိုလေ ... ချစ်က ... ကိုကိုနဲ့ ဘယ်လိုမှမလိုက်ဖက်
ခတင့် တည်ပါဘူး၊ ကိုကို့ရဲ့ဂုဏ်သိက္ခာပဲ ကျစေမှာပါ"

"ကိုယ် ဘာမှဂရုမစိုက်ဘူး ချစ် ... ထိန့်ထက်တောင် သ
လွန်းတဲ့ မင်္ဂလာဆောင်ပွဲကြီး ကျင်းပမယ် ... ချစ်သာ ကိုယ့်ကို
လက်ထပ်မယ်ဆိုရင် ချစ်နာမည်နဲ့ ကိုယ့်ကုမ္ပဏီကို လွှဲပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်မှာပါ"

ချစ်ရယ် ... နင်လက်ခံလေ။ ဘာဖြစ်လို့လဲ။ နင့်နှလုံးသားက ဘာကြောင့်များ ငြင်းဆန်ချင်နေရတာလဲ။ စိတ်ကနေ ဆရာ့ထက်သာတဲ့ယောကျ်ားနှင့် လက်ထပ်ချင်ခဲ့ပေမယ့် တကယ်တမ်းကျတော့ ချစ် လက်မခံနိုင်ပေ ... ညှော်ခံပွဲက စတင်တော့မည်။ ဆရာ့ဒက်ဒီနှင့် မမသော်ရဲ့မာမီတို့ ရောက်လာကြသည်။ ချမ်းသာလိုက်ကြတာ ... မမသော်အမေဝတ်ထားတဲ့ စိန်တွေက တဖျက်ဖျက်ခါနေသည်။ ကုန်ခြောက်ဆိုင်လေးရောင်းရတဲ့ မမကြီးကို မြင်ယောင်လာ၏။ ချစ်ကို ဆရာ ငြင်းပယ်မှာပဲ ...

"ထိန်နဲ့သော် အရမ်းလိုက်ဖက်တယ်ကွာ ... ဂုဏ်ယူပါတယ်"

ကိုကိုက ချစ်နှင့်စကားပြောနေရင်း နှုတ်ဆက်သည်။

"ကိုကိုနဲ့ချစ်က အတွဲညီနေပါလား"

"ကိုကိုက ဒီလိုမင်္ဂလာပွဲကြီးကို အားမကျဘူးလားလို့ မေးနေတာ"

"ချစ် လက်ခံလိုက်လေ၊ ကိုကိုက လူတော်နော်"

သူမ ရယ်မောလိုက်သည်။ ဆရာကတော့ ဂရုမစိုက်သလို ရှေ့ဆက်လျှောက်သွား၏။ ဆရာ့ဒက်ဒီက ရောဂါဝေဒနာဖိစီးနေပုံပင် ... ဆရာ စေ့စပ်ဖို့လက်ခံလိုက်တာ ဆရာ့ဒက်ဒီကျန်းမာရေး





ကြောင့်လားပဲ ...

"ချစ် ..."

"ရှင် ..."

"ဘာတွေစဉ်းစားနေတာလဲ"

"ဟင့်အင်း"

"ကိုကိုတို့ လက်ထပ်ကြရအောင်"

"အို"

ချစ် လက်မခံလို ... အချစ်တွေက သူမရင်ထဲ ဘယ်လိုမှ ရောက်မလာခဲ့ ...

"ချစ် မစဉ်းစားချင်သေးဘူး"

"ကိုကို့ကိုမယုံလို့လား ချစ်ရာ ... မင်းယုံကြည်အောင် ကိုကို ဘာတွေသက်သေပြပေးရမလဲ"

"ကိုကို အထဲဝင်ပါတော့နော် ... ချစ် တောင်းပန်ပါတယ်၊ မိတ်ဆွေတွေလိုပဲ နေပါရစေဦး ... ချစ် ကြီးကျယ်ခန်းနားနေတာ မဟုတ်ပါဘူးနော် ... ဒါက ဘဝတစ်သက်လုံးအရေး ဖြစ်နေလို့ပါ"

ဆရာ ... ချစ်လေး ဘယ်လိုယောကျ်ားမျိုးကိုမှ အထင်မကြီးတော့ဘူး ... ဆရာ တရားဝင်အိမ်ထောင်မပြုမချင်း ချစ် မျှော်လင့်နေချင်တယ်။ မဖြစ်နိုင်ဘူးဆိုတာ သိနေပါတယ်။

"ချစ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မင်းလည်း အထဲဝင်လေ"

"ကိုကိုဝင်နှင့်ပါ"

"မင်းနဲ့ တွဲဝင်ချင်တယ်"

သူမလည်း ဆက်ပြီး အတိုက်အခံပြောမနေချင်တာရော ... ကိုကိုနှင့်တွဲ၍ မင်္ဂလာခန်းမကြီးထဲ ဝင်လိုက်သည်။

"ထိန် ... ဂုဏ်ယူပါတယ်၊ အောင်မြင်ပါစေ"

သူ့ကိုလာနှုတ်ဆက်နေတဲ့ ကိုကို ... ဘယ်နှစ်ခါနှုတ်ဆက် နေမလဲ။ ဘေးမှာက မေချစ်သူ ...

"ဒီကောင်မလေး ငါ့ကိုရွဲ့ပြနေတာလား။ ကိုကိုနဲ့မတွဲပါနဲ့ ပြောထားတာကို"

သူ ... သဝန်ကြောင်နေမိသည်။ မဆီမဆိုင် ...

ထိန်ကိုယ်တိုင်က မေချစ်သူကိုထားခဲ့ပြီးပြီပဲ ... ရင်ထဲမှာ ပူလောင်နေသည်။

"သား ... "

"ဗျာ ဒက်ဒီ"

"မင်းမျက်မှာကြီးက တင်းနေတယ် ... ပြုံးနေစမ်းပါကွ ... သော်က ဂုဏ်သရေရှိ အထက်တန်းလွှာမိန်းကလေးကွ"

ဒက်ဒီက သတိပေးနေသည်။ သော့်အမေကို အရိပ်





တကြည့်ကြည့် ... ဒက်ဒီ အရမ်းဂရုတစိုက်ရှိလွန်းနေသည်ဟု ထင်မိ၏။ မေချစ်သူဆီရောက်နေတဲ့ သူ့စိတ်တွေကို ပြန်ထိန်းရသည်။

"ဂုဏ်သရေရှိ နှစ်ဖက်မိဘတွေရှေ့မှောက်တွင် ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော စေ့စပ်မင်္ဂလာပွဲကြီး အောင်မြင်သွားပါပြီ"

"ဖျောင်း ... ဖျောင်း ... "

"ဖြောင်း ... "

သူ့အတွေးတွေ ဖြတ်ကနဲလန့်နိုးသွားသည်။ အသိတွေ ပြန်ဝင်လာ၏။ စေ့စပ်လက်စွပ်လဲဖို့ အစီအစဉ်စသည်။

"ထိန် ... "

"ဟင် ... "

"နည်းနည်းပါးပါးလည်း ကြန္တေသိက္ခာဆည်ပါဦးနော်"

သော်က သတိပေးသည်။ သူ့အကြည့်တွေက ကိုကိုနှင့်ချစ်တို့ကို ရှာဖွေနေမိ၏။ ဘယ်ထွက်သွားကြပြီလဲ။ ချစ် အရွဲ့တိုက်ပြီး ကိုကို့ကို လက်ခံလိုက်ပြီလားပဲ ... သူ့စိတ်တွေ နာကျင်ကြေကွဲလာသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"ချစ်"

"ရှင်"

"မင်းမျက်ဝန်းတွေထဲမှာ ဘာဖြစ်လို့ မျက်ရည်တွေပြည့်နေတာလဲ"

"ဟင်"

သူမကိုယ်သူမပင် ဘာတွေ ဘယ်လိုဖြစ်နေမှန်း မသိတော့ဘူး။ ဆရာတို့ စေ့စပ်ပွဲပြီးမြောက်ကြောင်း ကြေငြာအပြီးတွင် ချစ် မရည်ရွယ်ဘဲနှင့် ခန်းမထဲကနေ ထထွက်လာခဲ့တော့ ... ကိုကို၏ နောက်မှလိုက်လာသည်။

"ချစ် တစ်နေရာရာကိုသွားမလား၊ အေးချမ်းတဲ့နေရာလေး တစ်ခုပေါ့"

"အင်း"





ချစ် လက်ခံလိုက်သည်။ အေးချမ်းတဲ့နေရာလေးတစ်ခုကို ချစ် ရောက်ချင်နေခဲ့တာ အမှန်ပါပဲ ... ရင်တွေပူနေတယ်။ အော်ဟစ် ငိုပစ်မိမတတ် နာကျင်လာရ၏။ ဆရာနဲ့ချစ် ထာဝရဝေးကွာသွားပြီပဲလေ။ ဆရာက တည်တည်ငြိမ်ငြိမ်နှင့် စေ့စပ်ပွဲကိုကျင်းပသွားနိုင်ပေမယ့် ချစ်က ငယ်ရွယ်တဲ့သူပါ။ ချစ်ကို ဆရာတို့က အသုံးချသွားတာလေ။

"ချစ်"

"ဟင်"

"ထိန့်ကြောင့်လား"

"အင်း ... အို"

"ကိုကို သိပါတယ်၊ သော်ရဲ့အသုံးချခံလေး မင်းဖြစ်သွားရတာကိုပါ"

"ရှင်"

ချစ် မော့ကြည့်မိသည်။ မျက်ရည်တွေက ပိတ်ကာဆီးထား၍ ဝေဝါးနေသည်။

"မေ့ပစ်လိုက်ပါတော့ ချစ်ရယ် ... မင်းလေးက အပြစ်မဲ့ပါတယ်၊ သူတို့ ဒီလိုအသုံးမချသင့်ပါဘူး"

"ကျွန်မ ရင်ဖွင့်ချင်တယ်"

"ပြောပါချစ်ရယ် ... မင်း ဘာတွေဖြစ်နေလဲ၊ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို နားထောင်ပေးမယ်"

"ဟင့်အင်း"

ကိုကိုက ချစ်ကို ချစ်နေတဲ့သူပဲ ... ဆရာက ကျွန်မအပေါ် သစ္စာမဲ့သွားခဲ့တာပါ။ ကိုကို့ကို ချစ်တယ်လို့ ကျွန်မ ပြောလို့မထွက်တော့ဘူး။ အချစ်တွေကို ကျွန်မနှလုံးသားထဲမှာ မြေမြှုပ်သင်္ဂြိုလ်လိုက်တာ အကောင်းဆုံးပါပဲလေ။

"ချစ်ရယ် ... ကိုကို နားလည်ပါတယ်၊ ချစ်က ငယ်ရွယ်တဲ့သူလေ၊ မင်းလေး ဘယ်လိုခံစားနေရမလဲ ... ကိုကို ဘာလုပ်ပေးရမလဲ၊ ပြောပါ"

"အဟင့် ... အဟင့်"

"မငိုပါနဲ့ ချစ်ရယ် ... ကိုကို ရှိပါသေးတယ်၊ ထိန်နဲ့သော်က မလွဲမသွေလက်ထပ်ကြရမှာပါ"

ထိန့်ဒက်ဒီရဲ့ အတင်းအကျပ် စီစဉ်ဆောင်ရွက်မှုကြောင့်ဆိုတာ ကိုကို ပြောပြချင်သည်။ ထိန့်ဒက်ဒီက အဆုတ်ကင်ဆာဖြစ်နေသည်။ ချစ်ကို သူလည်း အသိမပေးချင် ... ထိန့်အပေါ် ချစ် စွဲလန်းနှစ်သက်နေမှုကို တားဆီးချင်နေခဲ့သည်။

"ကျွန်မ အရမ်းဝမ်းနည်းတာပဲ ... ဘာဖြစ်လို့လဲ မသိဘူး၊ ဟန်တောင်မဆောင်နိုင်တော့ဘူး ကိုကိုရယ်"

ချစ်မှာ အားကိုးရာဆို၍ ကိုကိုပဲရှိနေသည်။ နှစ်သိမ့်ပေးမယ့်





သူတစ်ယောက် သူမအနားမှာရှိနေမှဖြစ်မယ်။ နှလုံးသားတွေ တစ်စ ဒီ ပွဲကြွေမတတ်ဘဲ ...

"မင်း ငိုလိုက်ပါ၊ အားပါးတရငိုပစ် ... ထိန့်ကို မေ့ပစ်လိုက်ပါလို့ ကိုကို မပြောရက်ဘူးကွာ"

ထိန်နဲ့သော်တို့ရဲ့ မာနပြိုင်ပွဲမှာ မေချစ်သူလေးက မြေဇာခင် ... ကိုကို သနားမိသည်။

"ချစ်လေး ... ချစ် ... မမီတဲ့ပန်းတစ်ပွင့်ကို တုန်းခုပြီးလည်း လှမ်းချင်ပါဘူး၊ ချစ်ကြောင့် ဘယ်သူ့ကိုမှလည်း ဝဋ်သိက္ခာမဲ့မှုတွေ မဖြစ်စေချင်ပါဘူး"

"ချစ်ရယ်"

လောလောဆယ်တော့ ကိုကို့ရင်ခွင်က အေးချမ်းသလိုပင်။ သူမ မျက်ရည်တွေနှင့် အိမ်ပြန်၍မဖြစ်သေးပေ ... မမကြီးက ရှိနေတယ်။ အပြုံးမျက်နှာလေးနှင့်ပဲ ပြန်ရမည်ဖြစ်သည်။

"ချစ် မငိုတော့ပါဘူး၊ မမကြီးကိုလည်း မမြင်စေချင်ပါဘူး၊ ချစ်ကြောင့် မမကြီး စိတ်ပူရတယ်"

သူမ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"ချစ် ဘာစားမလဲ၊ မင်း စေ့စပ်ပွဲမှာ ဘာမှမစားခဲ့ဘူးဆိုတာ ကိုသိတယ်"

"ဟုတ်သားပဲ ... အခုမှ ချစ် ဗိုက်ဆာလာတယ် ... သမင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း စားမယ်နော်"

ထမင်းပေါင်းက ဆရာကြိုက်တာပါ။ ထမင်းနှင့်အရွက်တွေ စားရတာ ဆရာ အနှစ်သက်ဆုံးဟုပြောပြသည်။ ချစ်က အသီး အရွက်တွေကို မကြိုက် ... အသားပဲကြိုက်တာပါ။ ဘာဖြစ်လို့များ ထမင်းပေါင်းစားမယ်ဟု ပြောမိရတာလဲ။ မသိစိတ်တွေက တကယ် ပါပဲ ...

"ချစ် ... မင်း ... အသီးအရွက်တွေကို ကြိုက်တယ်လား"

"ဟုတ်"

"ကိုကိုလည်း ထမင်းပေါင်းပဲစားတော့မယ်"

"ဟုတ်"

ကိုကိုက သူမကြိုက်တာကိုရှေးပြီး စားတာပဲဖြစ်နိုင်သည်။

"ကိုကိုရယ် ... ချစ်ကို ဘယ်လောက်ပဲအလိုလိုက် အကြိုက် ဆောင်နေပါစေ၊ ချစ် ဆရာကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပါ ဘူး"

ချစ် ရင်ထဲကနေ ပြောနေမိသည်။ ဆရာ့ကို ချစ် သတိရနေ ၏။ ရင်တွေ နာကျင်ရသည်။

"ချစ်ရယ် ... မင်းပျော်ရွှင်နေတာ ကိုကိုမြင်ချင်တယ်၊ မင်း ယုံပေးပါနော်"

ချစ်ကို ... သူ ပွေ့ဖက်၍ နှစ်သိမ့်ပေးနေမိသည်။ ချစ်ကို





ချစ်တယ်။ ကိုကို့အတွက် တားဆီးပိတ်ပင်မည့်သူက မရှိပေ ... ဘတွေ ကွယ်လွန်ကုန်ကြပြီဖြစ်၏ ... ချစ်လေးက ဖြူစင်တဲ့ ကောင်မလေးဖြစ်၍ သူ ပိုမိုချစ်မြတ်နိုးမိနေသည်။

"ကိုကို ပွဲလန့်တုန်းဖျာမခင်းရက်ပါဘူး၊ ချစ် အရမ်းခံစားနေ တဲ့အချိန်တွေမှာ အခွင့်အရေး မယူချင်ပါဘူးကွာ"

"ကျေးဇူးတင်ပါတယ် ကိုကိုရယ် ... ချစ်ကို စဉ်းစားခွင့်ပေး "

"အင်းလေ ... ကိုကိုက ချစ်ဆန္ဒတွေကို ဖြည့်ဆည်းပေးချင် တာပါ"

ညစာစားပြီး ချစ်တို့ရပ်ကွက်ထိပ်အထိ ကိုကိုက လိုက်ပို့ သည်။ သူမ ရယ်ရယ်မောမောနှင့် အိမ်လေးပေါ်တက်လာခဲ့၏။ မကြီးက စောင့်ကြိုနေသည်။

"ချစ်လေး ... နောက်ကျတယ်နော် ... မမကြီး စိတ်ပူနေ တာ"

"ဒီညက ဆရာနဲ့မမသော်တို့ စေ့စပ်ပွဲလေ၊ မမကြီးကို ပြော တာပဲဟာ"

"ဟုတ်သားပဲ ... အဆင်ပြေတယ်မဟုတ်လား"

"ပြေတယ် ... နှစ်ဖက်လုံးက အရမ်းချမ်းသာကြတော့လေ ကြီး ကျယ်ခန်းနားလိုက်တာ မမကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ညီမလေးကို အဲဒီလိုဖြစ်စေချင်တယ်"

"ဖြစ်အောင် လုပ်ပြရမလား"

"အမယ်လေး … သူ့ငွေးကိုတော့ စိတ်ကူးထဲတောင် မထည့်နဲ့နော် … အဆင့်ချင်းက ကွာခြားလွန်းတယ်၊ ညီမလေး ခံစားရမှာ"

"ဟွန်း"

ချစ် တဟားဟားအော်ဟစ်ရယ်မောရင်း … အိပ်ခန်းလေး ထဲ ပြေးဝင်လာခဲ့သည်။ အိပ်ရာလေးပေါ် လက်ကိုင်အိတ်လေးကို ပစ်ပေါက်တင်လိုက်၏။ အပြုံး … အရယ်တွေကို ချစ် မုန်းလိုက် တာ … မျက်ရည်တွေက ဘယ်ကနေဘယ်လို ပြည့်ပြည့်လာရတာ လဲ။

"ချစ်ရယ် … မငိုပါနဲ့ … ကိုကိုက သူတို့ထက်သာတဲ့ အ လေးတစ်ခု ချစ်ကိုပေးနိုင်ပါတယ်၊ ချစ် ယုံပေးပါ"

ကိုကို့စကားတွေကို ချစ် ယုံကြည်ပေမယ့် … လက်မခံချင် ဆရာ့ကိုပဲ ထာဝရချစ်နေချင်သည်။

"မရနိုင်ဘူးဆိုတာ ချစ်သိပါတယ် ဆရာရယ် … ဆရာ့ကို ချစ်နေမိပါတယ်"

အဝတ်အစားလဲပြီး အိပ်ရာထဲဝင်မိသည်။ ချစ် ငိုနေပြီ မမကြီးက ကော်ဖီလာပို့နေသေး၏။ ချစ် အိပ်ချင်နေတယ်။ ထား





ပါ။ ဓမ္မစပ်ပွဲမှာ အရမ်းပင်ပန်းနေသည်ဟု ပြောလိုက်သည်။

"ချစ်လေး ငိုချင်တယ်၊ မမကြီးစကားတွေကိုလည်း ချစ် နားမထောင်နိုင်တော့ပါဘူးနော်"

ချစ် တင်းထားသည်။ ချစ်ကို ရက်ရက်စက်စက်ပစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကိုမှ ဘာဖြစ်လို့များ လွမ်းမောတမ်းတပြီး မျက်ရည်ကျနေရတာလဲ။

"ဆရာ့ကို မုန်းတယ်၊ အရမ်းမုန်းတယ်၊ ရက်စက်တဲ့လူကြီး အိမ်ညာတယ်၊ လူကြီးလူကောင်း မပီသလိုက်တာ"

သူမ နာကျည်းစရာတွေပဲ တွေးနေမိသွားသည်။ သူမ အိပ်ပျော် အောင်ကြိုးစားရင်း အိပ်မက်ထဲမှာ ဆရာနှင့်တွေ့ချင်နေ၏။ သူမ အိပ်ပျော်ဖို့ကြိုးစားနေစဉ် ဖုန်းဝင်လာသည်။

"ဟင် … ဆရာပဲ"

"ဟဲလို … ဟဲလို … ချစ် … ချစ်လား၊ ဟော့ ချစ်"

"ရှင်"

"မင်း အိပ်ပြီလား"

"ဆရာ … အရက်တွေ အရမ်းသောက်ထားတယ်ထင် တယ်"

ဆရာ့အသံက အရက်မူးယစ်အသံကြီး ဖြစ်နေသည်။ ဆရာ သောက်နေတာလား။ အရက်တွေ အရမ်းသောက်ထားပုံပင် …



www.burmeseclassic.com

www.burmeseclassic.com



"ချစ်"

"ကျွန်မ အိပ်တော့မယ်"

"နေဦးကွာ … ကိုယ့်ဖုန်းကို ချမပစ်နဲ့နော် … မင်းကို မေး စရာရှိလို့"

"မေးပါ"

"မင်း ကိုကိုနဲ့ ဘယ်တွေသွားနေတာလဲ"

"အဟင်း … ဟင်း … အဟင်း"

"ဟေ့ ဘာရယ်တာလဲ၊ ကိုယ့်ကို လှောင်ပြောင်နေတာလား ချစ်"

"ဆရာက … အရမ်း ရယ်စရာတွေပြောတတ်တဲ့ လူတစ် ယောက်ပဲ … ဟား … ဟား … ဟား"

"ဘာကွ"

"ကိုကိုနဲ့ကျွန်မ ဘာတွေပဲဖြစ်ဖြစ် ဆရာနဲ့ဘာဆိုင်လို့လဲ ဟင်"

"ဆိုင်ဆိုင်မဆိုင်ဆိုင်ကွာ … ငါမှ လက်မထပ်ရသေးတာ မင်းကို မစွန့်လွှတ်နိုင်ဘူး"

"ဘုရားရေ … "

"မင်း အရမ်းမာကျောနေပြီလား၊ မခံစားရဘူးလား ချစ်"

"ဟင့်အင်း"





"ဘာကွ … "

"ဆရာ အရမ်းမူးနေပြီထင်တယ်၊ ကျွန်မကို ဆက်ဒုက္ခမပေး ပါနဲ့တော့ … ကျွန်မက မြေဇာပင်ပါ၊ ဘာအပြစ်မှ မကျူးလွန်ခဲ့ရပါ ဘူး"

"ချစ် … မင်းကို ချစ်တယ်၊ ကိုယ် အရမ်းချစ်တယ်၊ ချစ် တယ် … ကိုယ် မစွန့်လွှတ်နိုင်ဘူး၊ ကိုယ် လွမ်းတယ်"

"တော်ပါပြီ ဆရာ … မမသော်နဲ့ပဲ လူကြီးလူကောင်းပီပီ သသ လက်ထပ်ပါနော် … ချစ် ပင်ပန်းတယ်၊ အိပ်ချင်ပြီ"

"ချစ် … "

"သေချင်လိုက်တာ"

"ကိုကိုနဲ့ လက်မထပ်ပါနဲ့ … ကိုယ် တောင်းပန်ပါတယ်၊ အနူးအညွတ်ပါ"

ဆရာ မူးနေသည်။ စကားသံတွေပင် မပီသတော့ … သူ့မ စိတ်ပူမိ၏။ ဒါပေမဲ့လည်း ဆရာ မလွှဲမသွေလက်ထပ်ရမှာက မမ သော်ပဲဖြစ်သည်။

"ဆရာ … ကျွန်မဆီ ဖုန်းမဆက်ပါနဲ့တော့ … မေ့ပစ်လိုက်ပါ။ ဆရာနဲ့မမသော်တို့ပဲ အလိုက်ဖက်ဆုံးပါ … ကျေးဇူးပြုပြီး ချစ်ကို သပ်ပြီးမနှောင့်ယှက်ပါနဲ့"

ဆရာ့အသံက တိတ်သွားသည်။ ကြမ်းပြင်ပေါ် ဖုန်းမြိုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သံ ကြားနေရ၏။ သူမ ဘာလုပ်ရမလဲ။ အမှူးပြေရင် ဆရာက ချစ်ကို မသိချင်ယောင်ဆောင်နေဦးမှာပဲ မဟုတ်လား ... သူမ မျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေ စီးကျနေသည်။

"ဆရာ့ကိုလည်း ကျွန်မ ချစ်နေဆဲပါပဲ ... ဆရာ့ကို လက်လွှတ်ဆုံးရှုံးရမှာ ကျွန်မ အရမ်းကြောက်နေတယ်၊ စောင့်နေချင်သေးတယ်"

သူမ ဘယ်လိုမှတားဆီးမရတော့ ... မျက်ရည်တွေက သူ့မျက်ဝန်းတွေထဲမှာ ပြည့်နှက်နေသည် ... မမကြီးဝင်လာလည်း မတတ်နိုင်တော့ဘူး။ ငိုပစ်သည်။

"ဆရာရယ် ... ချစ်က ငယ်ရွယ်နုနယ်တဲ့နှလုံးသားတွေကို ပိုင်ဆိုင်ထားပါတယ်၊ ယောကျ်ားလေးတစ်ယောက်နဲ့ နီးနီးကပ်ကပ်နေထိုင်ခဲ့ဖူးတာ ဆရာဗာစ်ယောက်ထဲပါ၊ ကျွန်မရဲ့ အချစ်ဦးလေ"

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းလာသည်။ ကြိတ်ပြီးငိုရှိုက်နေရတာ ... ချစ် ဘယ်လောက်အထိ မွန်းကြပ်နာကျင်ရလဲ။ ဆရာ့ကို စိတ်ပူတာကတစ်မျိုး ... ချစ်မိနေတာက တစ်မျိုးနဲ့လေ။ ချစ် ငိုပစ်သည်။

■■■

အခန်း ( ၁၀ )

သူမစိတ်တွေကို ပြုပြင်ရမယ် ... တွေဝေငေးငိုင်နေလျှင် ဝတ်ဝန်းကျင်က တစ်မျိုးထင်နိုင်သည်။ ချစ် တက်တက်ကြွကြွပင် ကုမ္ပဏီကို ရောက်လာ၏။ သူမကတော့ ထုံးစံအတိုင်း ရှုပ်ပလာရှုပ်ပလာနှင့် ဝင်လာခဲ့ကာ ... ဓာတ်လှေကားထဲ ဝင်လာသည်။

"အမေ့"

"ဟင်"

"ဆရာ"

"ချစ်"

ချစ်ကို တွေ့လိုက်သည်နှင့် ဆရာက ရုတ်တရက် ကြောင်ငေးကြည့်နေရင်း အသိတွေဝင်လာသည်နှင့် ချစ်ကို ဝမ်းသာပျော်ရွှင်သွားပြီး သိမ်းကြုံးဖက်ထားမိ၏။ ချစ်လည်း ငြိမ်နေပြီးမှ အသိဝင်လာကာ ရုန်းဖယ်မိသည်။

www.burmeseclassic.com



"ဆရာ ... ဘာလုပ်တာလဲ၊ လွှတ်ပါ ... မဖြစ်သင့်ပါဘူး အဲဒီလိုမလုပ်ပါနဲ့"

"ချစ်"

"ဟင်"

"ကိုယ် ဘာလုပ်ရမလဲ၊ ကိုယ့်ဒက်ဒီက လူ့လောကကြီးထဲ... နေ ထွက်သွားဖို့ နောက်ဆုံးအချိန်တွေ ရောက်နေပြီလေ"

"ဆရာ့ကို ချစ် နားလည်ပါတယ်၊ လုပ်သင့်တာပါ ... ဆ... မမသော်နဲ့လက်ထပ်ပါ"

"မင်းက ကိုယ့်ကို အတင်းအကျပ်လက်ထပ်ခိုင်းနေ... မင်း ကိုကို့ကို လက်ထပ်မလို့လား ချစ်"

ချစ် နှုတ်ခမ်းလေးတွန့်မဲ့ ကွေးကောက်ပြုံးပစ်သည်။

"ပြောလေ"

"ဆရာနဲ့မဆိုင်တော့ဘူးလို့ပဲ သတ်မှတ်လိုက်ပါ၊ ချစ်... အတွက်လေ"

"ကိုယ်"

ထိန် ဆက်မပြောရဲတော့ ... သူကိုယ်တိုင် သော်နှင့် ... မသွေလက်ထပ်ရတော့မှာပဲ ဖြစ်သည်။ ချစ် ရွေးချယ်ပါစေ... အမြဲတမ်း ချစ်အပေါ် မတရားလုပ်ခဲ့မိ၏။ ချစ်ကို လွှတ်ပေးဖို့... သူ့စိတ်က တွန့်ဆုတ်နေသည်။





"ကိုယ် တာဝန်မယူနိုင်ဘူး၊ ချစ်သူအပေါ် ကိုယ် ရက်စက်ခဲ့တယ်၊ ကိုယ် ယောကျ်ားမပီသဘူး၊ ချစ်ရယ် ... "

ဓာတ်လှေကားထဲမှာ သူတို့နှစ်ယောက်ထဲ ရှိနေသည်။ သူ့စိတ်တွေ ရူးသွပ်နေ၏။ ချစ်ကို မလွှတ်ချင် ... အနမ်းမိုးလေး ရွာသွန်းဖြိုးတော့ ... ချစ်က မျက်နှာလေးကို ဘယ်ညာယိမ်းခါပစ်သည်။

"ဆရာ ... အဲဒီလိုမလုပ်ပါနဲ့နော် ... ချစ် တောင်းပန်ပါတယ်၊ အနူးအညွှတ်တောင်းပန်တာပါ၊ တော်ကြာ သူများတွေ တွေ့သွားရင် ချစ်ပဲ အရှက်တကွဲဖြစ်ရမှာပါ"

"ကိုယ် ချစ်ကို ဘယ်သူနဲ့မှ လက်မထပ်စေချင်သေးဘူး၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်လေ ... သော်နဲ့ တရားဝင် အကြင်သင့်မယားအဖြစ် လက်မထပ်ရသေးဘူးလေ"

"ဆရာ ... အသိတရားရှိပါဦး ... ချစ်အတွက် နည်းနည်းလေးမှ ထောက်ထားငဲ့ညှာမှု မရှိတော့ဘူးလား"

"မသိဘူးကွာ ... မတတ်နိုင်ဘူး၊ ကိုယ့်ကံကြမ္မာပဲ ... ကိုယ့်စကားကို မင်း နားထောင်ရမယ် ချစ် ... မျှော်လင့်ချက်တွေနဲ့ ကိုယ် အသက်ရှင်ရဦးမယ်"

"ချစ်ကို လွှတ်ပါ၊ အဓိပ္ပာယ်မရှိတာတွေ ဆက်မလုပ်စေချင်ပါဘူး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကိုကြည့်ရတာ အရင်ကနှင့် လုံးဝမတူတော့ပေ ... ညှင်းသိုးမှိုင်းဝေနေသည်။ ချစ် ဘယ်လိုလုပ်ရမလဲ။ ဆရာနှင့် အတူတူတွဲပြီး ဓာတ်လှေကားထဲကနေ ထွက်လာလို့မဖြစ်ပါဘူး။ ဆရာ့ရင်ခွင်ထဲကနေ သူမ ရုန်းထွက်သည်။

"ဓာတ်လှေကားထဲကနေ ချစ် ထွက်ပါရစေ ... တော်ကြာ မမသော် ရောက်လာရင် ... ရုံးချိန်လည်းနောက်ကျနေပါပြီ ဆရာ"

ချစ် ငိုမဲ့မဲ့လေးနှင့် တောင်းပန်ပြောမှ သူ အသိတွေဝင်လာသည်။ ချစ်ကို လွှတ်ပေးလိုက်၏။ ချစ်က ပြန်ထွက်ပြီး လှေကားတွေအတိုင်း အပေါ်ကိုတက်သွားသည်။ လွှတ်ထွက်နေတဲ့သူ့စိတ်တွေကို ထိန်းချုပ်လိုက်ပြီး ဓာတ်လှေကားနှင့် အပေါ်တက်လာခဲ့၏။ သူ့ကုမ္ပဏီရုံးထဲဝင်လာတော့ သော် ရောက်နေသည်။

"ထိန်"

"ဟင် သော်"

"ထိန် ... ညက အရက်တွေ အလွန်အကျွံသောက်တယ်ဆို"

"ကိုယ် ပျော်လို့ပါ"

"ထိန်ရယ် ... မနောက်ပါနဲ့ ... ရှင် ဘာတွေဖြစ်နေလဲ၊ သော် သိပါတယ်နော်"

"သိရင်လည်း မင်း ဘာဖြစ်လို့မေးနေရတာလဲ၊ မင်းသိတာပဲ ကိုယ် မိန်းမတစ်ယောက်ကို လက်မထပ်ချင်ဘူး"





"မေချစ်သူဆိုရင်ရော"

"ဘာပြောတယ်ကွ"

သူ ... ဝုန်းခနဲ ထရပ်လိုက်တော့ ... သော်က အပြုံးမပျက် သူ့ကို အမြဲတမ်းနာကျင်အောင် ထိုးနှက်တော့မည့် ဆင်ရိုင်းတစ်ကောင်ရဲ့ မျက်ဝန်းတွေ ... မင်းအမေ မျက်လုံးအတိုင်းပဲ ... ဒါ ဘယ်တော့မှ မနှစ်သက်ခဲ့ဘူး။ မုန်းတီးနေတာကွ ...

"ရှင်က လူကြီးလူကောင်းတစ်ယောက်ပဲ ... ဒေါသကို ထိန်းချုပ်စမ်းပါ၊ ပြန်ထိုင်ပါဦး မောင်ရယ် ... ဒီမှာ ဓာတ်ပုံတွေကြည့်ရအောင်ပါ"

သူ ...

ပြန်ထိုင်သည်။

သော်နဲ့သူက လူကြီးချင်း တရားဝင်စေ့စပ်ထားကြသူတွေ ဖြစ်သည်။

"ဒီမှာ ... သော်တို့ စေ့စပ်ပွဲကဓာတ်ပုံတွေလေ"

သူ လုံးဝမကြည့်ချင်၊ ခါးသည်းမုန်းတီးနေသည်။ မောင်တဲ့ မင်းကပိုင်စိုးပိုင်နင်းပါလား။ ချစ်ကြားသွားမှာ ကြောက်မိ၏။ သူ တားဆီးခြင်း မပြုနိုင် ...

"မေချစ်သူကတော့ တကယ်ချောတာပဲ ... ကြည့်ပါဦး ... ကိုကိုနဲ့ လိုက်ဖက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

"ဟင် ... မောင်"

"မင်းရဲ့ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေကို ရပ်တန်းကနေ ရပ်လိုက်ပါ သော် ... ကိုယ် လုံးဝသည်းမခံနိုင်တော့ဘူး၊ မင်းရဲ့ ထိုးနှက်ချက်က ကိုယ်တို့လက်ထပ်ပွဲ ကိုပါ ထိခိုက်သွားနိုင်တယ်နော်"

"မောင် ဘာဖြစ်နေတာလဲ၊ သော်က စကားအဖြစ်ပြောတာပါ ... မချစ်သူလို နိမ့်ကျတဲ့ကောင်မလေးမျိုး မောင် သုံးစားပါမလား"

သူ ဆက်မပြောလိုတော့ ... သော်က ကြောက်စရာကောင်းလွန်းတဲ့မိန်းမ ဖြစ်သည်။ ဓာတ်ပုံတွေကို သော်က တစ်ခုစီ သူ့နေရာနှင့်သူ ရှေ့မှာဖြန့်ပြနေ၏။ ချစ်နဲ့ကိုကို ... တရင်းတနှီး ရယ်မောနေပုံက သူ့ကိုခြောက်လှန့်နေသည်။

"မောင့်ဒက်ဒီကပြောတယ်၊ သူကိုယ်တိုင် နိမ့်ကျတဲ့မိန်းမတစ်ယောက်ကို လက်ထပ်မိလို့ အရှက်တကွဲဖြစ်ရတာတဲ့ ... သော်က နဝိုထဲက မြင်ဖူးတွေ့ဖူးပြီးသားလေ"

"တော်ပါတော့ သော် ... ကိုယ် တောင်းဆိုတာပါ ... မချစ်သူကို မတိုက်ခိုက်ပါနဲ့"

"ပြောပြတာပါ မောင် ... ဒီတစ်ခါ သော် ထပ်အရှက်ကွဲရင် မေမေက သည်းခံနေမှာမဟုတ်တော့ဘူး ... သော့်မေမေ





အကြောင်း မောင် သိပါတယ်ကွာ"

သူ ငြိမ်သက်နေမိသည်။ သော့်မေမေက သူ့ကို ထောင်ထဲပို့မှာ အသေအချာပင် ... ဒက်ဒီကလည်း ကျန်းမာရေးမှမကောင်းတာဘဲ ... သူ့စိတ်တွေကို လျှော့ပစ်ရသည်။

"မောင်ရယ် ... သော့်မှာ ဘာတွေများ အပြစ်အနာအဆာတွေ ရှိနေလို့လဲ၊ မောင့်ကို ငယ်ငယ်တုန်းထဲက သော် ချစ်ခဲ့ရတာပါနော်"

သော့်ရင်ထဲကနေ အမှန်တကယ်ပဲ ပြောချင်နေခဲ့သည်။ မောင်နှင့်သော်က ငယ်ငယ်လေးထဲက မိတ်ဆွေတွေအဖြစ် အတူတူကြီးပြင်းခဲ့ကြရ၏။ မောင်ကတော့ အမြဲတမ်း တင်းတင်းတည်တည်နှင့် သော်တို့သားအမိအား အရောမဝင်ခဲ့ပေ ... ထိုအချိန်ထဲက လမင်းထိန်ကို သော် အရယူပြမယ်ဟု စိတ်ထဲမှာ ကြိမ်းဝါးထားမိသည်။

"လက်ထပ်ပွဲအတွက် ... မေမေ စီစဉ်နေပြီ ... မောင်က အိမ်ထောင်ရေးမှာ မဖောက်မပြန် တည်မြဲနေစေချင်တာ မဟုတ်လား၊ သော်ကတော့ မောင့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ မောင့်မာမီက မောင့်မာမီပါ"

"သော် ... မင်း ဘာတွေပြောနေတာလဲ၊ ကိုယ် မကြားချင်ဘူး၊ မင်းထွက်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိန် … ရှင်က ကျွန်မကို ဘာဖြစ်လို့မောင်းထုတ်နေရတာလဲ။ ရှင်ချစ်နေတာ မေချစ်သူဆိုတာ … သော်. သိနေပါတယ်။ ဘာ မဟုတ်တဲ့မိန်းမကိုများ … ရှင့်ကို မေချစ်သူနဲ့လက်ထပ်စေပြီး ရှင့်ဘဝတစ်ခုလုံး စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်ချင်တာ။

"သော်သွားတော့မယ် မောင် … ခံစားမှုတွေကို ရှေ့တန်းမတင်စမ်းပါနဲ့ … ဘဝတစ်သက်တာလုံး စိတ်သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းသွားရလိမ့်မယ်"

သူမ ထသွားသည်။ ထိန် ဒေါသတွေပေါက်ကွဲနေရ၏။ ဘယ်လိုလုပ်ရမလဲ။ သော်တို့သားအမိရဲ့ထောင်ချောက်ထဲ သူတို့သားအဖ ဝင်ရောက်သွားရပြီဖြစ်သည်။ သူ့စိတ်တွေ မတည်ငြိမ်တော့ … သော် အရှက်ကင်းမဲ့စွာ ကုမ္ပဏီဝန်ထမ်းတွေကို ဓာတ်ပုံတွေလိုက်ပြနေပြီဖြစ်သည်။

"ဒက်ဒီ … သား ဘာဆက်လုပ်ရတော့မလဲ၊ ဘဝတစ်ခုလုံးသေပြီ၊ သော့်လိုမိန်းမတစ်ယောက်နဲ့ သား ဘယ်လို မိသားစုဘဝကို တည်ဆောက်နိုင်မလဲ"

သူ … စောစောစီးစီးပင် ကုမ္ပဏီမှ ပြန်လာခဲ့သည်။ ဒက်ဒီက သိသိသာသာကြီး ပိန်ချုံးကျသွား၏ … ချောင်းတွေလည်း တဟွတ်ဟွတ်ဆိုးနေသည်။

"အဟွတ် … "





"အဟွတ် … ဟွတ်"

"ဒက်ဒီ"

"သား"

"ဆေးရုံးတက်ဖို့ လိုအပ်မယ်ထင်တယ် … နိုင်ငံခြားမှာ ဆေးကုသသင့်တယ် ဒက်ဒီ"

"မလိုပါဘူး၊ ဒက်ဒီကုပြီးပါပြီ … မရနိုင်တော့ဘူး၊ ဒက်ဒီ့ရဲ့နောက်ဆုံးအချိန်တွေကို ဒီမှာပဲဖြတ်သန်းပါရစေ"

သားထိန်ကို မိမိ သနားနေမိသည်။ မိမိအပြစ်တွေပါ။ သားမာမီမှာ အပြစ်မရှိဘူးဆိုတာ ဒက်ဒီ ဘယ်လိုထုတ်ဖော်ပြောပြရမလဲ။ တကယ်တော့ ဒက်ဒီက တရားခံပဲ …

"သားရယ် … ဒက်ဒီက ဖောက်ပြန်ခဲ့တာပါ၊ မင်းမာမီကို ဒက်ဒီက အပြစ်ရှာပြီး မောင်းထုတ်ပစ်ခဲ့တာပါ၊ အဲဒါကလည်း သော့်မေမေရဲ့ ဖိအားပေးမှုတွေကြောင့်ပါ"

အတိတ်ကဖြစ်ရပ်အမှန်ကို သား မသိခဲ့ … သားမာမီ့အပေါ် မိမိအပြစ်တွေ ပုံချပစ်ခဲ့သည်။

"မင်းမာမီက ဖောက်ပြန်တဲ့မိန်းမပဲ … မင်းကိုပစ်ထားခဲ့ပြီး နောက်ယောကျ်ားနောက် လိုက်သွားလို့ … ဒက်ဒီ အရှက်တကွဲနဲ့ ကျန်ခဲ့ရတယ်လေ"

တကယ်တမ်းကျတော့ မိမိက သော့်မေမေနဲ့ဖောက်ပြန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ပတ်ဝန်းကျင်မှာ ... ဟန်မပျက်နေရင်း တိတ်တိတ်ပုန်း ကြိတ်၍ရှုပ်နေကြသည်။

"ဒက်ဒီ ... ကျန်းမာရေးပဲ ဂရုစိုက်ပါနော် ... ဒက်ဒီ့ကို စိတ်ချမ်းသာစေချင်ပါတယ်၊ သော်နဲ့လည်း မကြာခင် လက်ထပ်ကြမယ်၊ စီစဉ်နေပြီလေ၊ ဒက်ဒီ မြင်ချင်တယ်မဟုတ်လား"

ဒက်ဒီ့လက်လေးကို သူ ဆုပ်ကိုင်၍ အားပေးနှစ်သိမ့်နေမိသည်။ ထိန့်ဘဝမှာ သံယောဇဉ်အတွယ်တာရဆုံး ... ဒက်ဒီ့မှာ မာမီ စွန့်ပစ်ထားခဲ့ပြီးထဲက သူ့ကို နောက်အိမ်ထောင်ပင်မပြုဘဲ စောင့်ရှောက်ခဲ့သည်။

"ဒက်ဒီက တာဝန်ကျေခဲ့ပါတယ်၊ အရွယ်ကောင်းအချိန်မှာတောင် သားအတွက် ဒက်ဒီ နောက်အိမ်ထောင်မပြုဘဲ စောင့်ရှောက်လာခဲ့တာပါ၊ သား မှားပါတယ်၊ ဒက်ဒီလက်ထပ်စေချင်တဲ့ မိန်းမကို ငြင်းပယ်ခဲ့မိတာ ... တောင်းပန်ပါတယ် ဒက်ဒီ"

"သားရယ် ..."

ဒက်ဒီ မခံစားနိုင်တော့ဘူးကွာ ... မင်း သိထားတာတွေက အမှားတွေပဲ ... မင်း ခင်သော်ကနဲ့လက်ထပ်ရတာ ဒက်ဒီ ဘယ်လိုမှ စိတ်မချနိုင်ဘူး။ သော့်မေမေက သားကို ကောင်းကောင်းနှိပ်ကွပ်တော့မယ်ဆိုတာ ဒက်ဒီသိနေလို့ပဲ ... ဒက်ဒီ ... သားအပေါ် လုံးဝ တာဝန်မကျေခဲ့ပါဘူး။ သော့်မေမေနဲ့ ကြိတ်ပြီးဖောက်ပြန်နေခဲ့တာ





ပါ။ သား အမွေပစ္စည်းတစ်ဝက်ကိုလည်း သော့်မေမေက လက်ဝါးကြီးအုပ်သွားခဲ့ပါတယ်။ သားရယ် ... ဒက်ဒီ ဖွင့်ပြောလို့မရတော့ဘူး။ သားထိန်က ငယ်စဉ်လေးထဲက မိခင်အတွက် နာကျင်ခဲ့ရသူဖြစ်သည်။

"ဒက်ဒီ ဘာမှမဖြစ်နိုင်သေးပါဘူး၊ အကောင်းဆုံးဆေးဝါးတွေနဲ့ ကုသခဲ့တာပဲ ... သားကို ပျော်ရွှင်စေချင်တယ်"

"စိတ်မပူပါနဲ့ ဒက်ဒီ ... သား ပျော်ပါတယ်၊ သော့်အမေကလည်း သားငယ်ငယ်လေးထဲက အတူတူနေထိုင်ခဲ့ရလို့ မိခင်တစ်ယောက်လို ဖြစ်နေပါပြီ"

မင်း လိမ်ညာဟန်ဆောင်နေတာပဲ ... သားရယ် ... မင်းသော်တို့သားအမိကို သဘောမကျဘူးဆိုတာ ဒက်ဒီအသိဆုံးပါ။ မာနကြီးပြီး မောက်မာတဲ့မိန်းမတစ်ယောက် ဖြစ်နေလို့လေ။ သူငယ်ချင်းရဲ့ယောကျ်ားကိုတောင် ပေါ်တင်ကြီးလုယူပစ်တဲ့မိန်းမဆိုတာ မင်း သိသွားရင် ဘယ်လောက်အထိ ရွံရှာမုန်းတီးနေလိုက်မလဲ။ သားအတွက် အမြဲတမ်းနာကျင်နေရသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

သော်တို့သားအမိ ရောက်လာသဖြင့် ဒက်ဒီရှေ့မှာ ထိန် ပြာပြာသလဲနှင့် အံရေးတယူဆီးကြိုမိသည်။

"အန်တီနဲ့သော်တို့ ရောက်လာတာအတော်ပဲ ... ဒီညစာ အတူတူစားကြတာပေါ့၊ ထိန်နဲ့ဒက်ဒီ နှစ်ယောက်ထဲ ပျင်းနေကြတာ ပါ"

သော့်မေမေမျက်နှာပေါ်တွင် တင်းမာခက်ထန်မှုတွေပဲ လွှမ်းနေသည်။

"မင်းဒက်ဒီရော နေကောင်းလား လမင်းထိန်"

လမင်းထိန်တဲ့ သူ့နာမည်ခေါ်တာကိုက အထက်စည်းက ဒီမိန်းမကြီးကို သူ ဘယ်တုန်းကမှကြည့်မရခဲ့ ... ယခင်က အဖက် မလုပ်သလို သူ နေထိုင်ခဲ့သည်။ အခုတော့ ... ဒက်ဒီကြောင့်ပါ။ ဧည့်ခန်းဆီ သူကိုယ်တိုင် တရိုတသေကြိုဆိုလာခဲ့ရသည်။





"ဒက်ဒီ့ကို သွားခေါ်လိုက်ပါ့မယ်"

"ရတယ် ... အန်တီတက်သွားမယ်၊ မင်း သမီးနဲ့စကားပြော နေကြဦး"

ဒေါ်ပွင့်ပွင့်ကိုယ်တိုင် ... အပေါ်ထပ်သို့ တက်လာခဲ့သည်။ လမင်းထိန်ကို မယုံဘူး။ ဒီကောင်လေးက သမီးကိုမချစ်မနှစ်သက် ဘူးဆိုတာလည်း မိမိ သိနေ၏။ အရင်က မာနတကြီးဆက်ဆံနေခဲ့ သည်။

"ပွင့်ဆိုတဲ့မိန်းမအကြောင်း မင်း ကောင်းကောင်းသိစေရ မယ် လမင်းထိန် ... ငါ့သမီးလေးကိုမှား မင်းက ငြင်းဆန်ရတယ် လို့"

ဒေါ်ပွင့်ပွင့် ဒေါသတကြီးနှင့် ဦးသီဟအခန်းထဲ ဝင်လာခဲ့ သည်။

"ဟင် ... ပွင့် ... "

"ရှင်နေကောင်းရဲ့လား ကိုသီဟ"

"ဒီလိုပါပဲ ပွင့်ရယ် ... ကိုယ်နေရမယ့်အချိန်တွေက သိပ်မရှိ တော့ဘူးထင်ပါရဲ့ ... သားနဲ့သမီးလက်ထပ်ပွဲကို မင်းစီစဉ်နေပြီ မဟုတ်လား"

"လက်ထပ်ပွဲက ... သိပ်အရေးမကြီးပါဘူး ကိုသီဟ ... ရှင့်ကုမ္ပဏီကို ကျွန်မသမီးနာမည်နဲ့လွှဲပေးဖို့က အရေးကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

ပွင့် … မင်း လောဘတွေအရမ်းကြီးနေပြီပဲ … ငါ ပေးသင့်သလောက် ပေးထားပြီးပြီလေ။ သားလုပ်ကိုင်နေတဲ့ကုမ္ပဏီက မိမိနာမည်နှင့်ဖြစ်နေသည်။ သားကိုလွှဲပြောင်းပေးဖို့ စီစဉ်တာ … သားက လက်မခံပေ … ဒက်ဒီ အသက်ရှင်နေသမျှကာလပတ်လုံး ဒက်ဒီနာမည်နဲ့ပဲ ရှိနေပါစေတဲ့ … ပွင့်က အပိုင်သိမ်းပိုက်တော့မယ်။

"ကိုသီဟသား ထိန်က ပွင့်သမီးကိုမချစ်ဘူး၊ ရှင် မရှိတော့ ရှင် ရက်စက်မှာ"

"ပွင့်ရယ် … ကိုယ့်သားက အဲဒီလောက်အထိ အသိဉာဏ်မကောင်းမဲ့ပါဘူး"

"ရှင့်သားနဲ့စာရေးမက ငြိနေကြတယ်လေ၊ ရှင်သိလား။ အဲဒီအောက်တန်းစားမကိုပဲ အရူးအမူးစွဲလန်းနေတာ"

"ဘာပြောတယ် ပွင့်"

"မေချစ်သူဆိုတဲ့ကောင်မလေးနဲ့ ငြိနေတယ် … ကုမ္ပဏီဝန်ထမ်းတွေကြားမှာ အပြောများနေပြီရှင့် … ကျွန်မသမီးကို စွန့်ပစ်ထားခဲ့မှာ အသေအချာပဲ"

မင်းလိုပေ့ါ ပွင့် … သူငယ်ချင်းရဲ့ယောက်ျားကိုတောင် မင်း မြူဆွယ်ဖြားယောင်းခဲ့တယ်။ မင်းကို ခင်မင်ယုံကြည်ခဲ့တဲ့ ငါ့ဇနီးကို ငါ့အနားကနေ မင်း ဖယ်ရှားပစ်ခဲ့တာပဲ … မင်း ဝဋ်လည်မှာ အရင်





ကြောက်နေပြီထင်တယ်။ ထိုကိစ္စတွေကို သားက မသိပေ …

"မဖြစ်ဘူး ကိုသီဟ … ရှင့်သားကို မယုံဘူး။ လက်ဖွဲ့အဖြစ် ကုမ္ပဏီကို ကျွန်မသမီးနာမည်နဲ့ လွှဲပေးပါ၊ ရှင် သတ္တိမရှိဘူးဆိုရင် ကျွန်မ အခြေအနေအမှန်တွေကို ဖွင့်ပြောပြရမှာပဲ"

"ပွင့် … မင်း … မင်း … ဘာဖြစ်လို့ လောဘတွေတက်နေရတာလဲ၊ ကိုယ့်သားက မင်းထင်သလောက် အောက်တန်းမကျဘူး"

"ဒါက ရှင်ပြောတာပဲ … ကျွန်မသမီးလေးအပေါ် အမြဲတမ်း မာမာထန်ထန်နဲ့ ရန်သူလိုဆက်ဆံနေခဲ့တာလေ၊ အခုတောင် ရှင်သေတော့မှာမို့ လက်ခံတာ … ရှင့်သားက ကျွန်မကို မိထွေးလို့မြင်နေတာပါ"

"ပွင့် … တော်ပါတော့ကွာ … ကိုယ် တောင်းပန်ပါတယ်၊ အား … အောင့်လာပြီ၊ တော်ပါတော့ ပွင့် … အား … ကျွတ် … ကျွတ်"

အောင့်ချင်သလောက်အောင့်လေ … ရှင်က ပွင့်ကို ဘယ်လောက်များပေးခဲ့လို့လဲ။ မယားကြီးမှမယားကြီး … ရှင် ပေးကမ်းထောက်ပံ့ဖို့ ကြံစည်နေတာပဲ … ရှင့်မယားကြီးက လုံးဝ အဆက်အသွယ်မလုပ်လို့ မဟုတ်လား။ ပွင့်က ကိုသီဟပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေအားလုံး အပိုင်ချိုင်ဖို့ကြံစည်တာ … မအောင်မြင်ခဲ့ဘူး

"ရှင့်သားကိုပဲ အားလုံးကြိတ်ပေးထားခဲ့တာ ပွင့်သိတယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သေတာနဲ့ ... ရှင့်သားနာမည်တွေနဲ့ ဖြစ်စေဖို့ ... ရှင် ကြိုတင်စီစဉ်ထားပြီးပြီပဲ"

"အဟွတ် ... ဟွတ် ... အဟွတ် ... တော်ပါတော့ကွာ ... ငါ အရမ်းမောလာပြီ၊ မင်း ထွက်သွားပါတော့"

"မရဘူး၊ ပွင့်ပြောတာကို သဘောတူပါ၊ ပွင့်ကတော့ ဘယ်သူမှ အားနာနေမှာမဟုတ်ဘူးနော် ... လူသိရှင်ကြား ဖွင့်ပြောမှာပဲ ရှင် လူလည်ကြီး ... ကျွန်မကို ဘယ်တော့မှ တရားဝင်လက်မထပ်ဘူး၊ အမြှောင်မယားအဖြစ်ပဲ ထားတာ ... ပွင့် ထိနိုက်နစ်နာရတယ်"

ဦးသီဟ နှောင်တတွေအကြီးအကျယ်ရနေမိသည်။ ပွင့် ... မင်းက မိန်းမလည်မပါ။ ငါတို့မိသားစုကို ပြိုကွဲအောင် မင်း ကြံစည်ခဲ့တာပဲ ... ငါ ဘာမှ မင်းကိုထပ်မပေးနိုင်တော့ဘူးကွ ... လုပ်ချင်တာ လုပ်လေ ...

"ရှင် ရူးချင်ယောင်ဆောင်မနေစမ်းပါနဲ့ ကိုသီဟ ... ကျွန်မ ရှေ့မှာ မောပြမနေနဲ့ ... ရှင်သေသွားရင် ပိုပြီးတော့တောင် ပြဿနာက ရှုပ်ထွေးသွားမှာနော် ... အခု ကျွန်မတောင်းဆိုတာက တရားမျှတပါတယ်"

"မင်း ... မင်း ... အား"

မိမိ စကားပင်မပြောနိုင်တော့ ... အမောတွေ ဖောက်လာ





သည်။ ပွင့်ကို မျက်လုံးပြူကြီးတွေနှင့် ဒေါသတကြီးကြည့်မိနေ၏။ လောဘတက်လွန်းတဲ့မိန်းမ ... မောက်မားထောင်လွှားလွန်းသည်။ သားအမေအပေါ် ဒက်ဒီ မတရားလုပ်ခဲ့တာတွေ ... မိမိ ပြန်၍ခံစားနေရ၏။ မိမိ အလျှော့မပေးနိုင် ... လုပ်ချင်တာလုပ်တော့။ ရှေ့နေကြီးတွေနှင့်တိုင်ပင်၍ သားအတွက် လုပ်ထားပေးပြီးသားဖြစ်သည်။

"အဟွတ် ... အဟွတ်"

"အဟွတ် ... "

သားက အပေါ်ထပ်သို့တက်လာသည်။

"ဟင် ... ဒက်ဒီ ... ချောင်းတွေဆိုးနေပါလား၊ သားက ညစာစားဖို့ လာခေါ်တာ"

"အဟွတ် ... ဒက်ဒီ မစားတော့ဘူး၊ ပွင့်ကိုပဲ ခေါ်သွားတော့ အဟွတ်"

"ဒက်ဒီ မောနေလား။ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မယ်နော်"

"ရတယ် ... ဒက်ဒီ ဘာမှမဖြစ်ဘူး၊ သွားကြတော့"

"အေးကွယ့် ... အန်တီလည်း မင်းကိုဆင်းခေါ်တော့မလို့ ကိုသီဟ ရဲ့လားဟင် ... မဖြစ်ပါဘူး၊ ဆရာဝန်ခေါ်မှပါ၊ ရှင် ပေမနေစမ်းပါနဲ့ ကိုသီဟရယ်"

ဒေါ်ပွင့်ပွင့် လေသံချိုချိုနှင့် ကိုသီဟမျက်နှာကိုတင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



မာမာ ရှေ့ရှေ့ကြည့်၍ ပြောနေသည်။ "ရှင်ကြီး သမီးပါ" ပွင့်ကို ဒီလို မျိုး လာလုပ်လို့မရဘူးနော် ... ပွင့် ဒေါသဖြစ်ရသည်။ သမီးက လမင်းထိန်မှ လမင်းထိန်ဖြစ်နေ၏။ ပွင့်အပေါ် မာနတကြီးဆက်ဆံ လာခဲ့တဲ့ လမင်းထိန်ကို နှိပ်ကွပ်ပစ်ဖို့ ဆန္ဒတွေပြင်းပြနေခဲ့သည်။ ဒေါသတွေကို မျိုသိပ်ထားလိုက်၏။ ပွင့်ဆန္ဒတွေ မပြည့်ဝသေးဘဲနဲ့ ရှင် မသေပါနဲ့ဦး ကိုသီဟ ... သမီးရှေ့ရေးအတွက် နိုင်မာသထက် နိုင်မာစေရန် မိမိ အစွမ်းကုန်လုပ်ပေးရမည်ဖြစ်သည်။

■ ■ ■

အခန်း ( ၂၀ )

"ထိန်ရယ် ... ရှင့်ရဲ့ဆက်ဆံမှုတွေပြောင်းသွားလို့ သော် အရမ်းပျော်တာပဲ မောင်ရယ် ... သော်လေ ဘယ်လိုအရာနဲ့မှ မလဲ နိုင်အောင် ပျော်ရွှင်ပီတိဖြစ်ရပါတယ်"

မောင် ... တကယ့်ကို တယုတယနှင့် သော့်ကိုဆက်ဆံနေ သည်။ မောင့်ဒက်ဒီကြောင့်ဆိုတာ သော်သိ၏။ ဘာပဲဖြစ်ဖြစ်လေ။ သော်ကတော့ ကျေနပ်သည်။

"သော်"

"ဟင်"

"ထိန်တို့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်ချင်တယ်၊ ကိုယ့်အိမ်ထောင်ရေးကို ပြိုကွဲသွားမှာ ကိုယ် အရမ်းစိတ်ပူတယ်"

ဒက်ဒီ့ကြောင့်ပဲ ... ဒက်ဒီ့အခြေအနေက အရမ်းကျနေသည်

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ကို ပျော်ရွှင်စေချင်တယ်။ ထိန့်အတွက် ... အချစ်က ဘာများ တန်ဖိုးကြီးမားမှာလဲ။ ချစ်နဲ့တော့ ဒက်ဒီ့ကိုမလဲနိုင်ပေ ...

"မောင်"

"ဟင်"

"သော့်ကို ဖက်ထားပေးပါ၊ သော် မယုံရဲဘူး။ သော် အိပ်မက်မက်နေတယ်လို့ ထင်ပါတယ်"

"ကိုယ်နဲ့သော်က အသက်အရွယ် ယှဉ်ယှဉ်သူတွေမဟုတ်တော့ပါဘူး၊ လူကြီးဆန်တဲ့အပြုအမူတွေပဲ ကောင်းပါတယ်ကွာ"

"ထိန်နော် ... အပိုတွေပြောမနေနဲ့ ... မေချစ်သူကို ရှင်ချစ်နေတာမဟုတ်လား"

"မေချစ်သူနဲ့ ဘာမှမဆိုင်ပါဘူး သော် ... ကိုယ်နဲ့သော်တို့က သူ့အထက်လူကြီးတွေပါ၊ ဘာဖြစ်လို့ မေချစ်သူနဲ့ ယှဉ်ပြိုင်နေမှာလဲ"

"အလုပ်မှာသာ အထက်လူကြီးဖြစ်နေပေမယ့် ... အချစ်ရေးမှာတော့ သော်က အရှုံးတွေနဲ့ရင်ဆိုင်နေရတာလေ မောင်"

"မင်းနဲ့လက်ထပ်မှာလေ"

"မောင့်နှလုံးသားကို သော်က ရယူချင်တာ ... သော့်ကိုချစ်တဲ့ယောကျ်ားနဲ့ပဲ သော် လက်ထပ်ချင်ခဲ့တယ်"

ဒါဆိုလည်း ကိုယ့်ကို သော်လက်မထပ်သင့်ဘူးဟု ပြောချင်





သည်။ မဖြစ်သေးပါဘူး။ ဒက်ဒီ စိတ်ချမ်းသာမှုအတွက် နောက်ဆုံးအချိန်တွေမှာ သားတစ်ယောက်အနေနှင့် ပေးဆပ်ချင်သည်။

"ကိုယ်တို့မင်္ဂလာပွဲအတွက်ပဲ စီစဉ်ပါ သော် ..."

"ကုမ္ပဏီဝန်ထမ်းတွေရှေ့မှာတော့ ... မောင် ဂရုတစိုက်ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဆက်ဆံရမယ်နော်"

"သော်ရယ်"

ထိန် ... စိတ်ပျက်မိသည်။ မေချစ်သူထက်တောင် ကလေးဆန်နေသေး၏ ... သော်ကို သူ ဘယ်လိုမှကြင်နာယုယလို့ မရ၊ မေချစ်သူနှင့် နှိုင်းယှဉ်နေတာကိုက သော် စိတ်ဓာတ်မမှန်တာပါ။

"ဘယ်လိုလဲ မောင် ... ဒီလောက်လေးတော့ ... သော့်မှာမောင့်ဇနီးလောင်းတစ်ယောက်အနေနဲ့ တောင်းဆိုပိုင်ခွင့်ရှိပါတယ်"

"ကောင်းပါပြီ သော် ... ကုမ္ပဏီမှာ မင်းဆန္ဒတွေကို အတတ်နိုင်ဆုံး လိုက်လျောပေးပါ့မယ်၊ ဒါပေမဲ့ မေချစ်သူကိုတော့ မင်းဆိုးနှက်ပါနဲ့"

"ဟွန်း ... မောင့်အတွေးထဲမှာ မေချစ်သူပဲရှိနေတာလား"

"မဟုတ်ပါဘူး သော်ရာ ... မေချစ်သူက မြေဇာပင်လေးပါ၊ ကုမ္ပဏီမှာ ဘယ်လောက် ဝေဖန်ကဲ့ရဲ့ခံနေရရှာလဲ"

"တော်ပါတော့ မောင်ရယ်"

မေချစ်သူအား ယုယတယ်။ အကြင်နာစကားတွေပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို သော် လုံးဝခံပြင်းနေမိသည်။ ထိန့်ရဲ့ အယုအယတွေနှင့် ချ
သက်လက်ဆောင်အနမ်းလေးတွေ တောင်းတမက်မောခဲ့ပေမယ့် ထိန့်ဆီက မရနိုင်ပေ ... ဒေါသဖြစ်ပြီး ပြန်လာခဲ့သည်။

"သမီးသော်"

"မေမေ"

"ထိုင်ပါဦး"

ထိန့်အပေါ် အရူးအမူးချစ်နေတာကို ... မေမေက သဘော မကျပေ ...

"ဘာပြောမလို့လဲ မေမေ ... ပြောလေ"

"လမင်းထိန်ဆိုတဲ့ကောင်ကို ညည်း ဘာတွေများ အောက် ကျနောက်ကျခံ ပြောဆိုပြန်လာလဲ"

"မေမေကလည်း"

မိမိကတော့ သမီးသော် ဝင့်ပြန်လည်မှာကြောက်နေသည် မိမိချစ်မြတ်နိုးရတဲ့ တစ်ဦးတည်းသောသမီးလေးပါ။ လမင်းထိ အမေဆီကနေ မိမိလုခဲ့တာပါ။

"လမင်းထိန်က သမီးကိုမချစ်ဘဲ လက်ထပ်မှာကိုတော့ မ မထားသင့်ဘူး သော်"

"အခု မောင်က သော့်ကိုချစ်နေပါပြီ"

"သမီး ကုမ္ပဏီကဟာမလေးကို လမင်းထိန်အနားမှာ ဆ



ထားဖို့ မသင့်တော်ဘူးလို့ မေမေပြောချင်တယ်"

မေချစ်သူကို အလုပ်ထုတ်ပစ်လိုက်လျှင် ... မောင် အလွန် အမင်း ဒေါသတွေနှင့်ပေါက်ကွဲမှာ သော် သိနေသည်။

"မေချစ်သူက သော်နဲ့ယှဉ်ပြိုင်နိုင်လောက်အောင် အခြေ အနေမရှိပါဘူး မေမေရာ ... မောင်ကလေ ယောက်ျားပီသတဲ့ ယောက်ျားပါ"

"မောင် ဟုတ်လား ... ထိန်ကနေ ... ဘယ်လိုဖြစ်လို့ မောင် ဖြစ်သွားရတာလဲ၊ ညည်းကိုက လမင်းထိန်ကို ခြေသလုံးဖက်ချင် နေတာပဲ ခင်သော်က"

သမီးနှင့်လက်မင်းထိန်ကို မိမိ လက်ထပ်ပေးရမှာ စိတ်ပူနေ မိသည်။ ဒင်းက သမီးသော်ကိုမှ မချစ်တာ ... ဒင်း မျက်ဝန်းတွေ ထဲမှာ အမုန်းတွေပဲရှိနေသည်။

"ဒီကောင်က မယုံရဘူး၊ ညည်းဘဝတစ်လျှောက်လုံး ခံစား ရလိမ့်မယ် သော်"

"ထိန့်ကို သမီးချစ်တယ် ... ငယ်ငယ်လေးထဲကနေ ခုထိ သော် ကြိတ်ပြီးချစ်ခဲ့ရတာပါ"

"တိတ်စမ်း ခင်သော်က ... ဒီကောင်က သစ္စာမဲ့မှာ နောက် မီးလင်းမှာ"

မိမိသမီးလေး ဝင့်လည်တော့မယ်။ တစ်ချိန်က သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကို မိမိ မြူဆွယ်ဖြားယောင်း အရယူခဲ့သည်။

"မေမေ အရမ်းစိတ်ပူလို့ပါ၊ သမီးသော် ဘဝပျက်မှာ မေမေ ကြောက်နေတယ်"

"ဘာဆိုင်လို့လဲ မေမေရာ ... သော်လည်း အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက်ပဲဟာ ... မောင်က သူ့အမေကိုတောင် အထင်သေးပြီး နာကျည်းနေတာပါ၊ သော် သိတယ်၊ မောင့်နှလုံးသားထဲမှာ တခြားမိန်းကလေးတစ်ယောက်ကို ချစ်နေနိုင်ပေမယ့် သော့်အပေါ် ဘယ်တော့မှ သစ္စာမမဲ့ပါဘူး၊ သော် ယုံတယ်"

"ခက်တာပဲအေ"

ဒေါ်ပွင့်ပွင့် ဘယ်လိုပြောရမှန်းပင် မသိပေ ... ထိန်က တည်ကြည်ခန့်ညားတဲ့ ယောက်ျားတစ်ယောက်ဖြစ်တယ်ဆိုတာတော့ မိမိ အသိဆုံးပါ။ ဒါပေမဲ့ အတိတ်ကအဖြစ်အပျက်တွေက မိမိကို ခြိမ်းခြောက်နေဆဲပင် ...

"တော်ပါပြီ မေမေရာ ... သော် အနားယူတော့မယ်၊ အရင်က မောင့်အပေါ် သော် ဒီလောက်အထိချစ်မိနေလိမ့်မယ်လို့ မထင်ထားမိဘူး၊ တကယ်တမ်းကျတော့လေ မောင့်ကို လုံးဝမစွန့်နိုင်တာပါ"

"သမီး သော်ရယ်"

ဒေါ်ပွင့်ပွင့် ဘာမှမပြောနိုင်တော့ ... သမီးသော်က သူ့





အိပ်ခန်းထဲ ပြေးဝင်သွားသည်။ မိမိတစ်ယောက်ထဲ ကျန်ရစ်ခဲ့၏။ သမီးသော်ကို ဘယ်လိုဖွင့်ပြောပြရမလဲ။ မိမိနှင့်ကိုသီဟတို့ ငြိစွန်းနေခဲ့ကြတာ သမီးသော် မသိပေ ... ကြိတ်ပြီး ဖောက်ပြန်ကြတာ နှစ်ပေါင်းကြာပြီပဲ ...

"ရှင့်ဇနီးကြီးကို မောင်းထုတ်ပစ်လိုက်တော့ ကိုသီဟ ... တစ်နေ့နေ့ သိသွားလိမ့်မယ်၊ ကျွန်မတို့နှစ်ယောက် ဝေးရလိမ့်မယ်"

ပွင့် ပြောခဲ့သည်။ သမီးသော်ကိုမွေးပြီး မိမိခင်ပွန်းဆုံးပါးသွားခဲ့၏။ အိမ်နီးနားချင်းက ကိုသီဟတို့လင်မယားပဲ ... ကိုသီဟနီး လမင်းထိန်အမေက ပွင့်နှင့် ကျောင်းနေဖက်သူငယ်ချင်းတွေပါ။

"ကလေးတွေ ဘာမှအသိတရားမရှိခင် ပွင့်တို့နှစ်ယောက်ဆုံး ပြတ်သားကြဖို့လိုအပ်တယ်နော် ကိုသီဟ"

"အေးပါကွာ"

ကိုသီဟက ရိုးသားလွန်းသူ ... ဇနီးနှင့်မိသားစုအပေါ် ချစ်ခင်နှစ်သက်ပြီး တာဝန်ကျေသူ ... မိမိက မြူဆွယ်ခဲ့တာပါ။ အကြွေးတွေဝိုင်းပြီး အိမ်ပေါင်ထားရတဲ့ ပွင့်ဘဝ မထူးတော့၍ ဘွားအရှာကောင်းတဲ့ သူငယ်ချင်းခင်ပွန်းကို ဖြောင်ပဲလုခဲ့သည်။

"ပွင့်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်ခုတော့တောင်းဆိုချင်တယ်၊ အဲဒါက ကိုယ်တို့နှစ်ယောက် လူသိရှင်ကြား မနေထိုင်ကြဖို့ပဲ … သားကရှိသေးတယ်လေ၊ သား အရွယ်ရောက်လာရင် ကိုယ် နောက်အိမ်ထောင်ပြုထားတာမျိုး မဖြစ်စေချင်ဘူး"

"ရှင့်ဇနီးကို မောင်းထုတ်ပစ်လိုက်လေ၊ ကျွန်မ လက်ခံတယ်၊ ကိုသီဟနဲ့ ဘယ်လိုပဲအတူတူနေရနေရ … ပွင့် နေနိုင်ပါတယ်၊ ကိုသီဟနဲ့ အဝေးမခံနိုင်လို့ပါရှင်"

ကိုသီဟရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားရင်း မိမိ လုပ်ကြံထောင်ချောက်ဆင်ခဲ့သည်။ အပိုင်သိမ်းပိုက်ခဲ့၏။ လူမသိအောင်ကြိတ်ပြီးပေါင်းဖက်နေခဲ့ကြသည်။ ကိုသီဟက ပွင့်ကို ခြံနှင့်တိုက်ဝယ်ပေးခဲ့၏။ လိုလေသေးမရှိအောင် ပေးကမ်းထောက်ပံ့ထားသည်။

"နှစ်တွေကြာပြီပဲ ကိုသီဟရယ် … ကျွန်မတို့ လူသိရှင်ကြားလက်ထပ်လိုက်ကြရအောင်ပါ"

"မဖြစ်ဘူး ပွင့် … ကိုယ် မလုပ်နိုင်ဘူး၊ မင်းကို လိုလေသေးမရှိအောင် ကိုယ် ဖြည့်စွမ်းပေးထားခဲ့တာပဲ"

ကိုသီဟက လက်မခံခဲ့ … ပွင့် ကြာလေ မကျေမနပ်ဖြစ်လာရလေပဲ … လမင်းထိန်ကြောင့်လည်း ပွင့်မာနကိုထိပါးလာ၍ ကိုသီဟပိုင်ဆိုင်သမျှအားလုံး ထိန်းချုပ် သိမ်းပိုက်ထားလိုခဲ့သည်





ဖြစ်လာခဲ့ပေ … ကိုသီဟက သူ့သားနှင့်သမီးသော်ကို လက်ထပ်ဖို့ သဘောတူထား၏။ လုပ်ငန်းလည်း အတူတူလုပ်စေသည်။

"မေမေ ဝင်္ဂလည်တော့မယ်၊ လမင်းထိန်က သမီးသော်ကို မောင်းထုတ်ပစ်တော့မယ် ထင်တယ်"

ပွင့် ဘယ်လိုလုပ်ရမလဲ။ ရင်တွေပူလိုက်တာ … ကိုသီဟက သားအတွက်စိတ်အေးရအောင် ရှေ့နေတွေနှင့် စီစဉ်နေတာ ပွင့်သိထားသည်။ အဖြစ်မှန်တွေကို ဖော်ထုတ်ပစ်မယ်ဟု ခြိမ်းခြောက်ထားပေမယ့် … မိမိလည်း သမီးသော်သိသွားမှာ ကြောက်လာသည်။

"မေမေ စိတ်ပူတယ်၊ မေမေ့လုပ်ရပ်တွေက သမီးသော်ဘဝတစ်လျှောက်လုံးကို လောင်မြိုက်စေတော့မှာ အမှန်အကန်ပဲ"

ဒေါ်ပွင့်ပွင့် အိပ်၍မရ … လူးလိမ့်နေသည်။ လမင်းထိန်ကဒင်းအဖေဆုံးသွားလျှင် သမီးသော်ကို ထားပစ်ခဲ့မှာပဲ … လမင်းထိန်ချစ်နေတာက ကုမ္ပဏီက ဝန်ထမ်းကောင်မလေးတဲ့ … သမီးသော်ကိုတော့ ဘယ်နည်းနဲ့မှ ဝင်္ဂအလည်မခံနိုင်ပါဘူး။

"သားထိန်ရဲ့အမေ ဘဝပျက်ပြီး … ဆင်းဆင်းရဲရဲသေဆုံးရတယ်၊ မင်းကျေနပ်လိုက်ပါတော့ ပွင့်ရယ် … ကိုယ် ဒီ့ထက်ပိုပြီးကိုယ့်သားအပေါ် မရက်စက်နိုင်တော့ဘူး"

ကိုသီဟ … လူလည်ကြီး … သူ့သားအတွက် စည်းမိမ်ဉစ္စာ



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး လွှဲပေးလိုက်ပြီဖြစ်သည်။ တစ်ညလုံး အိပ်မရတော့။ မျက်လုံးတွေကြောင်စီကာ ဒေါသတွေပေါက်ကွဲနေသည်။

"သမီးသော် ... မေမေ ဘာလုပ်ရမလဲ၊ လမင်းထိန်ကို လုံးဝ မချစ်ပါနဲ့ မေမေ့စကားတွေကို နားထောင်စမ်းပါ၊ အား ... အား"

သူမ ... ရူးသွပ်စွာဖြင့် အော်ဟစ်ပစ်လိုက်မိသည်။

"မေမေ ... မေမေ ... ဘာဖြစ်တာလဲ"

"ဟင် ... သော်"

"မေမေ ဘာတွေဖြစ်နေလဲ ... သော့်ကို ပြောစမ်းပါ၊ အခု တလော မေမေ အရမ်းပြောင်းလဲနေတယ် ... မေမေ တစ်ခုခုကို ထိတ်လန့်နေသလိုပဲ"

မေမေ့အိပ်ခန်းထဲမှ ရူးရူးဝါးဝါးအော်ဟစ်သံကြောင့် သော် ပြေးဝင်လာခဲ့သည်။ မျက်လုံးတွေ ကြောင်စီစီနှင့် မေမေကြည့်နေ၏။ ပြီးတော့ သော့်ကို တင်းကြပ်စွာဖက်ထားသည်။

"သမီးသော် ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ အရူး အမူးမချစ်ပါစေနဲ့နော် ... ယုံလည်းမယုံနဲ့ ... စည်းစိမ်ဥစ္စာတွေကို သမီးသော်လက်ထဲ အပိုင်ချုပ်ကိုင်ထားပါ၊ သမီးသော်လက်ထဲ အပိုင်ချုပ်ကိုင်ထားပါ၊ သမီးသော် လမ်းဘေးမှာသေဆုံးသွားရမှာကို မေမေ မကြည့်ရက်ဘူးကွယ်"

"မေမေ ဘာတွေပြောနေတာလဲဟင် ... သော်က ဘာဖြစ်





လို့ လမ်းဘေးမှာသေရမှာလဲ၊ အစွမ်းအစရှိတဲ့ တော်တဲ့ ခင်သော်က ပါ မေမေ"

"မဟုတ်ဘူး၊ ဟိုကောင် လမင်းထိန်ကို သတိထား ... သော့်ကို မောင်းထုတ်ပစ်လိမ့်မယ်"

"မေမေရယ် ... ပြန်အိပ်ပါတော့ ... သောက်နေကျ အိပ်ဆေးရော"

သမီးသော်က မိမိအား အိပ်ဆေးတွေ အတင်းတိုက်နေသည်။ သော့်အတွက် ဘာမှစိတ်မပူပါနဲ့တဲ့ ... မောင်က အဲဒီလို ယောကျ်ားမျိုး မဟုတ်ပါဘူးတဲ့ ... စီးပွားရေးလုပ်ငန်းတွေလည်း သော်ပဲ ချုပ်ကိုင်ထားမှာပါတဲ့ ... မိမိ သတိတွေပြန်ဝင်လာ၏။ သမီးသော်ကို ရူးရူးဝါးဝါးကြည့်မိနေသည်။ ဟုတ်တယ်။ သမီးသော် က မညံ့ပါဘူး။ လက်မထပ်ခင်ထဲက လမင်းထိန့် စီးပွားရေးမှာ ထိန်းချုပ်ထားနိုင်သူပါ။ ပွင့် ဘာတွေပူနေတာလဲ ... မိမိရင်ကို လောင်မြိုက်တော့မယ်။ လောဘဒေါသတွေကို ငြိမ်းသတ်နိုင်အောင် ကြိုးစားလိုက်ရသည်။

■■■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

"ကျွန်မ ဘယ်လိုအကြောင်းနဲ့မှ ကိုကို့ကို လက်မထပ်နိုင်လို့ပါ၊ တောင်းပန်ပါတယ်၊ အချစ်မရှိဘဲနဲ့ အိမ်ထောင်တစ်ခုကို မတည်ဆောက်နိုင်လို့ပါ၊ ကိုကို့ကို မျှော်လင့်ချက်တွေ မပေးချင်ဘူး"

ကိုကို့ကို ချစ် ငြင်းဆန်ပစ်လိုက်သည်။ ချစ် လုံးဝမချစ်နိုင်လို့ပါ။ ချစ် အိုင်တင်ခံတာလည်း မဟုတ်ပါဘူး။ ဆရာ့စကားတွေကို ချစ် နားထောင်လိုက်တာလည်း ဖြစ်သည်။

"မင်း ကိုကိုနဲ့လက်မထပ်ပါနဲ့ ချစ်ရယ် ... ကိုယ် တောင်းဆိုတာပါ၊ ကိုယ့်ရင်ထဲက မျှော်လင့်ချက်တွေကို ဖျက်ဆီးမပစ်ပါနဲ့တော့ ကိုကိုနဲ့လက်မထပ်ပါနဲ့ ချစ်ရယ်"

ဆရာ့မျက်ဝန်းတွေက တောက်ပနေတဲ့မျှော်လင့်ချက်တွေ ချစ်ကိုယ်တိုင်လည်း ဆရာ့ကို မျှော်လင့်နေချင်သေးသည်။

"ချစ်"

"ရှင်"





"မင်း ဘာကိုမျှော်လင့်နေသေးတာလဲ ... သော်တို့သားအမိဘ အရမ်းကြောက်စရာကောင်းတယ်၊ မင်းဘက်ကနေ ကင်းရှင်းကြောင်း ပြသရမယ်လေ"

"ဟင့်အင်း ... ဆရာနဲ့ ဘာမှမဆိုင်ပါဘူး၊ ဆရာလက်ထပ်ဘာ ချစ် စိတ်မဝင်စားပါဘူး ... ချစ် လက်မထပ်ချင်ဘူး၊ ချစ် ယောက်ျားတစ်ယောက်ကို လက်ထပ်ဖို့ရွေးချယ်မယ်ဆိုရင်လည်း ဆိုကိုပဲ ဖြစ်ရပါမယ်"

"ချစ်ရယ်"

ချစ်ကို အရမ်းချစ်တဲ့ ကိုကို့အချစ်တွေကို ချစ် ယုံကြည်ပါတယ်။ အကြွင်းမဲ့ပါနော် ... ချစ် တောင်းပန်ပါတယ်။ ချစ်ကို မချစ်နေပါနဲ့ ကိုကို ...

"ချစ်လေးဘဝမှာ တိုးတက်အောင်မြင်မှုတွေ ရယူချင်သေးတယ်၊ ညှို့ဖျင်းလွန်းတဲ့ မိန်းမတစ်ယောက်ဘဝကို မုန်းလို့ပါ"

"ကိုကို ကူညီမယ်လေ ... ချစ် ဘာတွေဖြစ်ချင်နေတာလဲ၊ ဘယ်လိုဘဝမျိုးကို ချစ် ပိုင်ဆိုင်ချင်တာလဲ"

"ဟင့်အင်း ... ချစ်အစွမ်းအစနဲ့ချစ်ပဲ ... ကိုကို့အကူအညီကို ယူချင်ပါဘူး"

ဆရာတို့ မင်္ဂလာပွဲပြီးရင် ချစ် ကုမ္ပဏီကနေထွက်တော့မယ်။ ဆရာနဲ့အဝေးဆုံးမှာ ချစ် နေချင်ပါတယ်။ တရားဝင်လက်ထပ်ပြီးပြီဆိုရင် ကမ္ဘာပေါ်မှာ ယောက်ျားဆိုလို့ ဆရာတစ်ယောက်ထဲရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုရင်တောင် ကျွန်မ ငြင်းပယ်တယ်။

"ကိုကို့ကို မိတ်ဆွေတစ်ယောက်အနေနဲ့တောင် ချစ်ဘက်က မဆက်ဆံနိုင်ဘူးလား"

"ကျွန်မအကျင့်ကိုက ယောကျ်ားတွေနဲ့မပတ်သက်ချင်တာပါ၊ ကိုကို့ကို ချစ်ခင်ပါတယ် … ဒါပေမဲ့လေ ပတ်ဝန်းကျင်မှာ ချစ် ဘယ်လိုအကြောင်းနဲ့မှ သူများ အတင်းပြောစရာအဖြစ်တွေက ရှောင်ရှားချင်ပါတယ်"

"ကိုကိုက … "

"ချစ်သိပါတယ်၊ ချစ်မှာ သတ္တိမရှိသေးလို့ပါနော်"

"ကိုကို လိုက်ပို့ပေးမယ်"

"ရပါတယ်၊ ချစ်ပြန်နေကျအတိုင်း ပြန်ပါရစေ"

သူမ … အတင်းပဲ ဘတ်စ်ကားဂိတ်ကို လျှောက်လာခဲ့သည်။ ပတ်ဝန်းကျင်က အထင်အမြင်သေးမှာကိုတော့ ချစ် မလုပ်နိုင်ပါဘူး။ ဘတ်စ်ကားဂိတ်မှာ ချစ် ရပ်နေတုန်း ကားတစ်စီး ထိုးရပ်လာပြီး မိန်းမကြီးတစ်ယောက် ဆင်းလာ၏။ သူမကို မိတ်ဆက်သည်။

"သမီးက မေချစ်သူလား … အန်တီ့နာမည်က ပွင့်ခင်သော်ကရဲ့ မိခင်"

"ရှင် … "

"တက်ပါကွယ် … သမီးနဲ့ စကားနည်းနည်းပြောချင်လို့ဘာမှမကြောက်ပါနဲ့ … သမီးကို နာမည်ကြားထဲက အန်တီပွင့်တွေ့ချင်နေတာပါ"





ဘာမှမကြောက်ပါနဲ့ … သမီးကို နာမည်ကြားထဲက အန်တီပွင့်တွေ့ချင်နေတာပါ"

ချစ်ကို အတင်းကားပေါ်တက်ခိုင်းနေ၍ ချစ် လိုက်လာခဲ့ရသည်။ မမသော်အမေတဲ့ … အရမ်းလန်းတဲ့ မိန်းမကြီးပဲ … နုဖတ်လှပနေသေးသည်။ လူရှင်းသော စားသောက်ဆိုင်ကြီးထဲ ဝင်လာခဲ့၏။ ချစ် ဘာမှနားမလည် … ဆရာနှင့်ပတ်သက်နေ၍ပဲ ဖြစ်နိုင်သည်။

"မင်းက မိန်းမချောလေးပဲ မေချစ်သူ"

မေချစ်သူကို တွေ့လိုက်သည်နှင့် လမင်းထိန်အနား သမီးသော်ပို့လိုက်တာ အမှားကြီးတစ်ခု ကျူးလွန်မိလိုက်တာပဲဟု ပွင့်ထင်မိသည်။ စွဲမက်စရာကောင်းလွန်းနေ၏။ သမီးသော်လည်း မိန်းမချောလေးပါ။ ဒါပေမဲ့ ငယ်ရွယ်နုပျိုလန်းဆန်းနေတဲ့ မေချစ်သူကို ဘယ်လိုယှဉ်မလဲ …

"ကျွန်မကို ခေါ်လာရတဲ့အကြောင်းရင်းကို ပြောပြပါ အန်တီ၊ ကျွန်မအစ်မက အိမ်ပြန်ချိန် အရမ်းနောက်ကျလို့ မရပါဘူး"

"ပြောမှာပါကွယ် … အန်တီက ဘာဖြစ်လို့ ညည်းလေးကို လာတွေ့ရလဲဆိုတဲ့အကြောင်းရင်း ညည်းတွေးမိမှာပါ"

"ရှင်"

"လမင်းထိန်ကြောင့်ပါ"

"ဆရာက … "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ပွင့်ပွင့်လင်းလင်းပြောရရင်လေ ... မင်းကို အလုပ်ကနေ ထွက်ဖို့ပါ"

"ရှင် ... ဘာဖြစ်လို့လဲဟင်"

"လမင်းထိန်အနားမှာ မင်းကို မရှိစေချင်တာပါ၊ မင်းလို လှပချောမောတဲ့ ကောင်မလေးတစ်ယောက်ကို ... အန်တီ့သမက် လမင်းထိန်အနား ထားလိုက်တဲ့ အန်တီ့သမီးသော် အသုံးမကျတာဘဲ"

ဒီအဖွားကြီး ဘာတွေလာပြောနေတာလဲဆိုတာ ချစ် သိသည်။ ဆရာက သူ့သမီးအပေါ် မချစ်၍ဖြစ်နိုင်၏။ သူမကို အထင်သေးတာပဲ ...

"ကျွန်မက ဆင်းရဲပေမယ့် ... မာနတော့ရှိပါတယ် အန်တီ အိမ်ထောင်ရှိတဲ့ယောကျ်ားတစ်ယောက်ကို ကြောင်တောင်နိုက်လောက်အောင် စိတ်ဓာတ်အောက်တန်းမကျပါဘူး"

"ဘာပြောတယ်အေ့ ... ညည်းက ဘယ်သူ့ကို စောင်းပြောနေတာလဲ"

မိမိစောင်းပြောနေတာဟုထင်ပြီး ဒေါသတကြီးအော်ဟစ်မိပြီးမှ မိမိကိုစွ ဒင်းလေးမှမသိတာဘဲ ... မိမိ အိုးမလုံအုံပွင့်တာပဲဟု တွေးမိပြီး ... ပျက်ယွင်းသွားတဲ့ အမူအရာတွေကို ပြန်ပြင်ရသည်။

"အန်တီကလည်း အဲဒီလို အဆင့်အတန်းရှိတဲ့စိတ်ဓာတ်ကို





သဘောကျတယ် မေချစ်သူ ... တန်ဖိုးရှိတဲ့မိန်းကလေးဆိုရင် မာနရှိရတယ်၊ ကိုယ်နဲ့မတန်မရာကိုလည်း မမှန်းရဘူး ... ညည်းလေးကြောင့် လမင်းထိန် ဘယ်လောက်အထိ ဂုဏ်သိက္ခာတွေကျဆင်းစေမလဲလေ"

"အန်တီ လွန်ပြီနော်"

သူမ ဆတ်ခနဲ ထပစ်လိုက်သည်။ မမသော်အမေ့စကားတွေက လွန်လာပြီဖြစ်၏။ ချစ် အစော်ကားမခံနိုင်ပေ ...

"နေပါဦး မေချစ်သူ ... မင်းကို သေသေချာချာ သတိမပေးရသေးဘူးလေ"

"ကျွန်မကို လာပြီးသတိပေးတာတင် အန်တီလွန်လာပြီနော် ကျွန်မက ဘာပြစ်မှုတွေကျူးလွန်ထားလို့လဲ၊ အန်တီ့သမီးက အသုံးချတာပါ"

"ဟုတ်တယ်လေ ... အဲဒါကြောင့် အန်တီ့သမီးကို ညံ့ဖျင်းတယ်လို့ ပြောတာလေ ... တော်တော့်ကို အသုံးမကျတာဘဲ ... ညည်းကို လမင်းထိန်က စိတ်မဝင်စားပါဘူး၊ ကျုပ်က စိတ်ပူမိလို့ပါ၊ ညည်း လမင်းထိန်နဲ့ အကင်းရှင်းဆုံးနေထိုင်ပါ၊ မင်း ရပ်ကွက်ထဲမှာ အရှက်တကွဲမဖြစ်ချင်ရင်လေ ... ကျုပ်က ကြမ်းတယ်၊ ညည်းဘဝကို စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်နိုင်တယ်"

"ဒီမှာ"

"မင်းသွားနိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလည်း အန်တီ့ကို ပြောထားချင်ပါတယ်၊ ကိုယ့်သမက်ကိုတော့ နိုင်အောင်ထိန်းထားပါလို့"

"ဘာပြောတယ်အေ့ ..."

"မေချစ်သူက သူများယောကျ်ားကို အထင်မကြီးပါဘူး၊ အရယူဖို့လည်း စိတ်ကူးမရှိဘူး။ ကိုယ်ကျင့်တရားပျက်ပြားတာ ကျွန်မအရှုံးဆုံးပဲ"

သူမ ပြောချင်တာတွေကိုပြောပြီး ထွက်လာခဲ့သည်။

"ညည်းလိုကောင်မမျိုးကများ ကြီးကြီးကျယ်ကျယ်နဲ့ ... အဆင့်မရှိတဲ့ဟာတွေကများ"

သူမ တုံ့ပြန်ပြောမနေတော့ဘဲ ထွက်လာခဲ့သည်။ ဒေါသကြောင့် သူမအသားတွေပင် တဆတ်ဆတ်တုန်နေ၏။ ဆက်ပြီးတော့ပင် မလှမ်းနိုင်တော့၍ ရပ်ပစ်လိုက်သည်။

"မေချစ်သူ"

"ဟင် ... ဆရာ"

"ကားပေါ်တက်လေ မြန်မြန်"

"ဟို ... ကျွန်မကိုမနှောင့်ယှက်ပါနဲ့ ဆရာ ... တောင်းပန်ပါတယ်"

"မင်းကို ... ကိုယ့်ယောက္ခမလောင်းကြီး လာတွေ့တယ်မဟုတ်လား ချစ်"

"ဆရာ သိတယ်လား"



"တွေ့တာ ... ကားပေါ်အမြန်တက် ... ကိုယ့်ကိုတွေ့သွားလို့ မဖြစ်ဘူး"

သူမလက်လေးကို ဆရာကဆွဲပြီး တက်စေသည်။

"မေချစ်သူ ... ကိုယ့်ယောက္ခမလောင်းကြီးက ဘာပြောလဲ၊ ကိုယ်နဲ့ ကင်းကင်းရှင်းရှင်းနေပါလို့ ... မင်းကို အမိန့်လာပေးတာမဟုတ်လား"

"ဆရာသိနေတာပဲ"

"မင်း ကိုကို့ကိုငြင်းတယ်ဆို"

"အဲဒါ ဆရာနဲ့ဘာမှမဆိုင်ပါဘူးနော် ... ချမ်းသာတဲ့သူဌေးတွေကို လိုက်ချူိင်တယ်လို့ အပြောမခံနိုင်လို့ပါ"

သူမမျက်နှာလေးက စူတင်းပုတ်သိုးနေသည်။ ဆရာ့ကိုမကြည့် ... မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်တက်လာမှာလည်း ကြောက်နေမိ၏။ ဆရာ့ကြောင့် ... ချစ်ရင်တွေ အမြဲတမ်းနာကျင်ကြေကွဲနေရသည်။

"ဆရာ့ယောက္ခမလောင်းကြီးက လွန်တယ်၊ ကျွန်မကို ဘာဖြစ်လို့ အထင်သေးနေရတာလဲ၊ ကျွန်မ ဦးနှောက်မရှိတဲ့သူ ...ညံ့ဖျင်းလွန်းတဲ့မိန်းမတစ်ယောက်ဖြစ်ရင်တောင် တရားဝင်ဇနီးရှိနေတဲ့ယောကျ်ားကိုတော့ ဘယ်လိုအကြောင်းနဲ့မှ လုမယူပါဘူး၊ အဲလို မာနမျိုးတော့ ချစ်မှာရှိနေပါတယ်"

ချစ်ရယ် ... မင်းကို အရမ်းလေးစား အထင်ကြီးရပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွာ ... ကိုယ် ဘယ်လိုမှ မလွဲသာမရှောင်သာလို့ပါ။ ကိုယ်လည်း သော်နဲ့ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ရသေးတာမှ မဟုတ်တာဘဲ ... ယောက္ခမလောင်းကြီး ဒေါ်ပွင့်ပွင့် ... တော်တော် အတ္တကြီးတာပဲ ... ချစ်ကို ဘာမှသွားပြီးတားဆီးစရာ မလိုပေ ... ချစ်က သူ့ကိုလည်း မြူဆွယ်ဖြားယောင်းပြီး အရယူဖို့ ကြံစည်နေတာလည်း မဟုတ်ဘူး။

"ချစ်"

"ဟင်"

"မင်းကို ကုမ္ပဏီကနေထွက်သွားဖို့ လာပြောတာမဟုတ်လား"

"အင်း ... "

"မင်း ကုမ္ပဏီကနေ ထွက်မသွားပါနဲ့ ... မင်း ဘာအပြစ်မှ လုပ်ထားတာ မရှိဘူးလေ"

"ကျွန်မ ဆရာ့ရှေ့မှာ ဘယ်လိုမျှော်လင့်ချက်တွေနဲ့ နေပေးရမှာလဲ ဆရာ ... ချစ် ဈေးပဲရောင်းတော့မယ်"

"မင်းကို ဟိုကောင်ကိုကိုက အရင်းအနှီးထုတ်ပေးတာလား ချစ်"

"ဆရာ ... ကျွန်မကို ဘာဖြစ်လို့အထင်သေးရတာလဲ၊ ကျွန်မ ကို လက်ထပ်ခွင့်တောင်းတာတောင် ကျွန်မငြင်းခဲ့တယ်"

"ကိုယ့်စကားကို မင်းနားထောင်တယ်ပေါ့လေ"



"ဆရာနဲ့ ဘာမှမဆိုင်ဘူးလို့ ကျွန်မ ပြောထားတယ်နော်"

ချစ် ဒေါသတကြီးလေးရန်တွေ့ပစ်နေသည်။ ကိုယ့်ရင်တွေ အရမ်းနာကျင် မွန်းကြပ်ရလွန်းလို့ပါ ချစ်ရယ် ... မင်းကိုစွန့်လွှတ်ဖို့ ကိုယ် အခုထိ ကြောက်ရွံ့နေတုန်းပါ။

"တကယ်တော့ ... ကိုယ့်ဒက်ဒီမှာ အဆုတ်ကင်ဆာရောဂါ ရှိနေတယ် ... လူ့လောကကြီးထဲကနေ ထွက်ခွာသွားဖို့ လပိုင်းလောက်ပဲလိုတော့တယ် ချစ်"

"ချစ် သိပါတယ်"

"ကိုယ့်ကို နားလည်ခွင့်လွှတ်ပေးဖို့ ကိုယ် တောင်းဆိုချင်မိနေတယ်"

"ဆရာနဲ့ကျွန်မက ဘာဆိုင်လို့လဲ၊ ဆရာ့ကို ကျွန်မချစ်သူလို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူးနော် ... မမသော်အမေ ဒေါ်ပွင့်ပွင့်ကလည်း ဆရာနဲ့ ကုင်းအောင်နေပေးပါတဲ့ ... ထပ်ရှုပ်ရင် ရပ်ကွက်ထဲအထိ အရှက်လိုက်ခွဲမယ်တဲ့လေ"

"ဘာ ... "

"အဲဒါ ဘာကြောင့် ကျွန်မကိုလာပြောနေရတာလဲ၊ ဆရာလည်း ကျွန်မကို လာပြီးပြောဆက်ဆံနေတာ နောက်ဆုံးဖြစ်ပါစေ၊ ကျွန်မကို ဘာဖြစ်လို့ မမသော်အမေက ကုမ္ပဏီကနေ မောင်းထုတ်ရတာလဲ"

ချစ် ဆောက်တည်ရာမရအောင် အော်ဟစ်ပြောဆိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲချင်လာ၏။ ကျွန်မ ရူးတော့မယ်။ ရင်တွေ ကွဲအက် ကြေမွ လာတော့မတတ်ဘဲ ...

"ဆရာ ... ကျေးဇူးပြုပြီး ကျွန်မနဲ့ အကင်းရှင်းဆုံးနေပေးပါ။ ဆရာ လိုက်ပြီးပတ်သက်နေမယ်ဆိုရင် ကျွန်မလုပ်ချင်တာတွေ လုပ်ပစ်မိလိမ့်မယ်၊ ကိုကိုနဲ့လက်ထပ်မယ်"

"ချစ် ... ချစ်ရယ် ... မင်းလေးနာကျင်နေရတာ ကိုယ် သိပါတယ်၊ ကိုယ့်ကြောင့်ပါ၊ ကိုယ် မင်းနဲ့မတွေ့အောင် နေထိုင်လို့ မရဘူးဖြစ်နေတယ်၊ ကိုယ်က အသုံးမကျတဲ့ကောင်ပါ၊ ယောကျ်ား မပီသနိုင်ဘူး၊ ကိုယ် တောင်းပန်ပါတယ်"

မင်း ကိုကိုနဲ့လက်မထပ်ပါနဲ့ဟု သူ ပြောချင်နေခဲ့သည်။ သူ နှင့် ဘယ်လိုမှမသက်ဆိုင်တော့တာ သူလည်း သိနေခဲ့၏။ ချစ်ဘဝနဲ့ ချစ် လွတ်လပ်စွာဆုံးဖြတ်ခွင့်ပေးဖို့ သူ လူကြီးလူကောင်းပီပီသသ လက်ခံသင့်သည်။ ချစ်ကို အကာအကွယ်ပေးဖို့ သူ ချစ်ကို ဖြတ် သားစွာ စွန့်လွှတ်သင့်၏။ ချစ်ကို ရုတ်တရက် ကားစက်ကိုရပ်၍ သူ့လက်တွေနှင့် ပွေ့ဖက်ထားမိသည်အထိ ရူးကြောင်နေခဲ့သည်။

## အခန်း ( ၂၂ )

"မေမေ ဘာတွေလုပ်နေတာလဲ ... မေချစ်သူကို မေမေ သွားပြီးမတွေ့သင့်ဘူး၊ သမီးကိစ္စ သမီးပဲရှင်းပါ့မယ်"

မေချစ်သူဆီ မေမေ မသွားသင့်ဟုသော်ထင်သည်။ ထိန် သိသွားရင် ဘယ်လိုလုပ်ရမလဲ။ ထိန်က ပြောထားခဲ့၏။ မေချစ်သူ ကို ဒုက္ခမပေးပါနဲ့တဲ့ ...

"သော် ... ညည်း ဘာဖြစ်နေတာလဲ၊ ထိန်ဆိုတဲ့ကောင်ကို ချစ်နဲ့ ... ညည်းဘဝ ပျက်သွားမယ်၊ ဘာမှတ်နေလဲ"

ဒေါ်ပွင့်ပွင့် ဘယ်လိုမှဖြေဖျောက်လို့မရတာက သမီးသော် အောင်းထုတ်ခံလိုက်ရမှာကိုပင် ... မိမိ ဝင့်လည်မှာကြောက်သည်။

"မေမေ အခုတလော ဘာတွေဖြစ်နေတာလဲ ... စိတ်တွေ နာမငြိမ်ဘူး"

"ညည်းလေးကြောင့်လေ ... မေမေ စိတ်တွေအရမ်းပူနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လမင်းထိန်က မေချစ်သူနဲ့ ကျိန်းသေဖောက်ပြန်လိမ့်မယ်၊ သမီး လမ်းဘေးမှာသေရမယ်"

"မေမေ ဘာတွေပြောနေတာလဲ၊ လမင်းထိန် မောင်းထုတ်တိုင်း လမ်းဘေးမှာ ဘဝပျက်ရမယ့်မိန်းကလေးလား"

ထိန့်ကိုလည်း သော် ယုံကြည်ပေမယ့် ... မေမေပြောလာတော့လည်း သော့်စိတ်က ထင့်သွားရသည်။

"သူ့အမေက ဖောက်ပြန်သွားတဲ့မိန်းမ ... သွေးရှိတယ်၊ လမင်းထိန်ကို မေမေ ဘယ်လိုမှမယုံကြည်နိုင်ဘူး"

"ထိန်က ကတိတည်တဲ့ယောကျ်ားတစ်ယောက်လို့ပဲ သော် ထင်တယ်၊ ထိန်က သူ့အဖေတူတာပါ"

လမင်းထိန်အဖေက ဖောက်ပြန်တာ မိမိကြောင့်ဆိုတာ ပွင့် သိနေ၍ သမီးသော်အတွက် စိတ်မအေးနိုင် ...

"မေမေ စိတ်အေးအေးထားစမ်းပါ ... သော် ကုမ္ပဏီမှာ မေချစ်သူကိုအလုပ်ထုတ်ဖို့ ခေါင်းအေးအေးနဲ့ စဉ်းစားပြီးလုပ်ပါ့မယ် သမီးတို့မင်္ဂလာပွဲပြီးတာနဲ့ မေချစ်သူ အလုပ်ထွက်သွားမှာပါ၊ သူမှာ အပြစ်မရှိလို့ အရမ်းလုပ်လို့မဖြစ်နိုင်ဘူး"

"ညည်းမှားတာပဲ ... ဒီလိုကောင်မလေးကိုများ ကိုယ်နဲ့ လက်ထပ်မယ့်ယောကျ်ားတစ်ယောက်အနားမှာ သွားထားရလား"

"သော်က ထိန့်ကို အောက်တန်းစားမလေးတစ်ယောက်နဲ့





လက်ထပ်စေချင်လို့ပါ ... ဒါပေမဲ့ တကယ်တမ်းကျတော့ ထိန့်ကို ဘယ်လိုအကြောင်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်တော့လို့ပါ"

"ညည်းက လမင်းထိန်ကို အရူးအမူးချစ်သွားပြီပဲ ... အဲဒါ ပြဿနာပဲ သော်"

"ဘာပြဿနာလဲ မေမေ"

"ထားလိုက်ပါတော့အေ"

သမီးသော်ကို ဘာမှမပြောချင်တော့ ... မေမေကိုယ်တိုင်က လှယုတ်မာမဆိုတာကို ... သမီးသော် သိသွားလို့မဖြစ်ပါဘူး။ မိမိ ထိုကိစ္စအတွက် ... အသက်ကြီးလေ စိတ်ခြောက်ခြားလေဖြစ်နေရသည်။ သမီးသော်နှင့်လမင်းထိန်ကို လက်မထပ်စေချင်ခဲ့ပေ ... လမင်းထိန်အပေါ် သမီးသော်က အရူးအမူးချစ်ခင်စွဲလန်းနေသဖြင့် ရင်ထဲမှာ မီးတောက်လုပဲ ...

"မေမေ"

"ဟင်"

"ညဘက်တွေလည်း မေမေ သိပ်မအိပ်ဘူးထင်တယ်၊ မေမေ ချက်တွင်းတွေချောင်ကျနေသလိုပဲ ... သော် ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်၊ ရုံးသွားတော့မယ်နော်"

သော့်စိတ်တွေ လေးလံနေသလိုပဲ ... မေမေ့ကိုကြည့်ရတာ စိတ်ဂနာမငြိမ်ဘဲ တစ်ခုခုဖြစ်နေသည်ဟု သော် သိနေသည်။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



က အတွက်ကြီးတယ်။ မာန်မာန ထောင်လွှားမောက်မာသူ ဖြစ်၏။ မေမေ ရှုံးသွပ်သွားမှာလည်း စိုးရိမ်မိသွားသည်။ သော် ... ကုမ္ပဏီကို ရောက်လာခဲ့၏။ မေချစ်သူကို ခေါ်လိုက်သည်။

"မမသော် ခေါ်တယ်ဆိုလို့ပါ"

"ထိုင် ... "

မေချစ်သူမျက်နှာလေးက ချစ်စရာကောင်းလွန်းသည်။ သော် မှားတာပါ။ မေချစ်သူအပေါ် ရက်စက်ဖို့ကျတော့လည်း ထိန်က လက်ခံမှာမဟုတ်ပေ ...

"မေချစ်သူ"

"ပြောပါ မမ"

"မမသော်က ညီမလေးကို တောင်းပန်ချင်လို့"

"ဘာကိစ္စများလဲ မမ"

"မမသော်အမေကြောင့်ပါ။ ညီမလေးကို လာတွေ့တယ်ဆို"

"ဟုတ်"

"မမသော် တောင်းပန်ပါတယ်ကွယ် ... မေမေ့က စိတ်လောကြီးနေတယ်၊ မမသော် စိတ်သောကရောက်ရမှာကို အရမ်းကြောက်နေတယ်"

"ကျွန်မ တော်တော်လေးအစော်ကားခံနေရတယ်လို့ ထင်ပါတယ်"





"ဟုတ်ပါတယ်၊ ညီမလေးမှာ အပြစ်မရှိပါဘူး၊ ထိန်နဲ့က မမ တို့လက်ထပ်ကြတော့မှာပဲ ... မကြာခင် တရားဝင်လင်မယားဖြစ်တော့မယ်၊ ညီမလေးက ကိုယ်ကျင့်တရားကောင်းတဲ့ မိန်းကလေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ မမသော် ... စိတ်မပူပါနဲ့"

"အေးကွယ် ... မမသော်မေမေ့အတွက် မမ အနူးအညွတ်တောင်းပန်တယ်နော်"

"ရပါတယ် မမ ... ကိစ္စမရှိပါဘူး ... ချစ် နေတတ်ပါတယ်၊ ဒါပေမဲ့ ဆရာနဲ့တော့ ချစ်ကို အထင်မလွဲစေချင်ပါဘူး"

"ကျေးဇူးတင်ပါတယ် ညီမလေးရယ်"

သော့်လေသံက ချိုချိုသာသာလေးနှင့် ... မေချစ်သူအား ညိနှောင်ပစ်လိုက်သည်။ သူမ ကြမ်းလို့မဖြစ်ဘူး။ ထိန်က မေချစ်သူမှ မေချစ်သူ ...

"ညီမလေး သွားလို့ရပါပြီ ... ငွေစာရင်းဌာနမှာလည်း ညီမလေး လုပ်ရကိုင်ရတာ အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... "

"လိုအပ်တာပြောနော် ... မမသော်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာပါ"

"ရပါတယ် မမသော်"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး သွားနိုင်ပါပြီ"

မေချစ်သူ အရိအသေပေးပြီး ထွက်သွားသည်။ သော်စိတ်တွေ လေးလံနေဆဲပင် … မေချစ်သူလို မိန်းကလေးတစ်ယောက်နှင့်ပင် သူမ ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ … လမင်းထိန် ရှင့်ကြောင့်ပဲ — သော့်ကို ရှင် မချစ်လို့လေ …

"မင်းအမေကို ငါ အရမ်းမုန်းတယ်၊ ငါ့အမေကို မင်းအမေ ချုပ်ကိုင်ဖို့ကြိုးစားနေတယ်လို့ ငါထင်တယ် သော်"

ငယ်စဉ်က ထိန် အမြဲတမ်းပြောနေတတ်တဲ့စကားတွေ ဖြစ်သည်။ သော့်မေမေကလည်း ထိန့်ကိုမချစ်ခဲ့ … ထိန် ပိုင်ဆိုင်ရမယ့် စည်းစိမ်ဥစ္စာတွေကြောင့် သူမနှင့် လက်ထပ်စေခဲ့တာပါ။ မေမေ့ ဘဝမှာ အမြဲတမ်းငွေပဲ … သော့်ဘဝရေး စိတ်အေးချင်သည်ဟု လည်း ပြောသည်။ သူမ ထိန့်ရုံးခန်းထဲဝင်လာခဲ့၏။ ထိန့်မျက်နှာက ညိုးငယ်ထိုင်းမှိုင်းနေသည်။

"ထိန်"

"ဟင်"

"သော်တို့ မင်္ဂလာဖိတ်စာတွေရိုက်ရမယ်၊ ဒီနေ့ပဲ ထိန်နဲ့ သော် သွားကြည့်ရအောင်နော်"

"သော်ပဲစီစဉ်ပါ၊ ကိုယ် လိုက်မကြည့်ချင်ဘူးကွာ … ကိုယ့်ကို တစ်မျိုးမထင်ပါနဲ့ သော် … ဒက်ဒီက နေမကောင်းဘူး"





"သော်သိပါတယ်၊ ရတယ်လေ ထိန် … နောက်နေ့တွေမှာပဲ ကြည့်တော့မယ်၊ ဖိတ်စာနမူနာတွေ သော့်လက်ထောက်ကို ယူခိုင်းပါ့မယ်"

"သော် ကောင်းမယ်ထင်သလိုစီစဉ်ပါ၊ အရေးကြီးတာက ကိုယ့်ဒက်ဒီကျန်းမာရေးကြောင့် ကိုယ်တို့လက်ထပ်ပွဲကို အမြန်ဆုံး လုပ်စေချင်တယ်"

"စိတ်ချပါ ထိန်"

သူ့ဘက်ကနေ စတင်ပြင်ဆင်ရမည်ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုတွေကို သူ လုံးဝလက်မခံနိုင်ပေ … သူ့မိသားစုဘဝ ပြိုကွဲခဲ့ရ၏။ သော့်ကို မချစ်နိုင်ရင်တောင် သူ့ဇနီးတစ်ယောက်အနေနှင့် စိတ်သောက မရောက်စေလိုပေ … သူ ယောကျ်ားပီသစွာ တာဝန်ယူရမည်ဖြစ်သည်။

"ဒါဆို သော် သွားမယ်နော် … မောင့်ကိုလည်း စိတ်သောကတွေရောက်အောင် သော် မလုပ်ပါဘူး"

သော် ပြန်ထွက်သွားသည်။ သူ့စိတ်တွေက မပျော်နိုင် … ဒါပေမဲ့ သူ့ဘက်ကနေ မဖောက်ပြန်စေရန်တော့ သူ အတတ်နိုင်ဆုံး စောင့်ထိန်းရမည်ဖြစ်သည်။

"ချစ်ရယ် … ကိုယ့်ဘဝက ဘယ်လိုမှရှောင်လွှဲလို့မရနိုင်တော့ဘူး၊ မင်းဘဝလေးကောင်းစားဖို့ ကိုယ် တာဝန်ယူသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းတွေ တာဝန်ယူရလိမ့်မယ်"

ထိန် တွေးနေမိသည်။ ဒက်ဒီက သော်တို့သားအမိအပေါ် သံယောဇဉ် တွယ်တာနေသည်။

"ဒက်ဒီရဲ့ဆန္ဒတွေ သား အတတ်နိုင်ဆုံးဖြည့်စွမ်းပေးပါ့မယ် ဒက်ဒီ မြင်တွေ့ချင်တဲ့မြင်ကွင်းတွေကိုလည်း မြင်တွေ့သွားစေရပါ့မယ်"

အမိက ... သော့်ကို ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုးဆက်ဆံဖို့ပဲ ... သော့်မေမေကိုလည်း သူ့ကိုယုံကြည်မှုရှိစေရန် လုပ်ဆောင်ပြသဖို့ ဆုံးဖြတ်ထားသည်။ ညနေရုံးဆင်းတော့ သော့်ကို သူ စောင့်နေခဲ့၏။ ကိုကိုနှင့် ဆုံမိသွားသည်။ မေချစ်သူကိုစောင့်နေတာက ကိုကိုပင် ...

"ထိန် ... မင်း သော့်ကိုစောင့်နေတာလား"

"အင်း ... "

"ကိုယ်ကတော့ ချစ်ကိုစောင့်နေတာလေ"

"ကိုကို"

"ပြော"

"ချစ်ကိုလက်ထပ်ပါ၊ ချစ်ပျော်ရွှင်အောင် ထားပေးပါ၊ ဖြူစင်တဲ့ကောင်မလေးတစ်ယောက် ဖြစ်နေလို့ပဲ"

"ထိန်ရာ ... ချစ်ကို ကိုယ်အရမ်းလက်ထပ်ချင်တာပါ၊ ချစ်





ပျော်ရွှင်ချမ်းမြေ့အောင်လည်း ကိုယ်ထားနိုင်ပါတယ်၊ ဒါပေမဲ့ ချစ်က ငြင်းတယ်"

"ဟင် ... "

"ချမ်းသာတဲ့သူတွေကို လက်မထပ်နိုင်ဘူးတဲ့လေ ... မာနတော့ကြီးတယ်"

ကိုယ့်ကြောင့်လား ချစ်ရယ် ... ကိုယ့်တောင်းဆိုမှုတွေကြောင့်လား။ လမင်းထိန်ဆိုတဲ့ကောင်က မေချစ်သူအပေါ် အနိုင်ကျင့်မိုလ်ကျတာတွေ များလွန်းနေပါပြီ။ မေချစ်သူ ထွက်လာသည်။

"ထိန် သွားပြီနော်"

မေချစ်သူက သူ့ကို ခေါင်းလေးငုံ့အရိုအသေပေါပြီး နှုတ်ဆက်၍ ကိုကို့ကားပေါ်တက်သွားသည်။ သူ့စိတ်တွေ ထိန်းချုပ်ထားသည့်ကြားမှ ဒေါသတွေပေါက်ကွဲချင်နေ၏။ ချစ်ကို တားဆီးချင်သည်။

"မောင်"

"ဟင်"

"သော် နောက်ကျသွားတယ်၊ မောင် စောင့်နေရတာကြာပြီလား၊ ရုံးခန်းမှာ အလုပ်ကိစ္စတွေ မပြီးပြတ်သေးလို့ပါ"

"တက်လေ သော်"

စောစောက မေချစ်သူထွက်သွားတာမြင်လိုက်ရ၍ သော်



www.burmeseclassic.com

www.burmeseclassic.com



နောက်ချန်နေခဲ့ခြင်းဖြစ်သည်။ ကိုကို့ကားနှင့်လိုက်သွားတာ တွေ့လိုက်ရ၏။ ကိုထိန် ဘယ်လောက်အထိ ခံစားနေရလဲ။ မျက်နှာလေး နွမ်းလျနေသည်။

"သော် ကားမောင်းပေးရမလား မောင်"

"ကိုယ်မောင်းပါ့မယ်"

သော့်အပေါ် သူ သစ္စာရှိရမယ်။ ချစ်အပေါ် သူ့ သံယောဇဉ်တွေကြီးမားနေတာ မဖြစ်သင့်ဟုထင်သည်။ ချစ် ... မင်းလက်ထပ်သင့်တာက ကိုကိုပါ။ ရင်တွေ နာကျင်နေ၏။ ချစ်ကိုချစ်တဲ့ ခံစားမှုတွေ သူ့ရင်ထဲမှာ ပြည့်နှက်နေသည်။

"မောင်"

"ပြောလေသော်"

"မနက်ဖြန်တော့ ဖိတ်စာအပ်ရမယ်လေ၊ ဟိုလေ ... မောင့်မေမေနာမည်ထည့်ဖို့"

"ထည့်မနေပါနဲ့ သော် ... ဒက်ဒီ့အနာမည်ပဲ ထည့်ပါ"

"မဟုတ်တာ မောင်ရယ် ... ဘာပဲဖြစ်ဖြစ်ပါ၊ အဲဒါ ထိန့်လက်ခံမှ ဒက်ဒီက လက်ခံမယ်လေ"

မာမီ့နာမည်ကိုတွေ့လျှင် ဒက်ဒီခံစားရမှာကိုလည်း ထိန်မလိုလားပေ ... ဘာဖြစ်လဲ ... ဒက်ဒီ့နာမည်ပဲထည့်မယ်။ လူတွေဘယ်လိုပဲဝေဖန်ကြပါစေ။ သူကတော့ ... ဒက်ဒီ့ကိုပဲ ငဲ့ညှာ





ထောက်ထားရမည်ဖြစ်သည်။

"ကိုယ့်ဒက်ဒီနာမည်တစ်ခုပဲ ထည့်ပါ၊ မာမီ့နာမည်နဲ့ယှဉ်တွဲပြီး ဒက်ဒီ ခံစားနိုင်မှာမဟုတ်ဘူး သော်"

"သော် ... မောင့်ဒက်ဒီကို မေးကြည့်မယ်လေ၊ ဒက်ဒီက လက်ခံမယ်ဆိုရင်ရော"

"အရာအားလုံးက ကိုယ့်ဒက်ဒီ သဘောဆန္ဒတွေအတိုင်းပါပဲ သော်"

သော် စိတ်ဓာတ်တွေအမူအကျင့်တွေ ပြောင်းလဲသွားပြီပဲ။ သူ့ကို ငဲ့ညှာထောက်ထားလာတတ်တော့ သူ အသိအမှတ်ပြုရမည်ဖြစ်သည်။ ကိုယ့်ဘက်က မင်းကို မချစ်နိုင်တာတောင်မှ ကိုယ့်ဘက်က မဖောက်ပြန်ပါဘူးလို့ ... ကိုယ်ကတိပေးနိုင်ပါတယ် သော် ... ကိုယ် ယောကျ်ားပါ။ တာဝန်ယူပါ့မယ်။ သော့်ရှေ့မှာ ကြေကွဲနာကျင်နေရတဲ့ အမူအယာတွေကို ပြင်ရမည်ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"ဒက်ဒီ ... "

"ဟင်"

"ဒီမှာဖိတ်စာတွေ ... ဒက်ဒီရွေးချယ်ပါ၊ လက်ထပ်ပွဲအတွက် သော့်ကို အားလုံးစိတ်တိုင်းကျစီစဉ်ဖို့ သားအပ်ထားတယ်"

သားထိန်က သူမီးသော့်လက်ကိုဆွဲပြီး မိမိစိတ်ချမ်းသာရန် ပြုမူပြသနေသည်ကို ဦးသီဟ သိသည်။ သားရယ် ... မချစ်မနှစ်သက်တဲ့မိန်းမတစ်ယောက်ကို ဒက်ဒီ့အတွက် မင်း ကြိတ်မှိတ် လက်ထပ်မှာ မဟုတ်လား ... သော်နဲ့သားလက်ထပ်ပြီးလို့ ဒက်ဒီ စိတ်အေးမယ်ထင်နေလား။ မတတ်နိုင်ဘူးလေ ... ဒက်ဒီ ကျူးလွန်ခဲ့တဲ့အပြစ်တွေပဲ ... သားလေးနဲ့မင်းမာမီက တန်ဆာခံဘဝ ပျက်စီးနစ်မွန်းကြရတာပါ။ သားအမေကို မိမိနှင့်ပွင့်တို့ ပေါင်းပြီး မောင်းထုတ်ပစ်ခဲ့ကြသည်။

"သားမာမီကို သား ခုထိမုန်းနေသေးတယ် ... သား



နှစ်ပေါင်းများစွာ မိခင်အပေါ်မုန်းတီးနေအောင် ဒက်ဒီလုပ်ဆောင်ခဲ့တာပါကွာ"

သား ချစ်မြတ်နိုးရတဲ့မိန်းကလေးတစ်ယောက် ရှိနေသည်။ သား ပျော်ရွှင်ချမ်းမြေ့အောင် မိမိ မလုပ်ပေးနိုင်တော့ဘူး။ ပွင့် ကြောက်စရာကောင်းလွန်းတဲ့ မိန်းမပဲ ...

"ဒက်ဒီ ... ဖိတ်စာတွေက ရိုက်ရတော့မယ်၊ ဒက်ဒီ့ဆန္ဒမပါရင် မာမီ့နာမည်ကို မထည့်ပါနဲ့လား၊ အဟဲ ... သားကို မငဲ့နဲ့နော်၊ သား ဘာမှမဖြစ်ပါဘူး၊ ဒက်ဒီပဲ အဖေ ... ဒက်ဒီပဲအမေပါ"

"သားရယ် ... "

မင်းမာမီက အပြစ်မဲ့သူပါ။ ယုတ်မာရက်စက်တာက ဒက်ဒီပဲ ... ဖောက်ပြန်ခဲ့တာက ဒက်ဒီ ... သားသိသွားရင် ... ဦးသီဟ နာကျင်ရသည်။ သားက မိခင်အပေါ် ဘဝတစ်လျှောက်လုံး မုန်းတီးနာကျည်းနေမှာလည်း မဖြစ်သင့်ဟု ထင်မိ၏။ သားလေး ငံရဲကြီးနေတော့မယ်။ တာဝန်မကျေတဲ့ဖခင်ကြောင့် သားထိန် အကုသိုလ်တွေ ရင်မှာပိုက်ထားရသည်။

"မင်းအမေနာမည် ထည့်ပါ၊ ဒက်ဒီလည်း သေရတော့မယ့်သူပါကွာ ... အာဃာတတွေ ထားမနေတော့ပါဘူး"

"ဒက်ဒီရယ် ... သားအတွက် မစဉ်းစားပါနဲ့နော် ... သားက တော့ ဒက်ဒီ့ဆန္ဒပဲ အဓိကပါ"

"သားရယ် ... မင်းမာမီနာမည် ထည့်ပေးပါ ဒက်ဒီ တွေ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နပ် လက်ခံပါတယ်၊ ဖြစ်သင့်တာပဲလေ”

နောက်ဆုံး သားရင်ထဲက မာမီ့အပေါ်အထင်လွဲနေတာတွေကို ဖျောက်ဖျက်ပေးချင်ပါတယ်။

“ဒက်ဒီ”

“ဟင်”

“စိတ်ထဲမှာ ဘာမှပူပင်မနေပါနဲ့ … သား ဖောက်ပြန်တဲ့ မိသားစုဘဝကို အရှမ်းမုန်းတီးနာကျည်းခဲ့ပါတယ်၊ သော်ကို သစ္စာရှိမှာပါ၊ ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်မှာပါနော်”

“သားရယ်”

သော်ကိုလည်း ဒက်ဒီ့ရှေ့မှာ ချစ်ခင်ကြင်နာပြရသည်။ ဒက်ဒီ့အခြေအနေက ဆိုးဝါးသထက်ဆိုးဝါးနေရ၏ … ထိန် စိတ်ထိခိုက်ကြေကွဲနေရသည်။

“ထိန်”

“ဟင်”

“ဒက်ဒီက လက်ခံနေပြီပဲ … ထိန့်မှာ အမေနာမည်မပါရင် ပတ်ဝန်းကျင်က မေးငေါ့အတင်းအဖျင်းပြောစရာကြီး ဖြစ်ရမယ် ထည့်မှဖြစ်မယ်လေ”

သော် … မင်းက မင်းရဲ့ဂုဏ်သိက္ခာအတွက် ကိုယ့်အမေနာမည်ကို ထည့်ချင်နေတာမဟုတ်လား …





“မင်းသဘောပဲ သော်ရယ် … ကိုယ်ကတော့ ကိုယ့်ဒက်ဒီ စိတ်ချမ်းသာရေးပဲ အလိုအပ်ဆုံးပါ”

ထိန် … ရှင်က ရှင့်အဖေအတွက် သော့်ကိုလက်ထပ်တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရှင့်ကို မဖြစ်မနေ ကျွန်မပိုင်ဆိုင်ရမယ်။ မေချစ်သူလို ကောင်မလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်ရင် … ကျရှုံးရတာမျိုး သော် လက်မခံနိုင်ဘူး။

“ဖိတ်စာတွေလိုက်ဖိတ်ရင်တော့ မောင် လိုက်ရမှာနော်”

“လိုက်မှာပါ သော်ရယ် … ကိုယ့်ကို နည်းနည်းလေးတော့ အချိန်ပေးပါ”

“မောင်”

“သော် … ”

“ကျွန်မကို စိမ်းစိမ်းကြီးမဆက်ဆံပါနဲ့နော် … မောင်လို့ပဲ သုံးပါလား”

“သော်ရယ် … အဲဒါက အရေးမကြီးပါဘူး။ မင်းအတွက် ကိုယ်ကတိပေးပါတယ်၊ ကိုယ် ဘယ်သူနဲ့မှ မပတ်သက်တော့ဘူး၊ ကိုယ့်မိဘတွေလို ကိုယ် ဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်လို့ပါ”

သော် ပြန်သွားသည်။ ထိန့်ရင်ထဲမှာ နာကျည်းနေရ၏။ သော့်ကို ဘယ်လောက်ပဲ သူ့စိတ်ကိုလျှော့ပစ်ထားပါစေ။ ချစ်၍မရခဲ့ … ဘာဖြစ်လို့မှန်းလည်း ထိန် မသိဘူး … ချစ်ကြောင့်ပဲလား။

“သားထိန် … ဘယ်သွားမလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ... မအိပ်သေးဘူးလား၊ မောနေလားပဲ"

"နည်းနည်းတော့ မောတာပေါ့ကွာ"

"သား အပြင်ကိုခဏသွားမယ်၊ သားကိုယ်သား တည့်မတ်အောင် ထိန်းသိမ်းနိုင်ပါတယ်"

ဦးသီဟ သားကို ဘာမှမပြောတော့ ... ကလေးမှမဟုတ်တာဘဲ ... မိမိ ညေ့ခန်းမှာထိုင်နေတာ ပွင့် ဖုန်းဆက်ထား၍ဖြစ်သည်။ သား မသိတာဘဲကောင်းတယ်လေ ... မိမိနှင့်ပွင့် ပြဿနာတွေရှင်းပစ်ရမယ်။ ခဏကြာတော့ ပွင့် ရောက်လာသည်။

"ကိုသီဟ ... ရှင် ဘာလုပ်တာလဲ ... ရှင့်မိန်းမနာမည်ကို ဖိတ်စာထဲထည့်မလို့ဆို"

"မင်းသမီးရဲ့တောင်းဆိုချက်ပဲလေ ပွင့် ... ဘာဖြစ်လို့လဲ၊ မအေနာမည်မပါဘဲ ဘယ်လိုဖိတ်စာရိုက်မလဲ ... မတင့်မတယ်နဲ့"

"ရှင်က အလွယ်တကူလက်ခံလိုက်တာတဲ့ ... သော် ပြောပြတာ ... ရှင် သေခါနီးမှ နောင်တတွေရနေပြီလား ကိုသီဟ"

"ဘာပြောတယ် ပွင့် ... အဟွတ် ... ဟွတ် ... အဟွတ်"

ဦးသီဟ ချောင်းတွေက အဆက်မပြတ်ဆိုးနေသည်။ မောလိုက်တာ ... မိန်းမယုတ်မ ဘာမဟုတ်တဲ့ကိစ္စလေးကို အကြောင်းရှာပြီး မိမိအား ချုပ်ကိုင်ဖို့ကြံစည်တာ ... မသိဘဲနေမလား။

"ရှင်ပဲ ပွင့်ကိုအရမ်းချစ်တယ်ဆို ... ပွင့်အတွက် အရာအားလုံးကို စွန့်လွှတ်ရဲခဲ့တာ မဟုတ်လား"





"တော်ပါတော့ပွင့် ... မင်းပြန်ပါတော့ ... လောဘတွေ ဒီလောက်အထိမကြီးပါနဲ့ကွာ ... မင်း ရသင့်တာထက် အများကြီး ရခဲ့သူပါ၊ မင်းကို အကြွေးနွံထဲကနေ ကိုယ် ကယ်တင်ဆွဲထုတ်ပေးခဲ့တာပါ၊ မင်းကို တိုက်နဲ့ ... ကားနဲ့ ... စီးပွားရေးလုပ်ငန်းတွေ အပြည့်အစုံ ကိုယ် ထားပေးခဲ့တာပဲ"

"အဟွတ် ... ဟွတ်"

ဦးသီဟ နောင်တတွေ အကြီးအကျယ်ရနေမိသည်။ အခု သားဘဝရှေ့ရေး စိတ်မအေးရသေးဘူး။ တကယ်တမ်းကျတော့ ပွင့်သမီး သော်နှင့် သားကို မိမိ သဘောမတူနိုင်ခဲ့ ... ဒါပေမဲ့ ပွင့်ကျေနပ်စေရန် သဘောတူလိုက်ရသည်။

"ကျွန်မသမီး သော့်နာမည်နဲ့ ကုမ္ပဏီကိုလွှဲပေးတာ ရှင် ဘာများခက်ခဲနေလဲ ... ကျွန်မသမီးအနာဂတ်အတွက် ကျွန်မ လုံးဝစိတ်မအေးဘူး"

"ပွင့် ကိုယ် လုံးဝလက်မခံနိုင်ဘူး၊ မင်းသမီး သော့်ရှေ့ရေးပူရအောင် ကိုယ် စီစဉ်ပေးထားခဲ့တာပဲ ... အဟွတ် ... ဟွတ်"

ဒေါ်ပွင့်ပွင့်လည်း မိမိအကြောင်းကို ထုတ်ဖော်မပြောရဲ ... သမီးသော်အိမ်ထောင်ရေးကို ထိခိုက်နိုင်၍ဖြစ်သည်။

"ပွင့် ... မင်းသွားပါတော့ ... ကိုယ် ဘာမှဂရုမစိုက်နိုင်ဘူး၊ ခုချိန်မှာ ကိုယ့်အပြစ်တွေ ဝန်ခံပစ်ချင်တယ်"

"လူယုတ်မာကြီး ... ကျွန်မကို အရှက်ကွဲအောင်လုပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



မလို့လား"

"မင်း အေးအေးဆေးဆေးနေပါ ပွင့် ... မင်းကြောင့် အပြစ်မရှိတဲ့ငါ့ဇနီး ဒုက္ခရောက်ခဲ့ရတယ် ... ငါ့သားက သူ့အမေအပေါ် မုန်းတီးနာကျည်းနေတယ်၊ ငါ့သား အပြစ်တွေကျူးလွန်နေရတာကွ ... သူ့အမေက အပြစ်မရှိပါဘူး၊ ယုတ်မာကောက်ကျစ်တာက မင်းပဲ"

"ကိုသီဟ ... ပွင့် တောင်းပန်ပါတယ်၊ ကုမ္ပဏီကို ပွင့်သမီးနာမည်နဲ့လွှဲပေးပါ၊ ပွင့်သမီးသော်အတွက် အမေတစ်ယောက်အနေနဲ့ လုပ်ပေးချင်ပါတယ်"

ပွင့် ဘယ်လိုပဲဖြစ်ဖြစ် ... စိတ်တွေခြောက်ခြားနေရပြီး ကိုသီဟကို အတင်းဖက်တွယ်ရင်း တောင်းဆိုနေမိသည်။

"ပွင့် ... ဖယ်စမ်းပါ၊ မင်းရဲ့မြူဆွယ်ဖြားယောင်းမှုတွေကြောင့် ငါ့ဘဝပျက်ခဲ့ရပြီ၊ မင်း ကျေနပ်ပါတော့ ... ဒီလောက်နဲ့ပဲ ကျေနပ်ပါ၊ အခုလည်း ငါ့သားက မင်းသမီးကို မချစ်ဘဲနဲ့ လက်ထပ်ရတော့မယ်၊ အရာအားလုံး ငါ့အပြစ်တွေပဲ ပွင့်"

"ကျွန်မတောင်းဆိုမှုတွေကို ... ခွင့်ပြုလိုက်လျှော့ပေးပါ ကိုသီဟရယ် ... ရှင်ကိုယ်တိုင် ကျွန်မကို ချစ်မြတ်နိုးခဲ့တာလေ ရှင်မသေခင် လုပ်ပေးပါနော်"

"ဖယ်စမ်းကွာ ... ငါသေမှာ မင်းကမစိုးရိမ်ဘဲ မင်းလိုချင်တာတွေပဲ အတ္တကြီးကြီးနဲ့တောင်းဆိုနေတာပဲ အဟွတ် ... အဟွတ်





အဟွတ်"

ဒေါ်ပွင့်ပွင့်ကတော့ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး။ မိမိလိုချင်တာကိုပဲ အတင်းအကျပ်တောင်းဆိုမိနေသည်။

"ဒက်ဒီ ... ဒက်ဒီ ဘာတွေဖြစ်နေတာလဲ၊ ခင်ဗျား ဘာလုပ်နေတာလဲ၊ ခင်ဗျားနဲ့ကျုပ်အဖေက ဘာတွေလဲ ... ဒက်ဒီ ... သားကိုပြောပြပါ၊ ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါ"

"ဟင် သား"

"မင်း ... မင်း ... လမင်းထိန် ... မင်း အားလုံးကြားသွားပြီလား"

"ဟုတ်တယ် ... ကြားတယ်၊ ဒက်ဒီနဲ့ခင်ဗျားကြီး ဘာတွေဖြစ်ကြတာလဲ"

"တောက် ... "

ဒေါ်သတကြီးနှင့် သူ့ကို ကျောခိုင်းပြီးထွက်သွားသည်။

"ဒက်ဒီ"

"အဟွတ် ... အဟွတ် ... အဟွတ်"

"ဘာတွေလဲ ... ဒက်ဒီနဲ့ဒေါ်ပွင့်ပွင့်က ဘာတွေဖြစ်ကြတာလဲ ... ထိန့်မာမီရော အပြစ်မရှိဘဲ မောင်းထုတ်ခံလိုက်ရတာလား ဒက်ဒီ"

"သားရယ် ... ဒက်ဒီလည်း မသေခင် ဝန်ခံသွားချင်ပါတယ် ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟအနေနှင့် နောက်ဆုံးအချိန်တွင် သားကို အဖြစ်မှန်တွေပြောပြဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ဒီအဖြစ်မှန်တွေကို ဒက်ဒီမပြောရင် သားဘဝတစ်လျှောက်လုံး အကုသိုလ်တွေနဲ့ အဆုံးသတ်တော့မယ်၊ ဒါကြောင့် ... ဒက်ဒီ ပြောပြဖို့ဆုံးဖြတ်မိတာပါ"

ဦးသီဟ ... အဖြစ်မှန်တွေအားလုံးကို ပြောပြလိုက်သည်။

"ဖြစ်မှဖြစ်ရလေ ဒက်ဒီရယ် ... ဘယ်လိုဖြစ်ရတာလဲဗျာ ထိန် မာမီက အပြစ်မရှိဘူးပေါ့"

"ဟုတ်ပါတယ် သားရယ် ... ဒက်ဒီ့အမှားတွေပါ၊ ဒက်ဒီ အကြံအစည်တွေပါ၊ ဒက်ဒီက ဖောက်ပြန်ခဲ့တာပါ၊ မင်းမာမီက မာန ကြီးတယ်၊ ဆင်းရဲတာဆင်းရဲတာပဲ ... ဒက်ဒီ့ကို လုံးဝ အဆက် အသွယ်မလုပ်ဘဲ ဘဝကို အနစ်မွန်းခံသွားရှာတယ်လေ"

"မာမီရယ် ... သား ဘယ်လိုဖြေရှင်းရမလဲ၊ သားဘဝတစ် လျှောက်လုံး မာမီ့ကို မုန်းတီးနာကျည်းပြီး ... အကုသိုလ်တွေ ရင်မှာပိုက်ထားခဲ့ရတာပါ"

"သား ... ဒက်ဒီ့ကိုခွင့်လွှတ်ပါ ... ဒါကြောင့်လည်း ပွင့် လောဘတကြီး အရာအားလုံးသိမ်းပိုက်မှာစိုးရိမ်ပြီး ပွင့်တောင်းဆို သမျှ ငြင်းပယ်ခဲ့တာပဲ"

ဒက်ဒီ့ကို ထိန် ဘယ်လိုလုပ်ပြီးအပြစ်တင်ရက်မှာလဲ။ ဒက်ဒီ့ အချိန်တွေက သူ့အနားမှာနေထိုင်ဖို့ မရှိတော့ဘူး။ သားမာမီအတွက်





ပဲ ... ဖြေလို့မရအောင် ခံစားနေရပါတယ်။

"သား ... မင်း ချစ်မြတ်နိုးတဲ့မိန်းကလေးကိုပဲ လက်ထပ် ပါတော့ ... မင်း ပျော်ရွှင်မှုအတွက် လုပ်ပေးခဲ့ချင်တယ်၊ သားကို အပူသောကတောထဲမှာ မနစ်မွန်းစေချင်တော့လို့ပါ"

"ဒက်ဒီရယ်"

ဒက်ဒီ့ကို ထိန် ဖက်ထားပြီး ကြေကွဲစွာရှိုက်ငိုမိနေသည်။ ထိန် ဘယ်လိုလုပ်ရမလဲ။ မာမီ့အပေါ် ထိန် ပြစ်မှုတွေကျူးလွန်ခဲ့ မိသည်။ စွပ်စွဲပုတ်ခတ်ရင်း နာကျည်းနေခဲ့၏။ ဘယ်လိုဖြေရမလဲ။ ထိန် ဘာဆက်လုပ်ရတော့မလဲ။ ဒေါ်ပွင့်ပွင့် ... ခင်ဗျား ယုတ်မာ တာပဲ ... ကျုပ်တို့မိသားစု လုံးဝပြိုကွဲသွားရတယ် ... ထိန် လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ ဒက်ဒီ့ကိုသတိရသွားပြီး ထိန့်စိတ်တွေကို လျော့ ပစ်လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၄ )

"မင်း ... မင်း ... ငါ့သမီးကိုလက်ထပ်ဖို့ငြင်းရင် မင်းကို အချုပ်ထဲပို့ပစ်လိုက်မှာနော် ထိန် ... မင်း ငါ့ကိုဘာအောင်းမေ့နေလဲ၊ ပြောရရင် ငါက နှင့်မိတွေးပဲ"

"အန်တီပွင့် တော်ပါတော့ဗျာ ... ထိန် တောင်းပန်ပါတယ် ကုမ္ပဏီမှာ ဘာတွေလာပြောနေတာလဲဗျာ"

"မင်းကုမ္ပဏီမှာပဲ တမင်ပြောတာ ... ပွင့်ပွင့်ကို မင်းလွှတ်မထားနဲ့နော်"

"စိတ်ကိုထိန်းပါ အန်တီပွင့် ... ကျွန်တော် သော့ကို လက်မထပ်နိုင်တော့ပါဘူး၊ ကျွန်တော့်အမေအတွက်ပါ"

"မင်း ... မင်း"

"သော် မနစ်နာစေရပါဘူး ... ဒီကုမ္ပဏီကို သော့နာမည်နဲ့ လွှဲပေးမှာပါ"





"ဘာပြောတယ် လမင်းထိန်"

"ကျေးဇူးပြုပြီး ကျွန်တော်တို့သားအဖကို မနှောင့်ယှက်ပါ နဲ့တော့ ... တောင်းပန်ပါတယ် အန်တီပွင့်"

"ကောင်းပြီလေ ... ငါလိုချင်တာက အဲဒါပဲ ... လမင်းထိန် မင်းနဲ့လည်း ငါ အစောကြီးထဲက လုံးဝသဘောမတူဘူး၊ မင်းက ငါ့သမီးကို အညှိုးနဲ့နှိပ်စက်တော့မှာလေ"

ထိန် ဘာမှဆက်မပြောချင်တော့ပေ ... ဘာထူးတော့မှာလဲ အက်ဒီလည်း ကျန်းမာရေးချို့တဲ့လာပြီ။ သော်နှင့်လက်ထပ်ပွဲက တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပေ ... မာမီ ဘယ်လောက်အထိ သောကတွေ ဒုက္ခတွေပင်လယ်ဝေသွားရလဲ။ ဒေါ်ပွင့်ပွင့်ကြောင့်ပဲ။ အတိတ်ကအကြောင်းအရာတွေကို သော်လည်းသိသွား၏။ ရှက်ပြီး ငိုယိုနေသည်။ ကုမ္ပဏီကိုပင် မလာတော့ ... ဒေါ်ပွင့်ပွင့်က လာပြီး သောင်းကြမ်းနေသည်။

"အန်တီပွင့်ပြန်ပါတော့ ... သော်နဲ့စီစဉ်ပါ့မယ်၊ ကျွန်တော့်ကို သာတွေ့ဖို့ သော့်ကိုလွှတ်ပေးပါဗျာ"

"ကောင်းပြီလေ ... မင်းကပေးမယ်ဆိုလို့ ... ငါ နောက် ဆုတ်လိုက်မယ်၊ ငါ့သမီး နစ်နာလို့လုံးဝမဖြစ်ဘူး မှတ်ထား"

ထိန်ငြိမ်သက်နေသဖြင့် ဒေါ်ပွင့်ပွင့် ပြန်ထွက်သွားသည်။ ကုမ္ပဏီဝန်ထမ်းတွေသိနေကြသဖြင့် ထိန်လည်း ဒီကုမ္ပဏီမှာ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးလုပ်လိုခြင်း မရှိပေ ... သော်ကိုပဲ လွှဲပြောင်းပေးဖို့ဆုံးဖြတ်ထား သည်။

"ထိန့်"

"ဟင် ကိုကို"

"မင်းတို့လက်ထပ်ပွဲ ပျက်သွားပြီဆိုကွ"

"ဟုတ်တယ် ကိုကို ... ကိုယ်ရေးကိုယ်တာကိစ္စတွေကြောင့် ပါ"

"ကိုယ်လည်း မင်းကိုအသိပေးစရာရှိလို့ လာခဲ့တာပါ"

ကိုကို့ကိုတွေ့လိုက်သဖြင့် ထိန် စိုးရိမ်ထိတ်လန့်သွားရသည်။

"ဘာတွေအသိပေးချင်တာလဲ ကိုကို"

"ကိုယ်နဲ့မေချစ်သူတို့ လက်ထပ်ကြတော့မယ်"

"ဘာပြောတယ် ကိုကို"

"ကိုယ်နဲ့လက်ထပ်ဖို့ မေချစ်သူက လက်ခံလိုက်ပြီ ထိန်"

ကောင်းပါတယ် ... မေချစ်သူရာ ... မင်းဘဝအတွက် အကောင်းဆုံးရွေးချယ်မှုပါ။ ကိုယ် ထောက်ခံပါတယ်။

"ကိုယ် ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုပါတယ် ကိုကိုရာ ... မေချစ်သူကို ပြောလိုက်ပါ၊ အမှန်အကန်ဆုံးရွေးချယ်မှုပါလို့"

"ထိန့်"

"ဟင်"





"ထိန့်ကို တစ်ခုမေးမယ်၊ ရင်ထဲမှာရှိနေတဲ့အတိုင်း အမှန် ကန်ဆုံးဖြေပါ"

"မေးလေ ကိုကို"

"မင်း ချစ်ကို ခုထိချစ်နေဆဲလားကွာ ... ပြီးတော့ မင်းနဲ့ သော်တို့ စေ့စပ်ပွဲပျက်သွားပြီပဲ ... မင်း ဘာဖြစ်လို့ ချစ်နဲ့လက်ထပ် ဖို့ မကြိုးစားရတာလဲ ထိန် ... မင်းဒက်ဒီက သဘောမတူလို့လား"

"ချစ်ကို ကိုယ် အသက်ရှင်နေသရွေ့ ချစ်မြတ်နိုးနေမှာပါ ကိုကိုရာ ... ဒါပေမဲ့ ချစ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ် ချင်ဘူး၊ ချစ်ဂုဏ်သိက္ခာမဲ့အောင်လည်း မလုပ်ချင်တာပါ၊ ချစ်ဆန္ဒ က ကိုယ့်ဆန္ဒပါပဲ"

ချစ်ရယ် ... မင်း ဘာကြောင့် ကိုကို့ကိုလက်ထပ်ဖို့ ဆုံးဖြတ် လိုက်တာလဲ ကိုယ်သိနေပါတယ်။ ကိုယ့်အတွက်ကြောင့် မဟုတ် လား။

"ကိုယ့်ဒက်ဒီက လူ့လောကကြီးထဲမှာနေထိုင်ခွင့်က အချိန် မရှိတော့ပါဘူး ကိုကို ... ဒက်ဒီက ကိုယ့်ဆန္ဒအတိုင်း လုပ်ခွင့်ပြုထား ပါပြီ၊ ကိုယ် ချစ်ကိုငဲ့ညှာရမယ်၊ ချစ်ကို ပျော်ရွှင်စေချင်တယ်၊ ထား ပါတော့လေ ... ပြောရရင် အကြောင်းအရာတွေက အများကြီးပဲ ချစ်ကို ပျော်ရွှင်အောင်ထားပေးပါ ကိုကို"

"စိတ်ချပါ ထိန့်ရာ ... ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကို ပျော်ရွှင်စေရပ့်မယ်၊ ကိုယ် ကတိပေးပါတယ်"

ကိုကို စိတ်တွေအေးချမ်းသွားရသည်။ ထိန်က အေးအေးချမ်းချမ်းပဲ ခွင့်ပြုခဲ့ဖြစ်၏။ မေချစ်သူက ခင်သော်ကရဲ့ဖိအားပေးမှုကြောင့် သူ့ကိုလက်ထပ်ဖို့ သဘောတူလိုက်တာဖြစ်နေပေမယ့် သူကတော့ ချစ်ကိုပိုင်ဆိုင်ခွင့်ရချင်၍ ပျော်ရွှင်ရသည်။ ထိန် မင်းခံစားနေရမှာပါ ... ကိုကို သိပါတယ်ကွာ ... ချစ်လည်း ရင်ထဲမှာ မီးတောက်တွေထတောက်မတတ် ခံစားနေရပါတယ်။ ကိုကို စိတ်ထိခိုက်ကြေကွဲနေရသည်။ ချစ်နှင့်တွေ့၏။ မင်္ဂလာပွဲကိစ္စစီစဉ်ဖို့ ချစ်အစ်မနှင့် တွေ့ဆုံစီစဉ်ရသည်။

"ချစ်"

"ရှင်"

"လက်ထပ်ပွဲကို ချစ့်ဘက်ကနေ ဆန္ဒပြုပေးပါ။ ကိုယ် ဘယ်လိုလုပ်ပေးရမလဲကွာ"

"ကိုကို"

"ပြောလေ ချစ်"

"ချစ် ဘာမှမတောင်းဆိုရဲပါဘူး ကိုကို ... အရေးကြီးတာက ကိုကို့ဆန္ဒပါပဲ ... ချစ် ရပါတယ်၊ ဒီလောက်အထိလုပ်ပေးတာ ချစ် အရမ်းပျော်ရွှင်ကျေနပ်ရပါတယ်၊ ကိုကို့ဆန္ဒအရပဲ စီစဉ်ပေးပါ"

"ချစ်ရယ်"





ချစ် ဘယ်လောက်အထိ နာကျင်ကြေကွဲနေရလဲ ဆရာရယ်။ ချစ်မှာ ရွေးချယ်စရာမရှိတော့လို့ပါ။ ဆရာ့ဂုဏ်သိက္ခာအတွက်ပါနော် ... ချစ်က ဂုဏ်မဲ့သူပါ။ ချစ်မျက်ဝန်းလေးတွေထဲမှာ ထိန်းချုပ်ထားသည့်ကြားမှ မျက်ရည်စတွေ ပြည့်လျှံလာရ၏။ ကိုကို့အပေါ်လည်း ချစ် သစ္စာမမဲ့ချင်ပါဘူး။

"မင်း ... လက်ထပ်လိုက်ပါ ချစ် ... ကိုကိုက မင်းငြင်းပယ်သင့်တဲ့ ယောက်ျားတစ်ယောက် မဟုတ်ပါဘူး၊ မင်း လက်ထပ်ပါ"

မမသော်က အတင်းအကျပ်တောင်းဆိုခဲ့သည်။

"ထိန်က မမသော်ကို လက်မထပ်တော့ဘူးဆိုတာတောင် မင်းက သွားမကပ်ပါနဲ့ ချစ် ... ဘယ်လောက်အထိ ပတ်ဝန်းကျင်ကနေ ကွဲရဲ့အပြစ်တင်နေလိုက်မလဲ၊ ထိန့်ဂုဏ်သိက္ခာမဲ့ရမယ့်အဖြစ်တွေကို မမသော် ဘယ်လိုမှမလုပ်နိုင်ဘူး"

မမသော်တို့လက်ထပ်ပွဲ ပျက်သွားတာကို ချစ် သိရသည်။ မိသားစုအရေးတွေကြောင့်ဖြစ်ပေမယ့် မမသော်ကတော့ မဆီမဆိုင် ချစ်အား ပြစ်တင်ပြောဆိုချင်နေ၏။ သူမအတွက် ရွေးချယ်စရာလမ်းက ကိုကိုနှင့်လက်ထပ်လိုက်ဖို့ပဲဖြစ်သည်။

"ချစ်ကို ပျော်ရွှင်အောင် ကိုကိုထားမှာပါ၊ ချစ်ဆန္ဒတွေကပဲ ကိုကို့အတွက် အရေးအကြီးဆုံးဖြစ်ရပါတယ်ကွာ ... ချစ်ကို အရမ်းချစ်တယ်"

ကိုကိုက သူမခန္ဓာကိုယ်လေးအား သိုင်းဖက်သည်။ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးချင်သည်။ သူမ သတိရတမ်းတမိနေတာက ဆရာပါ။ ကိုကိုက ချစ်မျက်နှာလေးကိုဆွဲမော့ပြီး ခပ်စူးစူးလေးကြည့်၏။ ချစ် မျက်ဝန်းတွေထဲမှ မျက်ရည်တွေကို ဘယ်လိုမှပြန်လည်ထိန်းသိမ်းနိုင်ဂွမ်း မရှိတော့ပေ ... မျက်ရည်တွေက ပြည့်လျှံမတတ်ဖြစ်နေသည်။

"ဟင် ... ချစ် ... မင်း ငိုနေတာလား ... ဘာဖြစ်လို့လဲကွာ ကိုကို့ကြောင့်လား၊ ကိုကိုက မင်းကို ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ"

"မဟုတ်ပါဘူး ကိုကို ... ချစ်လေ ... တစ်ကြိမ်တစ်ခါမှ အခုလို စောစောစီးစီး ငယ်ငယ်ရွယ်ရွယ်နဲ့လက်ထပ်ရလိမ့်မယ်လို့ မထင်ထားခဲ့ဘူးလေ ... အဲဒါကြောင့်လားမသိဘူး၊ မျက်ရည်တွေက ဘယ်ကနေပြုတ်ကျလာမှန်း မသိဘူး"

ချစ်က ရယ်ရင်း ... မျက်ရည်တွေကို သုတ်ပစ်သည်။ ကိုကို သိပါတယ် ချစ်ရယ် ... ထိန့်အတွက် မဟုတ်လား။ မင်းနှလုံးသားတွေထဲမှာ ထိန်ပဲရှိနေတာပါ။ မင်းချစ်တာ ထိန်ပဲ ... ကိုကိုနဲ့ လက်ထပ်ရင်လည်း မင်း ပျော်ရွှင်နိုင်မှာမှမဟုတ်တာ ...

"ချစ်"

"ရှင် ... "

"ကိုကိုလေ ... ချစ်ကို လက်မထပ်ရက်တော့ပါဘူး"

"ရှင် ... ဘာဖြစ်လို့လဲ ကိုကို ... ဟိုလေ ... ချစ် ဝမ်းနည်း





ကြေကွဲလို့ငိုတာ မဟုတ်ပါဘူးနော် ... ဆရာက ချစ်ရင်ထဲမှာရှိနေနိုင်ပေမယ့် ကိုကိုနဲ့လက်ထပ်ပြီးရင်တော့ ကိုကို့အပေါ် သစ္စာရှိပါ့မယ်၊ ချစ်ကို ယုံပေးပါနော်"

"ချစ်ကို ယုံပါတယ်ကွာ ... ကိုကိုက ချစ်ကို အမြဲတမ်း ပျော်ရွှင်ချမ်းမြေ့စေချင်တာပါ၊ လက်မထပ်ဖြစ်ခဲ့ရင်တောင် ချစ်ကို ညီမလေးတစ်ယောက်လို အမြဲတမ်းစောင့်ရှောက်သွားမှာပါ"

"ကိုကိုရယ် ... "

"ပြောလေ ချစ်"

"အမှန်အတိုင်းဝန်ခံရရင်လေ ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ ချစ် ခင်မင်ချင်တာပါ၊ လောလောဆယ်တော့လေ ဆရာ့ကို မေ့ပျောက်လို့မရနိုင်ဘူး ဖြစ်နေသေးပါတယ်၊ ဒါပေမဲ့လည်း ဆရာနဲ့ ချစ် ဘယ်တော့မှလက်ထပ်မှာမဟုတ်ပါဘူး၊ ချစ်အတွက် အချိန်လိုအပ်မယ်ထင်ပါတယ်"

"ချစ်ရယ် ... ကိုကို နားလည်ပါပြီကွာ ... ခင်သော်ကကို ငဲ့ညှာထောက်ထားစရာ မလိုပါဘူး၊ ချစ် အချိန်ယူပါ၊ ထိန်ကလည်း မင်းကိုပဲ ချစ်နေတာပါ၊ မင်းရဲ့ဂုဏ်သိက္ခာအတွက် သူက မင်းကို စွန့်လွှတ်ခဲ့တာပါ"

"ကျွန်မ ... ကျွန်မလေ ... ဆရာ့ကို နှလုံးသားထဲကနေ မောင်းထုတ်ပစ်မှာပါ ကိုကို ... အချိန်လေးပဲ လိုအပ်တာပါနော်၊ ချစ် လက်ထပ်သင့်တာက ကိုကိုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကတော့ ချစ်ကို အတင်းအကျပ်လက်ထပ်ဖို့ မလုပ်တော့ဖို့ဘဲ ဆုံးဖြတ်လိုက်သည်။ ချစ်ကို သူက ရယ်မောပျော်ရွှင်နေစေချင်ခဲ့၏။ ချစ် မျက်ရည်တွေ ကြိတ်ပြီးကျနေမယ့်အဖြစ်မျိုး ကိုကို ဘယ်လိုအကြောင်းနဲ့မှ မဖန်တီးနိုင်တော့ ... ချစ်ကို အားပေးနှစ်သိမ့်ပြီး ပြန်လာခဲ့သည်။ သူ ဆုံးဖြတ်လိုက်ပြီး ထိန့်ဆီကို ဖုန်းဆက်လိုက်၏။ ထိန်နှင့်ချစ်တို့ ပျော်ရွှင်စွာပေါင်းစေလိုခဲ့သည်။

"ထိန် ... မင်းစိတ်တွေကို သေသေချာချာစဉ်းစားဆုံးဖြတ်ပါ၊ မင်းချစ်နေတာ မေချစ်သူကိုဆိုရင် သတ္တိရှိရှိရင်ဆိုင်ပါ ထိန်"

"ဘာ ... ဘာပြောတယ် ကိုကို ... မင်းနဲ့မေချစ်သူက လက်ထပ်ကြမှာ မဟုတ်လား၊ ဟောကောင် ... အပိုတွေလာပြောမနေနဲ့ မင်းနဲ့ချစ် အပိုတွေလာပြောမနေနဲ့ ... မင်းနဲ့ချစ် လက်ထပ်ကြပါကွာ ... ငါ့ကိုမငဲ့ပါနဲ့ ... ချစ်ဆန္ဒအတိုင်းပဲ ဖြစ်ပါစေ"

"ချစ်ဆန္ဒက မင်းကိုချစ်နေသေးလို့ပဲ ... ချစ် မျက်ရည်တွေကျတယ်၊ ကိုယ်နဲ့လက်ထပ်ဖို့ ဆန္ဒမရှိလို့ဘဲ ... ချစ်ကို အချိန်လေးပေးပါတဲ့ ... ဆရာ့ကို သူမနှလုံးသားတွေထဲကနေ မောင်းထုတ်ပစ်ပါရစေဦးတဲ့ ... ကိုယ် ဆုံးဖြတ်လိုက်ပြီ ထိန် ... အချစ်ဆိုတာ ပေးဆပ်ခြင်းလည်း ရှိတယ်၊ ချစ်သူကို စိတ်ချမ်းသာ ပျော်ရွှင်စေချင်တာလေ ... ကိုယ် နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မယ်၊ မင်းတို့မင်္ဂလာပွဲပြီးမှပါ၊ မင်းဆုံးဖြတ်ပါ ထိန် ... တစ်ဘဝလုံးအတွက် အရေးကြီးတယ်နော် ... ကိုယ်ကတော့ ချစ်နဲ့လက်မထပ်တော့ဘူး။





ချစ်မှာ ဆန္ဒမရှိလို့ဘဲကွ ... ဒါပဲနော်"

"ဟောကောင် ကိုကို ... ဟာကွာ"

ထိန့်ရင်ထဲမှာ ... အပျော်တွေက ဘယ်ကနေဘယ်လို ဝင်ရောက်လာမှန်း မသိတော့ ... ဒက်ဒီကလည်း သား ချစ်မြတ်နိုးတဲ့ မိန်းကလေးကို လက်လွတ်အဆုံးရှုံးမခံပါနဲ့တဲ့ ... ချွေးမလောင်းကို ခေါ်လာခဲ့ဖို့ ပြောနေသည်။

"မင်းကို အပျော်တွေပဲ ဒက်ဒီလက်ဆောင်ပေးထားပါရစေ ထိန်ရယ် ... ဒက်ဒီ့ကြောင့် မင်းဘဝတစ်လျှောက်လုံး ကြေကွဲနာကျင်ရတာတွေ ... အနုစ်နာခံထိန်းချုပ်ခဲ့ရတာတွေ များပြားလွန်းပါတယ်၊ မင်းချစ်တဲ့ကောင်မလေး မေချစ်သူကို ဒက်ဒီတွေ့ချင်တယ် ... ခေါ်လာခဲ့ပါ"

သော်ကလည်း ကုမ္ပဏီကိုပဲ လက်ခံယူပြီး ... ကျေကျေနပ်နပ်ပဲ နောက်ဆုတ်ပေးဖို့ သဘောတူခဲ့သည်။ ချစ်က သော့်ဖိအားကြောင့် ကိုကိုနဲ့လက်ထပ်ဖို့ သဘောတူလက်ခံတာပါတဲ့ ... ထိန် အမြန်ဆုံး ချစ်ကိုသွားတွေ့ပြီး တားဆီးတော့တဲ့ ... ထိန် စဉ်းစားနေတုန်းပဲ ... ကိုကို ဖုန်းဆက်ပြီး ... လက်မထပ်ဖြစ်တော့တဲ့ အကြောင်း ပြောသွားခဲ့သည်။

"ချစ်ရေ ... ကိုယ်လည်း ဟန်ဆောင်မနေနိုင်တော့ဘူးကွာ မင်းကို လက်လွှတ်အဆုံးရှုံးမခံနိုင်တော့ဘူး၊ ဘယ်လိုအကြောင်းတွေပဲရှိရှိ မင်းကိုအရယူဖို့ ကိုယ် ဆုံးဖြတ်လိုက်ပြီကွ"

•



www.burmeseclassic.com

www.burmeseclassic.com



ထိန် ဆုံးဖြတ်ချက်ကို အခိုင်အမာချပစ်လိုက်ပြီး ချစ်သူရှိရာကို အမြန်ဆုံးရောက်လာခဲ့သည်။ အိမ်လေးထဲမှာ ချစ်တစ်ယောက်ထဲ ရှိနေခဲ့၏။ ထိန် ဘာမှပြောမနေတော့ဘဲ ချစ်ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ထားလိုက်သည်။

"ဟင် ... ဆရာ ဘာလုပ်တာလဲ၊ ကျွန်မက လက်ထပ်တော့မှာနော် ... လွှတ်ပါ"

ဆရာက ရုတ်တရက်ရောက်လာပြီး သူမကိုပွေ့ဖက်လိုက်၍ ချစ် အလန့်တကြားနှင့် ရုန်းဖယ်ပစ်နေမိသည်။

"ဆရာ ... ဆရာ ... လွှတ်ပါနော် ... မမသော်သိသွားရင် မကောင်းပါဘူး၊ ဆရာကိုယ်တိုင် အိမ်ထောင်ရေးဖောက်ပြန်တာ မကြိုက်ဘူးလေ"

သူမ အတင်းရုန်းဖယ်နေပေမယ့် ဆရာက မလွှတ်ပေ ...

"ချစ် ... ကိုယ်နဲ့သော်တို့ လက်မထပ်ဖြစ်တော့ပါဘူး ချစ်"

"ဟင်"

"ကိုယ် ကုမ္ပဏီကို သော့်နာမည်နဲ့လွှဲပေးလိုက်တယ်၊ သော်တို့သားအမိ ကျေနပ်ပြီးနောက်ဆုတ်သွားကြပြီလေ"

ဒက်ဒီနှင့်သော့်မာမီတို့ ဖြစ်ပျက်ကြတာတွေ ပြောပြလိုက်သည်။ ချစ် တအံ့တသြလေးဖြစ်သွား၏။ ဒါပေမဲ့လည်း ဆရာနဲ့ချစ်တော့ မဖြစ်သင့်ဟုထင်မိလာသည်။

"လွှတ်ပါ ဆရာ ... ကျွန်မနဲ့ကိုကိုက လက်ထပ်ကြမှာလေ၊





ဆရာတို့ပွဲပျက်တာနဲ့ ကျွန်မဆီ ဘာဖြစ်လို့ရောက်လာတာလဲ လွှတ်ပါ ... ဆရာက လူကြီးလူကောင်းဆိုရင် အဲဒီလိုမလုပ်ပါနဲ့ တောင်းပန်ပါတယ်"

"ကိုကိုက ကိုယ့်ဆီလာပြီး မေချစ်သူနဲ့ လက်ထပ်ပွဲဖျက်သွားပြီတဲ့ ... ထိန်နဲ့ချစ်တို့ကို ပျော်ရွှင်စေချင်လို့ ... ချစ်သူတွေချင်းပဲ လက်ထပ်ကြပါတဲ့ ... လာပြောသွားတယ်လေ"

"ဟင်"

"အားလုံးပြီးဆုံးသွားပါပြီ ချစ်ရယ် ... ဒက်ဒီ ကိုယ်တိုင်ကလည်း သူ့အမှားတွေအတွက် နောင်တတွေ အရမ်းရနေပါတယ်၊ သားချစ်တဲ့မေချစ်သူကို သူတွေ့ချင်တယ်တဲ့ ... ချွေးမလောင်းလေးကို ခေါ်လာပါတဲ့"

"မဟုတ်သေးဘူးလေ ဆရာ ... အဲဒါက ... ဟို ... ချစ် လက်မခံနိုင်ပါဘူး၊ ချစ်က ဆရာ့ဂုဏ်သိက္ခာတွေကို မှဲ့စေမယ့်သူပါ"

"ချစ်ရယ် ... ဒီတစ်ခါတော့ ကိုယ့်ဘဝတစ်ခုလုံး ပျော်ရွှင်ချမ်းမြေ့မှုကို ရှာပါရစေတော့ကွာ ... ကိုယ့်ကို မငြင်းပါနဲ့ ... ကိုယ့်ဒက်ဒီလည်း လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ်၊ ကိုယ်ချစ်မြတ်နိုးတဲ့မိန်းကလေးနဲ့ပဲ နေထိုင်ခွင့်ပြုပေးပါလား"

"ဆရာရယ် ... "

ချစ် ဘယ်လိုမှ ဟန်ဆောင်တင်းမာမနေနိုင်တော့ပေ ... ချစ်သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိသည်။ ဖူးစာရှင်တွေမှန်သည်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံခွင့်ပြန်ရခဲ့တာပဲလေ ... ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ချင်တော့ဘူး။ ချစ်သူနှင့်ဝေးရမည်ကို ကြောက်လာသဖြင့် ဆရာ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိနေ၏။ အိမ်မှာက မမလည်းမရှိ။ ဆရာနဲ့ချစ်ပဲ ရှိနေကြသည်။

"ကိုယ်တို့လက်ထပ်မယ်၊ ချစ်က ညံ့ဖျင်းတဲ့ကောင်မလေး တစ်ယောက် မဟုတ်ပါဘူး၊ ကိုယ်တို့ စီးပွားရေးတွေလုပ်မယ်၊ ပျော်စရာကောင်းတဲ့မိသားစုဘဝလေးကို တည်ဆောက်ကြမယ်၊ ကိုယ်နဲ့ချစ်တို့က ဖူးစာရှင်အစစ်အမှန်တွေပါ၊ ချစ်ရယ်နော်"

"အင်းနော်"

နှစ်ယောက်သား အပျော်တွေစီးမျောနေတဲ့ အပြုံးတွေ ထပ်တူကျသွားကာ ကြားလေသွေးလျှင် ဝေးမှာကြောက်သည့်အလား တင်းတင်းကျပ်ကျပ် ဖက်ထားမိကြလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com